မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂) အမှတ် (၁၈၆)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် ၂၀၁၃ ခုနှစ်၊ ဧပြီ ၄ ရက်၊ ကြာသပတေးနေ့။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

တိမ်အသင့်အတင့်

၄-၄-၂၀၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း အမေရိကန်သမ္မတဟောင်းနှင့် ဇနီးအား လက်ခံတွေ့ဆုံ နှစ်နိုင်ငံချစ်ကြည်မှုနှင့် ဆက်ဆံရေးတိုးမြှင့်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter နှင့် ဇနီး Mrs. Rosalynn Carter ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် အမေရိကန်သမ္မတဟောင်းနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်နေသော ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များ၊ ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည့် တစ်နိုင်ငံလုံး သန်းခေါင်စာရင်းကောက်ယူရေးကိစ္စရပ်များ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များ၊ ရခိုင်ဒေသအပါအဝင် ပဋိပက္ခဖြစ်ပွားခဲ့သောဒေသများမှ ဒုက္ခသည်များအတွက် အိုးအိမ်ပြန်လည်ထူထောင်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးမြှင့်တင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံချစ်ကြည်မှုနှင့် ဆက်ဆံရေးတိုးမြှင့်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဧည့်သည်တော် အမေရိကန်သမ္မတဟောင်းနှင့်ဇနီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့တို့အား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန် သမ္မတဟောင်း Mr. Jimmy Carter အား နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများရောင်းချမည့်အစီအစဉ်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တပ်ဆင်ထားသော မိုဘိုင်းဖုန်းများအား မိဘပြည်သူများအလွယ်တကူသုံးစွဲနိုင်ရေးအတွက် တန်ဖိုးနည်းမိုဘိုင်းဖုန်းများအဖြစ် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ရောင်းချသွားရန် စီစဉ်ဆောင်ရွက်ထားပါသည်။

၁။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် စတင်ရောင်းချပါမည်။

၂။ ရောင်းချမည့် ဈေးနှုန်းမှာ တယ်လီဖုန်းခေါ်ဆိုခ ၃၀၀ ကျပ် ကြိုတင်ထည့်သွင်းပြီး မိုဘိုင်းဖုန်း SIM Card တစ်ခုအတွက် ၁၅၀၀ ကျပ်နှုန်းဖြစ်ပါသည်။ လစဉ် မိုဘိုင်းဖုန်း ၃၅၀၀၀၀ ကို တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ခွဲဝေရောင်းချသွားပါမည်။

၃။ စတင်ရောင်းချမည့်မိုဘိုင်းဖုန်းအမျိုးအစားမှာ CDMA-800 MHz စနစ် မိုဘိုင်းဖုန်းများဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးသာမက နိုင်ငံရပ်ခြားကပါ ဆက်သွယ်ပြောဆိုနိုင်မည်ဖြစ်ပါသည်။ နောင်လများတွင် GSM (2 . 75 G), WCDMA (3G) မိုဘိုင်းဖုန်းများကို ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး ရောင်းချမည့်အစီအစဉ်ကို ထပ်မံကြေညာပါမည်။

၄။ CDMA-800 MHz စနစ် စက်ပစ္စည်းများတပ်ဆင်ထားခြင်းမရှိသေးသော တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် WCDMA (3G) ဖုန်းများကို နှုန်းထားတူ ၁၅၀၀ ကျပ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၅။ ပြည်သူများ၊ သက်သာသောနှုန်းထားဖြင့် အမှန်တကယ်အသုံးပြုနိုင်ရန် ရည်ရွယ်၍ ရောင်းချခြင်းဖြစ်ပါသဖြင့် ဖုန်းကတ်ဝယ်ယူထားသည့်နေ့မှစ၍ ၁၅ ရက်အတွင်း တယ်လီဖုန်း SIM Card တွင် မူလထည့်သွင်းပေးထားသည့် တယ်လီဖုန်းခေါ်ဆိုခ ၃၀၀ ကျပ် မကုန်မီ တယ်လီဖုန်းသုံးစွဲသူသည် အနည်းဆုံး ၅၀၀၀ ကျပ်တန် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ ဖုန်းကတ်အား အခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်း ရောင်းချခြင်းမှ ကာကွယ်ရန်အတွက် ၁၅ ရက်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် *စာမျက်နှာ ၈ ကော်လံ ၄* ❐

ယနေ့ မာတိကာ

ခေတ်အဆက်ဆက် မြန်မာလူမျိုးတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုင်းရင်းဆေးများဖြင့်လည်း ကျန်းမာအသက်ရှည် *ခေါင်းကြီး* စာ - ၂

ဟားမားစ် ခေါင်းဆောင် ပြန်လည်ရွေးချယ်ခံရ စာ - ၄

ဆားကို သာမန်ထက် ပိုမိုစားသုံးပါက နှလုံးရောဂါ ပိုမိုဖြစ်ပွားနိုင် စာ - ၅

၂၀၁၃ အစမ်းကောက်ယူခြင်းမှသည် ၂၀၁၄ အစိမ်ကြီးဆီသို့ *ဆောင်းပါး* စာ - ၆

ဘာစီလိုနာတို့ သရေပွဲဖြစ်ပြီး ဘိုင်ယန်မြူးနစ်တို့ နိုင်ပွဲရ စာ - ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ပြည်သူ့ကျန်းမာရေးနှင့် ရိုးရာတိုင်းရင်းဆေး

နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးသည် အဓိကကျသည့်အရင်း အနှီးတစ်ရပ်ဖြစ်သည်။ မြန်မာပြည်သူတို့သည် မိမိတို့၏ကျန်းမာရေးစောင့်ရှောက်မှုတွင် ခေတ်မီအနောက်တိုင်းဆေးပညာတစ်ခုတည်းကိုသာ အားကိုးပြုကြသည်မဟုတ်ဘဲ မိမိတို့ လူမျိုးအစဉ်အဆက် လက်ခံကျင့်သုံးလာခဲ့သော မြန်မာ့တိုင်းရင်းဆေးပညာကိုလည်း ယုံကြည်အားကိုးလျက်ရှိကြသည်။ မြန်မာ့တိုင်းရင်းဆေးပညာ၏ အခန်းကဏ္ဍသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုတွင် အရေးပါလျက်ရှိသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ရေမြေသဘာဝနှင့် လိုက်လျောကိုက်ညီမှုရှိပြီး ကမ္ဘာ့နိုင်ငံအသီးသီးက အခြားဆေးပညာများနှင့်မတူဘဲ တစ်မူထူးခြားလေးနက်မှုရှိသော မြန်မာ့မူပိုင်ဆေးပညာ ဖြစ်သည့်အပြင် အမျိုးသားရေးဂုဏ်ဒြပ်ဆေးပညာလည်းဖြစ်သည်။ ပြည်တွင်းတွင် ထွက်ရှိသည့် နွယ်မြက်သစ်ပင်၊ တိရစ္ဆာန်ထွက်၊ ရေထွက်၊ မြေထွက်သဘာဝပစ္စည်းများနှင့် ဖော်စပ်ထားသော တိုင်းရင်းဆေးဝါးများဖြင့် မြန်မာလူမျိုးတို့၏ ကျန်းမာရေးကို ခေတ်အဆက်ဆက် စောင့်ရှောက်ပေးခဲ့သည့်အတွက် ကျန်းမာအသက်ရှည်ခဲ့ကြခြင်းဖြစ်သည်။

အာရောဂျံ ပရမံ လာဘံ ဆိုသည့်အတိုင်း ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာခြင်းနှင့် ပြည့်စုံမှသာလျှင် ကာယ၊ဉာဏစွမ်းအားနှင့် နိုင်ငံတော်၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများတွင် ပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကျန်းမာကြံ့ခိုင်သော ပြည်သူများဖြစ်ရန် ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော တိုင်းရင်းဆေးသမားတော်ကြီးများသည်လည်း နိုင်ငံတော်၏အရေးပါသည့် ပညာရှင်အရင်းအမြစ်များဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာကို အနောက်တိုင်းဆေးပညာနှင့်ရင်ပေါင်တန်းလက်တွဲပြီး ကမ္ဘာက လက်ခံသုံးစွဲသည်အထိ ပြည့်စုံသော ဆေးပညာရပ်တစ်ခုဖြစ်ထွန်းလာစေရန် နိုင်ငံတော်ကလည်း ပံ့ပိုးအားပေးလျက်ရှိသည်။ နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးစီမံကိန်းတွင် မြန်မာ့တိုင်းရင်းဆေးပညာတိုးတက်ထွန်းကားပြန့်ပွားရန် မူဝါဒများနည်းလမ်းများ အစဉ်တစိုက်ချမှတ်ဖော်ဆောင်ပေးလျက်ရှိသည်။

ပြည်သူများအားကိုးသုံးစွဲနေကြသော မြန်မာ့တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးမှုကို လေ့လာကြည့်လျှင် တိုင်းရင်းဆေးဝါးဖော်စပ်ထုတ်လုပ်သူများအနေဖြင့် ဆေးဝါးအဖြစ်ဖော်စပ်မည့် ပရဆေး ကုန်ကြမ်းများသာမက ဖော်စပ်ပြီး တိုင်းရင်းဆေးဝါးများကို စံချိန်စံညွှန်းမီ မှတ်တမ်းတင်နိုင်ရေး ခေတ်မီစက်ကိရိယာများ ခေတ်မီနည်းပညာများနှင့် စနစ်တကျဆောင်ရွက်လျက်ရှိသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် ကမ္ဘာတည်သရွေ့ အစွန့်ရှည်နိုင်မြဲ ထွန်းကားနေစေရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို စံချိန်စံညွှန်း ပြည့်မီသော တိုင်းရင်းဆေးပညာရပ်ဖြစ်လာစေရန်၊ အမျိုးသားရေးအမွေအနှစ် မြန်မာ့တိုင်းရင်းဆေးပညာရပ် ကမ္ဘာ့မျက်နှာစာသို့တိုင် တိုးတက်ပြန့်ပွားစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ခေတ်အဆက်ဆက် မြန်မာလူမျိုးတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို တိုင်းရင်းဆေးများဖြင့်လည်း ကျန်းမာအသက်ရှည်ခဲ့ကြပါကြောင်း။

ပြည်တွင်းသတင်း

မတူကွဲပြားခြင်းများမှ အင်အားအဖြစ်ပြောင်းလဲဖန်တီး ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးစီးပွားဖော်ဆောင်

နေပြည်တော် ဧပြီ ၃

နှစ်ကာလရှည်ကြာစွာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်လာခဲ့ကြသည့် ပြည်သူများအကြား သဘာဝမကျစွာ ရုတ်ခြည်းဖြစ်ပေါ်လာသည့် အချင်းချင်း အကြမ်းဖက်တိုက်ခိုက်မှုများ၏ ရလဒ်မှာ ပြည်သူနှင့် နိုင်ငံအတွက် ဆိုးကျိုးများနှင့် အနုတ်လက္ခဏာများသာ ဖြစ်ပေါ်စေသဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်တတ်သည့် အလေ့အထကောင်းကို ပျိုးထောင်ကျင့်သုံးကြရန် အထူးအရေးကြီးကြောင်း၊ မတူကွဲပြားခြင်းများမှ အင်အားအဖြစ် ပြောင်းလဲဖန်တီး၍ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးစီးပွားကို ဖော်ဆောင်ရန် တိုက်တွန်းပါကြောင်းဖြင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဌေးက မတ် ၃၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ရှိ ပေါင်းတည်၊ ရွှေတောင်၊ ပြည်နှင့် ပန်းတောင်းမြို့နယ်များ၌ ပြည်သူလူထုနှင့် တွေ့ဆုံစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ဧပြီ ၂ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လှမင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ပေါင်းတည်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး စုဝေးခန်းမသို့ သွားရောက်ပြီး ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံပြည်သူများ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဤဒေသအတွင်း ပြည်သူလူထုအကျိုးစီးပွားပျက်စီးခဲ့ရသော ဆူပူအကြမ်းဖက်မှုများသည် သွေးထိုးလှုံ့ဆော်မှု၊ စည်းရုံးဟောပြောမှုနှင့် သတင်းမှား ထုတ်လွှင့်မှုတို့ကြောင့်သာ ဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ဥပဒေကို လေးစားလိုက်နာရန် လိုအပ်သကဲ့သို့ ဥပဒေကြောင်းအရ ဆောင်ရွက်ရသည့် အဖွဲ့အစည်းများက ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်မှုကိုလည်း ရိုးရိုးရှင်းရှင်းနားလည်ပေးရန် လိုအပ်ကြောင်း၊ ဥပဒေမဲ့ဖြစ်ရပ်များကို တရားဥပဒေနှင့်အညီ ကိုင်တွယ်ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ပြီး လွတ်လပ်စွာရောင်းဝယ်ဖောက်ကားနေထိုင်ရင်း ဥပဒေနှင့်အညီ နေထိုင်သွားရန် ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ရွှေတောင်၊ ပြည်နှင့် ပန်းတောင်းမြို့နယ်များသို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးညှိနှိုင်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၃၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့်အတူ ဇီးကုန်းမြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသတွင်းပဋိပက္ခများအပေါ် အမှန်တရားအတိုင်း ရှုမြင်သုံးသပ်ရေး၊ တာဝန်သိစိတ်ဖြင့် ဆင်ခြင်ဆုံးဖြတ်ပြီး ကောလာဟလများကို ပြည်သူလူထုအားဖြင့် ကာကွယ်ရေး၊ ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရရှိစေရန် ဥပဒေဘောင်အတွင်းမှ ပူးပေါင်းကူညီပေးရေးတို့ကို တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တောင်သူများအား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် စတင်ထုတ်ပေး

သန်လျင် ဧပြီ ၃

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သူဌေးကွင်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ အခမ်းအနားသို့ ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ သူဌေးကွင်းကျေးရွာအုပ်စုမှ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးခင်စိုးက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၏ ရည်ရွယ်ချက်နှင့် အခွင့်အရေးများကို ရှင်းလင်းပြောကြားပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တောင်သူတစ်ဦးချင်းထံသို့ ပေးအပ်သည်။ **(အပေါ်ပုံ)**

သန်လျင်မြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ရပ်ကွက်/ကျေးရွာအုပ်စု(၁/၂၈)ခု၊ တောင်သူပေါင်း ၉၀၆၂ ဦး၊ ဦးပိုင်/လုပ်ကွက်ပေါင်း ၁၅၅၆၆ ခုအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

ကြေးတိုင်နှင့် မြေစာရင်း

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများမပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများမပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသော ရေကစားမှုများမပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီးဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများ မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ➢ အမျိုးသား ယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ➢ သရုပ်ပျက် ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ➢ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

သစ်တော သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

UNIQUE STAR TRAVELS & TOURS

Promotion (၃)ဦး ဝယ်လျှင် + (၁)ဦး အခမဲ့

ရွှေလီ	Apr: 10,11,12,13	(350,000)			
တောင်ကြီး	Apr: 11,12,13,17	(205,000)			
ပုဂံ၊ ပုပ္ပါး၊ [illegible]	Apr: 13	(195,000)	ပုဂံ၊ရွှေစက်တော်	Apr: 11,13	(195,000)
မန္တလေး၊ [illegible] ပြင်ဦးလွင်	Apr: 12	(195,000)	ပုဂံ၊မန္တလေး	Apr: 11,13	(205,000)
[illegible]	Apr: 11,13	(215,000)	ပုဂံ၊တောင်ကြီး	Apr: 11,13	(265,000)
ချောင်းသာ Hotel Max	Apr: 10	(80,000)	မန္တလေး၊တောင်ကြီး	Apr: 11,13	(265,000)

(5),Ground Fl, Asia Plaza. Ph: 391 372, 391 373, 708 353, 705 723, 09 514 8079
70(A),Kabaraye Pagoda Rd. 09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန် သမ္မတဟောင်း Mr. Jimmy Carter နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် အမေရိကန်သမ္မတဟောင်းနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြပြီး တွေ့ဆုံပွဲအပြီးတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**



လက်ခံတွေ့ဆုံ **ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

မြန်မာနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံသစ်တောကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများဆွေးနွေး

နေပြည်တော် ဧပြီ ၃

အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် လူမှုရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများတွင် ဆင်တူမှုများ ရှိကြောင်း၊ အေဒီ ၁၄ ရာစုနှစ်တွင် ဟိန္ဒူလူမျိုးများသည် မြန်မာနိုင်ငံမှ ကျွန်းစေ့များကို ဂျာဗားသို့ယူဆောင်စိုက်ပျိုးခဲ့ကြသည်ကို မှတ်သားဖူးပါကြောင်း၊ ယခုအခါ မြန်မာ့ကျွန်းများသည် ဂျာဗား၌ သဘာဝကျွန်းကဲ့သို့ ဖြစ်နေပြီး နိုင်ငံတကာဈေးကွက်တွင် ဂျာဗားကျွန်းဟု သိရှိကြကြောင်း၊ မြန်မာနိုင်ငံ၏ ကြွယ်ဝများပြားသော ကျွန်း၊ သစ်မာမျိုးဗီဇနှင့် ရေခံမြေခံကောင်းများကို အင်ဒိုနီးရှားနိုင်ငံမှ ခေတ်မီနည်းပညာ၊ အရင်းအနှီးများနှင့် ပေါင်းစပ်လုပ်ကိုင်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်အကျိုးများမည် ဖြစ်ပါကြောင်း။

ယခုအခါ မြန်မာနိုင်ငံသည် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာဖြင့် ဒီမိုကရေစီလမ်းကြောင်းနှင့် ဈေးကွက်စီးပွားရေးစနစ်သို့ ဦးတည်နေပြီဖြစ်ကြောင်း၊ ပြောင်းလဲလာသည့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတို့နှင့်အညီ သက်ဆိုင်ရာမူဝါဒ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများအား လိုက်လျောညီထွေ သုံးသပ်ပြုပြင်ခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သစ်တောကဏ္ဍတွင် တစ်ချိန်က နိုင်ငံတော်ပိုင်အဖြစ် သတ်မှတ်ထားသော ကျွန်းသစ်ကို ၂၀၀၆ ခုနှစ်မှ စတင်၍ ပုဂ္ဂလိက ကျွန်းစိုက်ခင်းလုပ်ကိုင်ခွင့်ပြုလိုက်ပြီ ဖြစ်ကြောင်း၊ ယခုအခါ ပုဂ္ဂလိကကျွန်းစိုက်ခင်း ဟက်တာ ၂၀၀၀၀ ခန့် အောင်မြင်စွာ စိုက်ပျိုးထားပြီးဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို မကြာမီက ထုတ်ပြန်ပြီးဖြစ်၍ နိုင်ငံခြားကုမ္ပဏီများ မြန်မာနိုင်ငံ သစ်တောကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်များအား ဤအခွင့်အလမ်းတွင် ပါဝင်ကြရန်အားပေးတိုက်တွန်းပါကြောင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အင်ဒိုနီးရှားနိုင်ငံ သစ်တောရေးရာဝန်ကြီး Dr. Zulkifli Hasan နှင့်ယမန်နေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် အင်ဒိုနီးရှားနိုင်ငံ သစ်တောရေးရာဝန်ကြီး Dr. Zulkifli Hasan နှင့် နှစ်နိုင်ငံ ကိုယ်စားလှယ်များက သစ်တောကဏ္ဍတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် နယ်ပယ်နှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ အင်ဒိုနီးရှားနိုင်ငံ သစ်တောရေးရာဝန်ကြီး Dr. Zulkifli Hasan နှင့် နှစ်နိုင်ငံကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသတ္တုကဏ္ဍဖွံ့ဖြိုးရေး ဩစတြေးလျမှ ကူညီမည်

နေပြည်တော် ဧပြီ ၃

မြန်မာနိုင်ငံ၏ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ရေးဆွဲခြင်းလုပ်ငန်းများ၊ EITI အဖွဲ့ဝင်နိုင်ငံအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် မြန်မာနိုင်ငံ၏သတ္တုကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ဩစတြေးလျနိုင်ငံမှ ထိရောက်သော အကူအညီများပေးနိုင်ရေးအတွက် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Nadine Moules တို့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးအောင်ခင်စိုးအား အိန္ဒိယနိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ခင်စိုးအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ်ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ကျောက်မျက်ရတနာ အချောထည်ရောင်းဝယ်ရေးစင်တာ ပန္နက်တင်

နေပြည်တော် ဧပြီ ၃

ကျောက်မျက်ရတနာ အချောထည်ရောင်းဝယ်ရေးစင်တာ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် စက်မှုဇုန်၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း နှစ် (၉၀) ပြည့် မွေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၃

သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း နှစ်(၉၀) ပြည့်မွေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲနှင့် ပြပွဲများကို ဧပြီ ၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဖိုးစိန်လမ်းရှိ K-Restaurant ၌ ကျင်းပသွားမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် မြန်မာ့သမိုင်း သုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဒေါက်တာခင်လှဟန်၊ မြန်မာစာပါမောက္ခ(အငြိမ်းစား) ဒေါက်တာဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ)၊ သမိုင်းကထိက(အငြိမ်းစား)ဦးစိုင်းခမ်းပိုင်း၊ သမိုင်းပါမောက္ခဦးနီတွတ်၊ သမိုင်းကထိက(အငြိမ်းစား) ဦးအုံ့ကျော်၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်မြင့်၊ ရှေးဟောင်းသုတေသနပညာဌာနပါမောက္ခ ဒေါက်တာစံရွှေ၊ မြန်မာသမိုင်းအဖွဲ့အတွင်းရေးမှူး ဒေါက်တာကျော်ဝင်းနှင့် မြန်မာသမိုင်းသုတေသနအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှတို့က စာတမ်းများကိုဖတ်ကြားသွားမည်ဖြစ်သည်။

ရောင်းချပေးသွားမည်

စာတမ်းဖတ်ပွဲသို့ သမိုင်းလေ့လာသူများ၊ သမိုင်းစိတ်ဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်ကြပြီး ပြပွဲတွင် သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

ပါလီမန်ကို ဝန်ကြီးချုပ်ဖျက်သိမ်း

ကွာလာလမ်ပူ ဧပြီ ၃

မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က အထွေထွေရွေးကောက်ပွဲ မတိုင်မီ ပါလီမန်ကို ဖျက်သိမ်းလိုက်သည်။

နှစ်ပေါင်း ၅၀ ကျော်ကြာ အာဏာရရှိထားသည့် အမျိုးသားတပ်ဦး ညွန့်ပေါင်းအဖွဲ့မှ မစ္စတာနာဂျစ်က ရုပ်မြင်သံကြားမှတစ်ဆင့် အထက်ပါအတိုင်း ကြေညာခဲ့ခြင်းဖြစ်သည်။ မစ္စတာနာဂျစ်သည် အတိုက်အခံခေါင်းဆောင် အင်ဝါ အီဗရာဟင်ကို ရင်ဆိုင်ရမည်ဖြစ်သည်။

မလေးရှားရွေးကောက်ပွဲတာဝန်ရှိသူများသည် ရွေးကောက်ပွဲရက် သတ်မှတ်ရန် မကြာမီရက်များအတွင်း တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ အများစုက ဧပြီလနှောင်းပိုင်း၌ ကျင်းပသွားရန် မျှော်လင့်ထားကြသည်။ မလေးရှားဘုရင်က ဧပြီ ၃ ရက်တွင် ပါလီမန်ဖျက်သိမ်းမှုကို လက်ခံခဲ့ကြောင်း မစ္စတာနာဂျစ်က မိန့်ခွန်းတွင်ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

ဟားမားစ်ခေါင်းဆောင် ပြန်လည်ရွေးချယ်ခံရ

ကိုင်ရို ဧပြီ ၃

ပါလက်စတိုင်း ခုခံလှုပ်ရှားရေးအဖွဲ့ ဟားမားစ်က ခါလက်မက်ရှာအယ် **(အောက်ပုံ)**အား သက်တမ်းသစ်နိုင်ငံရေးဗျူရို အကြီးအကဲအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်လိုက်သည်။ ဟားမားစ်ပါတီ ဆူရာကောင်စီက မက်ရှာအယ်အား နောက်ထပ်လေးနှစ်အတွက် နိုင်ငံရေးခေါင်းဆောင်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်လိုက်သည်။ ၎င်းအား အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ အစည်းအဝေးတစ်ရပ် ကျင်းပစဉ် ဟားမားစ်ခေါင်းဆောင်များက နိုင်ငံရေးခေါင်းဆောင်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

စက်မှုဇုန်အတွင်းဝင်ရောက်မှု ပိတ်ဆို့ခံထားရသည့် တောင်ကိုရီးယားအလုပ်သမားများအား တွေ့ရစဉ်။

ကီဆောင်စက်မှုဇုန်မှ တောင်ကိုရီးယားအလုပ်သမားများအား မြောက်ကိုရီးယားနိုင်ငံက ပိတ်ဆို့ထား

ဆိုးလ် ဧပြီ ၃

တင်းမာမှုများပိုမိုအရှိန်မြှင့်ရန်လုပ်ဆောင်မှုအနေဖြင့် မြောက်ကိုရီးယားက နှစ်နိုင်ငံပူးပေါင်းစက်မှုဇုန်အတွင်းသို့ တောင်ကိုရီးယားအလုပ်သမားများဝင်ရောက်မှုကို တားဆီးပိတ်ဆို့လျက်ရှိကြောင်း ဧပြီ ၃ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါအလုပ်သမားများကို နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်သည့် ကီဆောင်စက်မှုဇုန်အဝန်းအတွင်းမှ ထွက်ခွာခွင့်ပြုထားကြောင်း၊ သို့သော်လည်း တောင်ကိုရီးယားမှအလုပ်သမားများကို ယင်းစက်မှုဇုန်အတွင်း ဖြတ်သန်းခွင့်မပြုကြောင်း တောင်ကိုရီးယား ပေါင်းစည်းရေးဝန်ကြီးဌာနက အတည်ပြုပေးခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအတွက် ငွေရရှိအောင်လုပ်ဆောင်ပေးနေသည့် ကီဆောင်စက်မှုဇုန်သည် ကိုရီးယားနိုင်ငံ အချင်းချင်းဆက်ဆံရေးကို အဓိကမြှင့်တင်ပေးမှုတစ်ရပ်အနေဖြင့် ရှုမြင်ရသည်။

မြောက်ကိုရီးယား၏ မကြာသေးမီက ခြိမ်းခြောက်မှုများကို လက်မခံနိုင်ဟု အမေရိကန်က ပြောကြားခဲ့ပြီးနောက် အဆိုပါထုတ်ပြန်ချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

စက်မှုဇုန်အတွင်း စက်ရုံပေါင်း ၁၀၀ ကျော်ရှိသည်။ အဆိုပါနေရာတွင် မြောက်ကိုရီးယားနိုင်ငံသား ၅၀၀၀၀ ကျော်အလုပ်လုပ်နေပြီး ယင်းစက်မှုဇုန်ကို ဖြတ်သန်းရန် နေ့စဉ်နှင့်အမျှ ခွင့်ပြုချက်တောင်းခံနေသူ တောင်ကိုရီးယားမန်နေဂျာပေါင်း ရာနှင့်ချီ ရှိနေကြသည်။ **(ဘီဘီစီ)**

အကျဉ်းသားခြောက်ဦး ဆူဒန်ပြန်လွှတ်ပေး

ခါတွန် ဧပြီ ၃

ထိန်းသိမ်းထားသော နိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လည်လွှတ်ပေးရန် သမ္မတအိုမာ အယ်ဘာရှာက အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် ဆူဒန်နိုင်ငံရေးအကျဉ်းသား ခြောက်ဦးကို ပြန်လည်လွှတ်ပေးခဲ့ကြောင်း ဧပြီ ၃ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါနိုင်ငံရေး အကျဉ်းသားများကို ဧပြီ ၃ ရက်က လွှတ်ပေးခဲ့သည်။ လွတ်မြောက်ခဲ့သူအများစုမှာ ယူဂန္ဓာနိုင်ငံတွင် ဆွေးနွေးပွဲတစ်ရပ် ကျင်းပမှုနှင့်ပတ်သက်ပြီး ခါတွန်မြို့ ကိုဘာအကျဉ်းထောင်၌ နှစ်လကျော်ကြာ အကျဉ်းချခံထားရသူများဖြစ်သည်ဟု ယုံကြည်ရကြောင်း သတင်းတွင် ဖော်ပြသည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင် စုစည်းသည်

အီဂျစ်ကျောင်းသားကျောင်းသူ ၅၀၀ ကျော် အစာအဆိပ်သင့်

ကိုင်ရို ဧပြီ ၃

အီဂျစ်နိုင်ငံ အယ်လ်အက်ဇာ တက္ကသိုလ်မှ အီဂျစ်ကျောင်းသားကျောင်းသူ ၅၆၁ ဦးတို့သည် ဧပြီ ၁ ရက်က အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ကြောင်း၊ သို့သော် သေဆုံးမှုများ မရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိသူ ဟာဟိုင်းမောက်ဆာက ဧပြီ ၂ ရက်တွင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အက်ဇာတက္ကသိုလ်ကျောင်းသားကျောင်းသူများအနက် အစာအဆိပ်သင့်မှုဖြစ်ပွားသူ အရေအတွက်သည် ဧပြီ ၁ ရက်ညကတည်းကစပြီး ၅၆၁ ဦးရှိကြောင်း မောက်ဆာက ပြောကြားသည်။

အဆိုပါအစာအဆိပ်သင့်မှုသည် အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရိုအရှေ့ဘက် နက်စ်စီးတီးရှိ အယ်လ်အက်ဇာတက္ကသိုလ်ကျောင်းအတွင်း၌ ဖြစ်ပွားခဲ့ပြီး ယင်းတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများသည် ၎င်းတို့ စားသောက်နေကျဖြစ်သည့် ထမင်းဆိုင်မှ နေ့လယ်စာများ စားသောက်ပြီးနောက် ထိုသို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

တရုတ်နိုင်ငံ၌လေထုညစ်ညမ်းမှုကြောင့် သေဆုံးရသူတစ်သန်းကျော်ရှိ

ပေကျင်း ဧပြီ ၃

တရုတ်နိုင်ငံတွင် ၂၀၁၀ ခုနှစ်အတွင်း လေထုညစ်ညမ်းမှုကြောင့်သေဆုံးခဲ့သူဦးရေမှာ ၁ ဒသမ ၂ သန်းကျော် ထက်မနည်းရှိခဲ့သည်ဟု ဆန်းစစ်လေ့လာမှုတစ်ခုက ဖော်ပြထားသည်။

အဆိုပါလေ့လာမှုအား ဝါရှင်တန်တက္ကသိုလ်မှ လေ့လာသုတေသနပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးသက်ရောက်မှု သက်မွေးကျောင်းများမှလည်း သုတေသနပြုခဲ့ရာ ၂၀၁၀ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ လေထုညစ်ညမ်းမှုကြောင့် သေဆုံးခဲ့ရသူ ၃ ဒသမ ၂ သန်းရှိခဲ့သည်ဟု ဆိုသည်။

အဆိုပါ လေ့လာမှုတွင်ပါဝင်သူ သုတေသီများက တရုတ်နှင့်အိန္ဒိယအပါအဝင် အထင်ကရနိုင်ငံများအတွက် ကိုမူ ပို၍တိတိကျကျလေ့လာမှုများပြုခဲ့သည်ဟု ကျန်းမာရေးသက်ရောက်မှု သက်မွေးကျောင်းမှ ဒုတိယဥက္ကဋ္ဌ ရောဘတ်အိုကီဖီက ဆိုသည်။ "ကျွန်တော်တို့ အိန္ဒိယနဲ့ တရုတ်တို့ အဓိကဖြစ်ပျက်နေတဲ့ နေရာတော်တော်များများကို လှည့်လည်သွားခဲ့တာပါ။ ပြီးတော့ အဲဒီဒေသတွေမှာဖြစ်ပေါ်နေတဲ့ အချက်အလက်တွေကို သူတို့ရဲ့ နိုင်ငံရေးခေါင်းဆောင်တွေနဲ့ တွေ့ဆုံပြောကြားခဲ့ပါတယ်" ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

တောင်အာရှဒေသတွင် လေထုညစ်ညမ်းမှုသည် အဆင့်ခြောက်နေရာရှိ လူသတ်သမားဖြစ်နေသည်ဟု လေ့လာမှုက ဆိုထားသည်။ အိန္ဒိယနိုင်ငံတွင် လေထုညစ်ညမ်းမှုကြောင့် သေဆုံးခဲ့သူ အနည်းဆုံး ၆၂၀၀၀၀ ရှိသည်ဟု ဆိုထားသည်။

(ပရက်စ်တီဗွီ)

စစ်ပြီးခေတ် မာလီနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး

မြင့်မြတ်အောင်သူရိန်
ရေးသားသည်

မာလီနိုင်ငံမြောက်ပိုင်းမှ အစွန်းရောက် တိုက်ခိုက်ရေးသမားများကို နှိမ်နင်းတိုက်ခိုက်ရန် ပြင်သစ်နိုင်ငံက ပြင်သစ်တပ်ဖွဲ့ဝင်များကို စေလွှတ်အပြီး နှစ်လအကြာတွင် မာလီနိုင်ငံ စစ်ပြီးကာလ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းသည့်ဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံပြုလုပ်သည်။ အစွန်းရောက် တိုက်ခိုက်ရေးသမားများက မာလီအရပ်သူ အရပ်သားများကို နောက်ထပ်ဒုက္ခမပေးနိုင်အောင် မည်သို့ဆောင်ရွက်ရမည်ကို ပြင်သစ်နိုင်ငံ လိုင်ဟိုမြို့၌ မာလီတာဝန်ရှိသူများနှင့်ပြင်သစ်အရာရှိများ ဆွေးနွေးကြခြင်းဖြစ်သည်။

မာလီနိုင်ငံမှ ပြင်သစ်တပ်များ ရုပ်သိမ်းရန်ပြင်ဆင်နေစဉ် ပြင်သစ်နိုင်ငံက မာလီပြည်သူတို့၏ လူနေမှုအဆင့်အတန်းမြင့်မားရေးကို မိမိတို့၏ ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သဘောထားကြောင်း ပြောဆိုကြသည်။ အယ်လ်ခိုင်ဒါအဖွဲ့ (အာကင်မ်)နှင့် ဆက်သွယ်သည့် စစ်သွေးကြွများက မာလီနိုင်ငံမြို့တော် ဘာမာကိုသို့ ချီတက်သိမ်းပိုက်ရန် ခြိမ်းခြောက်လာသည်ဆိုကာ ပြင်သစ်နိုင်ငံက မာလီအရေးတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။

မာလီနိုင်ငံတွင် ၂၀၁၂ ခုနှစ် မတ်လအတွင်းက စစ်တပ်အာဏာသိမ်းပိုက်ပြီးနောက် စစ်သွေးကြွများက ဂါအို၊ ကီဒါလ်နှင့် တင်ဘတ်တူမြို့များအပါအဝင် မြို့ကြီးများကို သိမ်းယူပြီး တင်းကျပ်သော ဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးလာသည်။ မာလီနိုင်ငံအတွင်းသို့ ပြင်သစ်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက မာလီ၊ ချက်နှင့်အခြားသော အာဖရိကနိုင်ငံများမှ တပ်ဖွဲ့ဝင်များ၏ အကူအညီဖြင့် နယ်မြေအများအပြားကို စစ်သွေးကြွများထံမှ ပြန်လည် တိုက်ခိုက်သိမ်းယူနိုင်ခဲ့သည်။ သို့သော် မာလီနိုင်ငံမြောက်ပိုင်းရှိ တောတောင်ထူထပ်သည့် ဒေသများတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

မာလီနိုင်ငံ၏ အဖွဲ့အစည်းလုပ်ငန်းအားလုံး အဆင်ပြေချောမွေ့ရေးကို ပြင်သစ်က အကူအညီပေးရန် စိတ်အားထက်သန်လျက်ရှိသည်။ ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ပါစကယ်ကန်ဖီ၏ ပြောပြချက်အရ ပြင်သစ်အစိုးရက မာလီဒေသခံပြည်သူတို့၏ လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ရေနှင့် မိလ္လာစနစ်ကောင်းမွန်ရေး စသည့်စီမံကိန်းများ ပြန်စရန် ဦးစားပေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထိုအတောအတွင်း မာလီနိုင်ငံ၌ ၂၀၁၁ ခုနှစ်က ဖမ်းဆီးပြန်ပေးဆွဲထားသည့် ပြင်သစ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကို သတ်ပစ်လိုက်ကြောင်း အယ်လ်ခိုင်ဒါအဖွဲ့ (အာကင်မ်)က ကြေညာသည်။

မာလီပြည်တွင်းရေးကို ပြင်သစ်က ဝင်ရောက်စွက်ဖက်သည်ကို လက်တုံ့ပြန်သည့်အနေဖြင့် အဆိုပါ ပြင်သစ်စီးပွားရေးလုပ်ငန်းရှင် ဖိလစ်ဗာဒိုးကို မတ် ၁၀ ရက်က ကွပ်မျက်ပစ်လိုက်ခြင်းဖြစ်ကြောင်း မော်ရီတေးနီးယားနိုင်ငံ အေအင်န်အိုင်သတင်းဌာနသို့ အာကင်မ်က သတင်းပေးလိုက်သည်။ မစ္စတာဗာဒိုးနှင့် အခြားသော ပြင်သစ်နိုင်ငံသားတစ်ဦးကို မာလီနိုင်ငံ ဟွမ်ဘိုရီမြို့မှ ၂၀၁၁ ခုနှစ်တွင် စစ်သွေးကြွများက ဖမ်းဆီးသွားခြင်းဖြစ်သည်။

အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်သည့် စစ်သွေးကြွများက မာလီနိုင်ငံမြို့တော် ဘာမာကိုသို့ ချီတက်သိမ်းပိုက်ရန် ခြိမ်းခြောက်လာသည်ဆိုကာ ပြင်သစ်နိုင်ငံက မာလီနိုင်ငံသို့ ပြင်သစ်တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့သည်။

ပြင်သစ်နိုင်ငံသား ဖိလစ်ဗာဒိုးနှင့် ဆာဂျီလာဇာရက်ဗီတို့နှစ်ဦးသည် လုပ်ငန်းကိစ္စဖြင့် မာလီနိုင်ငံသို့ သွားရောက်စဉ် ၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်းက ၎င်းတို့တည်းခိုရာ ဟိုတယ်မှ ပြန်ပေးဆွဲသူများက ဖမ်းဆီးခေါ်ဆောင်သွားသည်ဟူသော နေ့ချောက်သတင်းဌာန၏ သတင်းမှန်၊ မမှန် အတည်ပြုရန် စုံစမ်းလျက်ရှိကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ မကြာမီက ထုတ်ပြန်ကြေညာသည်။

ပြင်သစ်နိုင်ငံသားနှစ်ဦး ပြန်ပေးဆွဲမှုတွင် နောက်ကွယ်မှ မိမိတို့ပါဝင်ကြောင်း အာကင်မ်က ထုတ်ဖော်ကြေညာလိုက်ပြီး ဖမ်းဆီးထားသူနှစ်ဦး၏ ဓာတ်ပုံကိုပါ ဖော်ပြကြေညာသည်။ မစ္စတာဗာဒိုးအပြင် အာဖရိကတိုက်၌ စစ်သွေးကြွအုပ်စုများက ဖမ်းဆီးထားသည့် ပြင်သစ်နိုင်ငံသား စုစုပေါင်း ၁၄ ဦးရှိသည်။ ၎င်းတို့အနက် ခြောက်ဦးသည် မာလီနိုင်ငံ၌ ဖမ်းဆီး ပြန်ပေးဆွဲခံကြရခြင်းဖြစ်သည်။ လေးဦးသည် နိုင်ဂျာနိုင်ငံမြောက်ပိုင်းယူရေနီယံ သတ္တုမိုင်း၌ အလုပ်လုပ်နေစဉ် ၂၀၁၀ ပြည့်နှစ်တွင် အာကင်မ်က ဖမ်းဆီးပြန်ပေးဆွဲသွားခြင်းဖြစ်၏။

မာလီနိုင်ငံ၌ ထောင်ပေါင်းများစွာသော မာလီ၊ ချက်နှင့် အခြားသော အာဖရိကနိုင်ငံများမှ တပ်ဖွဲ့ဝင်များဘက်က ကူညီတိုက်ခိုက်ပေးနေသည့် ပြင်သစ်တပ်ဖွဲ့ဝင်ပေါင်း လောလောဆယ်တွင် ၄၀၀၀ ခန့်ရှိသည်။ အင်အား ၄၀၀၀ ရှိပြင်သစ်တပ်ဖွဲ့ဝင်များကို ဧပြီလတွင် မာလီနိုင်ငံမှ ပြင်သစ်နိုင်ငံက ရုပ်သိမ်းလိုသည်။

စစ်သွေးကြွများထံမှ နယ်မြေများကို ပြန်လည်သိမ်းပိုက်နိုင်ပြီဆိုသော်လည်း မာလီနိုင်ငံမြောက်ပိုင်း ကန္တာရတောင်ကုန်းဒေသများတွင် တိုက်ပွဲသေနတ်သံများက မရပ်စဲနိုင်သေးပေ။ ပြင်သစ်နိုင်ငံက မာလီမှ ၎င်း၏တပ်ဖွဲ့ဝင်များကို ဧပြီလတွင် ပြန်လည်ရုပ်သိမ်းရန် စီစဉ်လျက်ရှိသည့်အတွက် ဇူလိုင်လတွင် ကျင်းပမည့် မာလီနိုင်ငံ ရွေးကောက်ပွဲကြိုကာလတွင် ပြင်သစ်တပ်များဘက်က လုံခြုံရေးတာဝန် လွှဲပြောင်းရယူရန်အတွက် အနောက်အာဖရိက သုံးလေးနိုင်ငံမှ တပ်ဖွဲ့ဝင်များကို မာလီနိုင်ငံ၌ ဖြန့်ကြက်လျက်ရှိကြောင်း သတိပြုမိသည်။

ဟောလိဝုဒ်မင်းသမီးလင်ဆေးလိုဟန် မီဒီယာရန်မှရှောင်တိမ်းရန် ဩစတြေးလျသို့သွားရန်စီစဉ်



ထွေလီကာလီ အရှုပ်အရှင်းများစွာဖြင့် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး လင်ဆေးလိုဟန်သည် ပြန်လည်ထူထောင်ရေးစခန်းတွင် နေထိုင်ရန် ပြစ်ဒဏ်ချမှတ်ခံထားရသည်။

အမိန့်ချမှတ်ခံခဲ့ရ

ယင်းပြစ်ဒဏ်မကျခံရမီ မီဒီယာများ၏ အနှောင့်အယှက်ကို ရှောင်ရှားရန်နှင့် ရုပ်သံထုတ်လွှင့်ခြင်းများမှ ငွေကြေးအချို့ရရှိနိုင်ရန် ဩစတြေးလျသို့ သွားရောက်ရန် စိုင်းပြင်းနေကြောင်း သတင်းရင်းမြစ်တစ်ရပ်က ဆိုသည်။

ပြီးခဲ့သည့်နွေရာသီက မင်းသမီး လင်ဆေးလိုဟန်သည် ကားတိုက်မှုဖြစ်ခဲ့သည်။ ထိုဖြစ်မှု၌ ရဲကိုလိမ်လည်ထွက်ဆိုခဲ့သော်လည်း အဖြစ်မှန်ပေါ်ပြီး ပြန်လည်ထူထောင်ရေးစခန်းတွင် ရက်ပေါင်း ၉၀ နေထိုင်ရန် ပြစ်ဒဏ်အမိန့်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

"လိုဟန်က မီဒီယာများကို ခပ်ဖယ်ဖယ် ရှောင်ချင်နေပါတယ်။ သီတင်းပတ် အနည်းငယ်အတွင်းမှာ ဆစ်ဒနီကိုသွားဖို့ စီစဉ်နေတယ်။ အဲဒီမှာ ရုပ်သံထုတ်လွှင့်မှုများရိုက်ကူးပြီး ဝင်ငွေဝင်လမ်းရအောင် ကြံစည်ထားတယ်" ဟု အတွင်းသတင်းရင်းမြစ်၏ ပြောကြားချက်ကို Female-first.co.uk က ကိုးကားဖော်ပြသည်။

နိုင်ငံတကာသတင်း

အစ္စရေးက ဂါဇာကိုဗုံးကြဲ

အစ္စရေးက ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ရှစ်ရက်ကြာစစ်ပွဲ ပြီးဆုံးပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ဂါဇာကမ်းမြောင်ဒေသကို တိုက်ခိုက်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၃ ရက်တွင် ဘီဘီစီက ပြောကြားသည်။ အစ္စရေးတိုက်လေယာဉ်က ဂါဇာနယ်စပ်အနီး ကွင်းပြင်များကို ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း၊ ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း ဂါဇာအစ္စလာမ့်စ်လှုပ်ရှားမှုအဖွဲ့ ဟားမက်စ်က ပြောသည်။ ယင်းလေကြောင်း တိုက်ခိုက်မှုသည် ပါလက်စတိုင်း ဒုံးကျည်တစ်လုံး အစ္စရေးပိုင်နယ်အတွင်း ဧပြီ ၂ ရက်ကကျရောက်ခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက်နေရာများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးစစ်တပ်က အတည်ပြုပြောကြားသည်။

ဆားဘီးယား-ကိုဆိုဗိုဆွေးနွေးပွဲ သဘောတူညီမှုမရဘဲပျက်ပြယ်

ဆားဘီးယားနှင့် ကိုဆိုဗိုအကြား အီးယူကြားဝင်ဖျန်ဖြေပေးသည့် ဆွေးနွေးပွဲသည် သဘောတူညီချက်မရဘဲ ပျက်သွားသည်။ ကိုဆိုဗိုဝန်ကြီးချုပ် ဟာရှင်းတာစိုင်းနှင့် သဘောတူညီချက်မရဘဲ ဆွေးနွေးပွဲပျက်သွားကြောင်း ဆားဘီးယားဝန်ကြီးချုပ် အီဗစ်ကာဒါစစ်က ပြောကြားသည်။

ဆားဘီးယားက ကိုဆိုဗိုမြောက်ပိုင်းကို စိုးမိုးထားမှုအပေါ် ဖြေရှင်းရန် ဘရပ်ဆဲလ်၌ ဆွေးနွေးခဲ့ကြောင်း အီးယူတာဝန်ရှိသူတစ်ဦးက ပြောသည်။ ကိုဆိုဗိုက ၂၀၀၈ ခုနှစ်တွင် လွတ်လပ်ရေးကြေညာခဲ့သည်။ နိုင်ငံအများစုကလည်း လွတ်လပ်ပြီးနိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့သည်။ သို့သော်လည်း ဆားဘီးယားက အသိအမှတ်မပြုဘဲရှိသည်။

လာမည့်နှစ် အာဖဂန်သမ္မတရွေးပွဲ တာလီဘန်ခေါင်းဆောင် ပါဝင်ယှဉ်ပြိုင်မည်

တာလီဘန်ခေါင်းဆောင် မူလာမိုဟာမက်အိုမာသည် လာမည့် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ပြောကြားသည်။

အာဖဂန်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ အာဖဂန်အားလုံးနှင့် တာလီဘန်တို့ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ကာဇိုင်းက ပြောသည်။ ၂၀၀၁ခုနှစ် တာလီဘန်တို့ကျဆုံးပြီးနောက် တတိယအကြိမ် သမ္မတရွေးကောက်ပွဲကို လာမည့်နှစ် ဧပြီလတွင် ကျင်းပသွားရန် စီစဉ်ထားသည်။ လောလောဆယ် တာလီဘန်တို့အနေဖြင့် အာဖဂန်နှင့်နေတိုးတပ်များကို တိုက်ခိုက်နေဆဲဖြစ်သည်။ လာမည့်နှစ်ကုန်ပိုင်းတွင် နေတိုးတပ်ဖွဲ့ဝင် ၁၀၀၀၀၀ ခန့်မှာလည်း အာဖဂန်မှထွက်ခွာကြမည်ဖြစ်သည်။

မြင့်မောင်စိုး - စုစည်းသည်

ဆားကို သာမန်ထက် ပိုမိုစားသုံးပါက နှလုံးရောဂါပိုမိုဖြစ်ပွားနိုင်

ဆားကို ပိုမိုစားသုံးခြင်းကြောင့် နှလုံးရောဂါ ပိုမိုဖြစ်ပွားနိုင်ကြောင်း ကမ္ဘာတစ်ဝန်းတွင် ဆားပိုမိုစားသုံးခြင်းအကျိုးဆက်ကြောင့် နှလုံးရောဂါ တိုက်ခိုက်ခံရပြီး သေဆုံးသူ ၂ ဒသမ ၃ သန်းခန့်ရှိနေကြောင်း အမေရိကန် နှလုံးကျန်းမာရေးအဖွဲ့က ထုတ်ပြန်သောအစီရင်ခံစာ၌ ဖော်ပြထားသည်။

ဆားကို သာမန်ထက်ပိုမိုစားသုံးခြင်းဖြင့် နှလုံးရောဂါအပြင် သွေးတိုးနှင့် လေဖြတ်ခြင်းဝေဒနာများ ခံစားကြရကြောင်း ၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ နိုင်ငံနှင့် ဒေသပေါင်းများစွာတွင် သုတေသနပေါင်း ၂၄၇ ကြိမ်ပြုလုပ်ခဲ့ရာမှ အထက်ပါအတိုင်း တွေ့ရှိရခြင်းဖြစ်သည်။

ခန္ဓာကိုယ်အတွင်း ဆားမှ ဆိုဒီယမ်ဓာတ်များစွာရောက်ရှိပါက သွေးလှည့်ပတ်မှုစနစ်ကို ထိခိုက်စေပြီး သွေးပေါင်ချိန်မြင့်တက်ကာ နှလုံးသို့ သွေးစီးဆင်းမှုကို ဆိုးရွားသော အကျိုးသက်ရောက်မှု ဖြစ်ပေါ်စေကြောင်း လေဖြတ်ခံရခြင်းဝေဒနာများ ခံစားကြုံတွေ့ရနိုင်ကြောင်း သုတေသနပြုချက်၌ ဖော်ပြထားသည်။

ဆားအလွန်အကျွံစားသုံးမှုကြောင့် သေဆုံးသူများတွင် အမျိုးသား ၆၀ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၄၀ ရာခိုင်နှုန်းရှိသည်။ အများအားဖြင့် လူငယ်များနှင့် အသက်အရွယ်ကြီးရင့်သူများသည် သေဆုံးမှုများပြားကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။ **(ဆင်ဟွာ)**

မောင်သံဆင့် - ရေးသားသည်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

၂၀၁၃ အစမ်းကောက်ယူခြင်းမှသည် ၂၀၁၄ အစီအစဉ်ကြီးဆီသို့

မောင်မုဒိတာ

မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် ၁၉၈၃ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၃၀ ကြာ ဆောင်ရွက်နိုင်ခြင်းမရှိသည့် **ပြည်လုံးကျွတ်အဆင့်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် လာမည့်နှစ်တွင် ဆောင်ရွက်နိုင်တော့မည်။** နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ကြီးတစ်ခုဖြစ်သည်နှင့်အညီ ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ပြီး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်ကလည်း ကြီးမားလှသည်။ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် တိကျမှန်ကန်သည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိစေရန်ဖြစ်သည်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ကမ္ဘာ့နိုင်ငံအသီးသီးက မဖြစ်မနေဆောင်ရွက်ကြသည်။ ယင်းလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားကျယ်ပြန့်မှု၊ ငွေကုန်ကြေးကျများမှု၊ ပြည်သူတစ်ရပ်လုံးပါဝင်မှသာ အောင်မြင်နိုင်ခြေရှိမှုတို့ကြောင့် နှစ်အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်သည့်လုပ်ငန်းဖြစ်သည်။ ဖွံ့ဖြိုးသည့်နိုင်ငံ၊ ချမ်းသာသည့်နိုင်ငံများပင်လျှင် ၁၀ နှစ်လျှင်တစ်ကြိမ်သာ၊ အလွန်ဆုံးလုပ်နိုင်မှ ငါးနှစ်လျှင် တစ်ကြိမ်သာဆောင်ရွက်နိုင်ကြောင်း လေ့လာသိရှိရသည်။ ဥပမာ-စင်ကာပူနိုင်ငံသည်ပင် ငါးနှစ်တစ်ကြိမ်၊ အိမ်နီးချင်း ထိုင်းနှင့်အိန္ဒိယနိုင်ငံတို့တွင် ၁၀ နှစ်လျှင် တစ်ကြိမ်သာကောက်ယူနိုင်ကြသည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းတော်တော်ကြာကြာဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ယခု ဆောင်ရွက်ရန်တာစူလိုက်သည်နှင့် လုပ်ငန်းအခက်အခဲများ၊ ပြဿနာများက အစီအရီ။ နှစ်ပေါင်း ၃၀ ကြာမဆောင်ရွက်နိုင်ခဲ့သဖြင့် အတွေ့အကြုံနည်းပါးသည်နှင့်အမျှ လေ့လာမှတ်သားကြိုတင်ပြင်ဆင်စရာ၊ လိုက်နာကျင့်သုံးစရာ၊ နည်းနိဿယနာယူစရာများက မကုန်နိုင်မခန်းနိုင်။ ကုလသမဂ္ဂကပါ အသိအမှတ်ပြု ပံ့ပိုးကူညီမည်ဟု ကတိကဝတ်ပြုမှုများကြောင့် မိမိနိုင်ငံ၏ အတတ်ပညာရှင်များသာမက နိုင်ငံတကာပညာရှင်များပါ ပူးပေါင်းပါဝင်လာကြသည်။ လုပ်ငန်းဆောင်ရွက်သမျှ နိုင်ငံတကာစံချိန်စံညွှန်းပြည့်မီစေရန်လည်း အထူးလိုအပ်သည်။

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် အိမ်ထောင်စုအတွင်းရှိသူများအကြောင်း၊ ၎င်းတို့နေထိုင်မှုနှင့်ပိုင်ဆိုင်မှု၊ ၎င်းတို့၏ လူမှုဘဝဆိုင်ရာအကြောင်းအရာများ အသေးစိတ်မေးမြန်းကောက်ယူခြင်းဖြစ်ရာ စာရင်းကောက်များ၏ ယင်းသို့မေးမြန်းချက်များအပေါ် မှန်မှန်ကန်ကန်ဖြေကြားရန် ပြည်သူတိုင်းတွင် တာဝန်ရှိသည်။ ယင်းမေးမြန်းချက်များသည် အခွန်ကောက်ရန်နှင့်လည်းမဆိုင်၊ တရားဝင်ခြင်း/မဝင်ခြင်းနှင့်လည်းမဆိုင်၊ အမှုအခင်းများနှင့်လည်းမဆိုင်၊ ကိုယ်တိုင်ဖြေကြားချက်များကို အမည်နာမ၊ အရေအတွက်၊ အမျိုးအစားအတိုင်း ရေးသွင်းမည်ဖြစ်သော်လည်း လူသန်းပေါင်း ၆၀ ၏အချက်အလက်များကိုခေတ်မီနည်းပညာစက်ကိရိယာများ အသုံးပြု၍ အမျိုးအစား၊ အရေအတွက်သာ မှတ်တမ်းရေးသွင်းမည်ဖြစ်သည်။ သန်းခေါင်စာရင်းသည် အများပြည်သူ နားလည်သိရှိထားသည့် အိမ်ထောင်စုစာရင်းနှင့်လည်းမဆိုင်၊ မှတ်ပုံတင်ဟုခေါ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆိုသည်နှင့်လည်း မဆိုင်၊ အိမ်ထောင်စုစာရင်း (လဝကပုံစံ-၆၆/၆)မရှိလျှင်သော်လည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားဆိုသည့် မှတ်ပုံတင်အထောက်အထားကတ်ပြားမရှိလျှင် သော်လည်းကောင်း၊ သန်းခေါင်စာရင်းကတော့ မေးမြန်း၍ ဖြည့်သွင်းကောက်ယူမည်သာ။ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးပါက သန်းခေါင်စာရင်းကောက်ယူသူများက ဆောင်ရွက်ပေးမည်လည်းမဟုတ်။ ယင်းကိစ္စက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက တစ်နိုင်ငံလုံးကွင်းဆင်း၍ မိုးပွင့်စီမံချက်များဖြင့် ဆောင်ရွက်ပေးနေရာ ယင်း၌သာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယင်းကိန်းဂဏန်းအချက်အလက်များ မှန်ကန်စွာရရှိမှသာ နိုင်ငံတော်အတွက် တိကျမှန်ကန်သော စီမံကိန်းများ ရေးဆွဲဖော်ဆောင်နိုင်မည်။

ဒေသတစ်ခုမှ ပြည်သူများ၏ လူဦးရေ၊ နေထိုင်မှုပုံစံ၊ ပိုင်ဆိုင်မှုများကိုသိရှိပြီး ယင်းဒေသ၌ စာသင်ကျောင်း၊ ဆေးခန်း၊ ဆေးရုံတည်ဆောက်ဖွင့်လှစ်မှု၊ ရေပေးဝေမှု၊ လျှပ်စစ်ဓာတ်အားဖြန့်ဝေမှု၊ လမ်းတံတားများ ဖောက်လုပ်နိုင်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ လိုအပ်မှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု၊ မသန်စွမ်းမှု၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှု၊ အမျိုးသမီးနှင့် ကလေးသူငယ်များ စောင့်ရှောက်မှု၊ နယ်မြေဒေသလုံခြုံရေးအတွက် လိုအပ်မှုစသည်တို့နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက ခြုံငုံသုံးသပ်ကာ လိုအပ်ချက်များကို စီမံကိန်းများရေးဆွဲချမှတ်၍ ထိထိရောက်ရောက် ဖန်တီးဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

“ယင်းသို့ မေးမြန်းချက်များအပေါ် ဖြေကြားချက်များကိုလည်း သန်းခေါင်စာရင်းကိစ္စမှတစ်ပါး အခြားမည်သည့် အမှုကိစ္စများအတွက်မျှ အသုံးမပြုရ” ဆိုသည့် အချက်ဖြင့် မကြာမီကပင် ပြည်သူ့လွှတ်တော်က အတည်ပြုပြီးဖြစ်သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေက ပြဋ္ဌာန်းကာကွယ်ထားသည်။

သန်းခေါင်စာရင်းကို သန်းခေါင်စာရင်းရည်ညွှန်းချိန်ဖြစ်သည့် မတ်လ ၂၉ ရက်နေ့ ညဉ့်သန်းခေါင်ယံတွင်မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိသူ၊ နေထိုင်သူများ၊ ယင်းအချိန်ကျော်လွန်ပြီးမှ သေဆုံးသူများ၊ နိုင်ငံခြားသို့ရောက်ရှိနေသော မြန်မာနိုင်ငံသံရုံးဝန်ထမ်းများအပါအဝင်နိုင်ငံခြားတွင် နေထိုင်လျက်ရှိသော မြန်မာနိုင်ငံသားများအား သတ်မှတ်မေးခွန်းများကို မေးမြန်းကောက်ယူမည်ဖြစ်သည်။ သို့ရာတွင်မြန်မာနိုင်ငံ အခြေစိုက်သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများတွင် တာဝန်ထမ်းဆောင်နေသော နိုင်ငံခြားသားသံတမန်များနှင့် မိသားစုများ၊ သန်းခေါင်စာရင်းရည်ညွှန်းချိန်ကျော်လွန်ပြီးမှ မွေးဖွားသောကလေးများကို ကောက်ယူမည်မဟုတ်ပေ။

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ယင်းလုပ်ငန်းအောင်မြင်ချောမွေ့စေရေးအတွက် **၂၀၁၄ ခုနှစ် ဆောင်ရွက်မည့်ကာလမတိုင်မီ တစ်နှစ်တိတိအလိုတွင် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်သည်။ အစီအစဉ်ကြီးအောင်မြင်ရေးအတွက် အကြိုအစမ်းသဘော ဖြစ်သည်။** ပွဲမဝင်ခင် အပြင်ကကျင်းပသည့်သဘော။ **၂၀၁၃ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီ ၁၀ ရက် အထိ ၁၂ ရက်ကြာမည်ဖြစ်သည်။** ယခုစမ်းသပ်သန်းခေါင်စာရင်းကောက်ယူရန် ရက်ပိုင်းမျှသာ လိုတော့သည်။ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းကြောင့် ကြိုတင်ပြင်ဆင်ခြင်းနှင့် စာရင်းပြုစုခြင်းလုပ်ငန်းများ၊ ကွင်းဆင်းမေးမြန်းမှု၊ စာရင်းဇယားပြုစုမှုနှင့် စက်ကိရိယာများအသုံးပြုမှု၊ လုပ်ငန်းအဆင့်တိုင်းတွင် ဆောင်ရွက်ရမည့်နည်းလမ်းများစသည့် အတွေ့အကြုံများရရှိစေပြီး တွေ့ကြုံရသည့်အခက်အခဲပြဿနာများကို ပြန်လည်သုံးသပ်အဖြေရှာ၍ ၂၀၁၄ ခုနှစ် အစီအစဉ်ကြီး ကောက်ယူရာတွင် အောင်မြင်စွာ ကောက်ယူနိုင်ရန် အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်သည်။ ယင်းသို့ကောက်ယူရာတွင် တစ်နိုင်ငံလုံး၏ စုစုပေါင်းကိန်းဂဏန်းအချက်အလက်များကိုသာ ၂၀၁၄ ခုနှစ်တွင် ကောက်ယူမှုအပြီး၌ တရားဝင်ထုတ်ပြန်မည်ဖြစ်ပြီး ယခုစမ်းသပ်မှု ဆောင်ရွက်သည့်မြို့နယ် ၂၀ မှ ရရှိမည့်အချက်အလက်များကိုမူ ထုတ်ပြန်မည်မဟုတ်ကြောင်းလည်း သိရသည်။

၂၀၁၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၂၀ ၌ မြို့ပေါ် ရပ်ကွက်ငါးခု၊ ကျေးရွာအုပ်စု ၁၅ ခု ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်သည်။ ရပ်ကွက်/ကျေးရွာအုပ်စုတစ်ခုစီတွင် ကောက်ကွက်ငါးကွက်စီ ကောက်ယူသွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးကောက်ကွက်ပေါင်း ၁၀၀ ကောက်ယူမည်ဖြစ်သည်။ စမ်းသပ်မြို့နယ်ရွေးချယ်ရာတွင်လည်း နယ်မြေဒေသထူးခြားမှု၊ လူဦးရေအစိပ်အကျဲ၊ မြို့ပြနှင့်ကျေးလက်၊ ဝေးလံခေါင်သီ၊ တောင်ပေါ်မြေပြန့်၊ ရေလမ်းကုန်းလမ်း၊ နယ်စပ်မြို့နယ်စသည်ဖြင့် ဒေသစုံပါဝင်ရေးအတွက် စနစ်တကျရွေးချယ်သတ်မှတ်ခဲ့ကြောင်း သိရသည်။ ယင်းသို့ကောက်ယူရာတွင် ပညာရေးဝန်ထမ်းဆရာဆရာမများဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ကောက်ကွက်တစ်ကွက်လျှင် စာရင်းကောက်တစ်ဦး၊ ကောက်ကွက်ငါးကွက်လျှင် စာရင်းစစ်တစ်ဦးဆောင်ရွက်မည်ဖြစ်ရာ စုစုပေါင်း ဆရာ ဆရာမ စာရင်းကောက် ၁၀၀၊ စာရင်းစစ် ၂၀ တို့ဖြင့် အသုံးပြုဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ စာရင်းကောက်မည့် ဆရာ ဆရာမများက တစ်အိမ်တက်ဆင်းမေးခွန်း ၄၁ ခုကို မေးမြန်း၍ သတ်မှတ်ဇယားတွင် သတ်မှတ်ချက်များအတိုင်းဖြည့်သွင်းကြရမည်ဖြစ်သည်။ စာရင်းစစ်ဆောင်ရွက်မည့် ဆရာဆရာမများအား စာရင်းစစ်သင်တန်းကို နေပြည်တော်၌ ဖွင့်လှစ်ပို့ချခဲ့ပြီး စာရင်းကောက်ဆောင်ရွက်မည့် ဆရာဆရာမများအား ရန်ကုန်နှင့်မန္တလေးတို့၌ စာရင်းကောက်သင်တန်းများ ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်သည်။ ၂၀၁၄ ခုနှစ်၌ ဆောင်ရွက်သည့်အခါတွင်လည်း ယခုကဲ့သို့ပင် သင်တန်းများ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။ တစ်နိုင်ငံလုံးအတွက် ကောက်ယူမည်ဖြစ်၍စာရင်းစစ်၊ စာရင်းကောက်အင်အားကလည်း မသေးလှ။ ဆရာ ဆရာမ အများကြီးလိုအပ်မည်ဖြစ်သည်။ **မေးမြန်းခံရသူပြည်သူများက မေးခွန်းများကို မှန်ကန်ပြည့်စုံစွာဖြေဆိုကြရန်နှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် အားပေးကူညီကြရန် အရေးကြီးလှသည်။** စာရင်းစစ်၊ စာရင်းကောက် ဆရာ ဆရာမများနှင့်အတူ ရပ်ကွက်/ကျေးရွာ အုပ်စု သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌများဖြစ်သည့် ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့်အတူ ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးကြရန်လည်း လိုအပ်မည်ဖြစ်သည်။ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများသည် မိမိရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၊ အခြားဒေသမှ ဧည့်သည်များနှင့်ပတ်သက်၍ အသိဆုံးသူများပင်။ အစိမ်းအကျက်ခွဲခြားသိကြသည်။ သို့မှသာ မေးခွန်းများဖြည့်သွင်းရာတွင် အမှန်စာရင်းများ မြန်မြန်ဆန်ဆန်ရရှိရေးလုပ်ငန်းများလည်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်မည်ဖြစ်သည်။ ယင်းမေးမြန်းဖြေကြားချက်များသည် အိမ်ထောင်စုတစ်စုအတွက် မည်သို့မျှမထူးခြားသော်လည်း တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများအတွက် အကျိုးရှိသည့်စီမံကိန်းများ ရေးဆွဲနိုင်ရေးအတွက် အရေးပါလှသည့် ကိန်းဂဏန်းအချက်အလက်များဖြစ်သည်။ နိုင်ငံတော်အတွက် အဖိုးမဖြတ်နိုင်သည့် စာရင်းဇယားများပင်ဖြစ်သည်။ ယခု မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ဆောင်ရွက်မည့် **၂၀၁၃ စမ်းသပ်မှုမှသည် ၂၀၁၄ အစီအစဉ်ကြီးအောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက မေးမြန်းသည်များကို မှန်မှန်ကန်ကန်ဖြေကြားရင်း ပူးပေါင်းပါဝင်နိုင်ရေးတပ်လှန့်နှိုးဆော်ပေးကာ မုဒိတာပွားလိုက်ရပါသည်။**

> “အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများသည် မိမိရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ၊ အခြားဒေသမှ ဧည့်သည်များနှင့်ပတ်သက်၍ အသိဆုံးသူများပင်။ အစိမ်း အကျက်ခွဲခြားသိကြသည်။ သို့မှသာ မေးခွန်းများဖြည့်သွင်းရာတွင် အမှန်စာရင်းများ မြန်မြန်ဆန်ဆန်ရရှိရေးလုပ်ငန်းများလည်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်မည်ဖြစ်သည်။”

ကျီးနီကန်ရေခန်းခြောက်နေရာတွင် သီးနှံသုံးမျိုးစိုက်ပျိုးအောင်မြင်

ရမည်းသင်း ဧပြီ ၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့အနီးရှိ လယ်မြေဧက ၆၅၀၀ ရေပေးနိုင်သည့် ကျီးနီကန်ကြီးမှာ လွန်ခဲ့သောနှစ်က မိုးရွာသွန်းမှုနည်းပါးပြီး မိုးခေါင်ခဲ့၍ မိုးစပါးအား သတ်မှတ်ဧကပြည့်မီအောင် မစိုက်ပျိုးနိုင်ခဲ့ပေ။ ကန်ထဲရေမဝင်ဘဲရှိသည်။ ရေမှာလည်း တစ်နေ့တခြားလျော့နည်းခန်းခြောက်လာခဲ့ရာ ယခုအခါကန်အတွင်း ရေခန်းခြောက်ခဲ့မှုမှာ တစ်မိုင်နီးပါးခန့် ရှိနေပြီဖြစ်သည်။

ရေမရှိ၍ နွေစပါးမစိုက်ပျိုးဖြစ်ခဲ့ရသော်လည်း တောင်သူအချို့က ကန်တွင်း ပပ်ကြားအက်နေသောနေရာ များတွင် ဝမ်းစာအတွက် သုံးလပေါ်စပါးအား အစိုဓာတ်မြေနှင့် ရေစုပ်စက်ရေသွင်းမြောင်းဖြင့် စိုက်ပျိုးခဲ့ကြရာ ယင်းစပါးများမှာ နှစ်လကျော်ကြာတွင် သီးနှံများထွက်ရှိနေပြီဖြစ်သည်။ စပါးသီးနှံမှာ စိုက်စပါးမဟုတ်ဘဲ ကြဲစပါးဖြစ်ရာ စိုက်စပါးထက် အပင်ပွားများပိုမိုရှင်သန်အောင်မြင်မှုရှိသည်။ စပါးအပြင် နေကြာနှင့်ကုလားပဲများပါ သီးညှပ်စိုက်ပျိုးထားရာ စိုက်ပျိုးသီးနှံများအားလုံး အောင်မြင်ဖြစ်ထွန်းပြီး ကုလားပဲများ ရိတ်သိမ်းရောင်းချနိုင်ခဲ့သလို နေကြာထွက်လည်း မကြာမီရိတ်သိမ်းကြမည်ဖြစ်သည်။ နေကြာရိတ်သိမ်းပြီးပါက သုံးလပေါ် စပါးအား နောက်ဆုံးရိတ်သိမ်းကာ သီးနှံသုံးမျိုးထွက် အပိုဝင်ငွေများ ရရှိကြပြီး စီးပွားရေးများ တိုးတက်ကောင်းမွန်မည်ဖြစ်သဖြင့် ရေမရှိ၍ အလုပ်မဖြစ်သည်ကို တွေးနေမည့်အစားရေရရှိအောင် ဆောင်ရွက်လုပ်ကိုင်သည့် တောင်သူများအား အတုယူအားကျစရာဖြစ်ပေကြောင်း။ (ဝ၁၁)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲတိုးတက်မှုဆိုင်ရာများ၊ နယ်သာလန်နိုင်ငံမှ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ရေး၊ ၂၀၁၃ ဇွန်လတွင် နယ်သာလန်အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ရေး၊ နှစ်နိုင်ငံပုဂ္ဂလိကလုပ်ငန်းရှင်များအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ဥရောပ၊ အမေရိကနိုင်ငံများနှင့် စီးပွားရေးဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နယ်သာလန် စီးပွားရေးလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ လိုအပ်သည့် သတင်းအချက်အလက်များ သိရှိရေး၊ နယ်သာလန်နိုင်ငံမှ ပန်းမန်ဆိုင်ရာ နည်းပညာဖြန့်ဖြူးရေး၊ ရေအသုံးချရေးစီမံခန့်ခွဲမှုနှင့် ဆေးဝါးလုပ်ငန်းများဆိုင်ရာတို့ ဆောင်ရွက်ရေး၊ နိုင်ငံတော်မှ ပြည်တွင်း ပြည်ပလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်ရေးနှင့် အကောက်အခွန်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ ဖြေလျှော့ပေးရေးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဒေါက်တာမောင်မောင်လေးတို့သည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်သံအမတ်ကြီး H.E. Mr. Johannes Andries BOER နှင့် မတ် ၂၈ရက် မွန်းလွဲပိုင်းက အသင်းချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော်　ဧပြီ　၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား အမေရိကန်သမ္မတဟောင်း Mr. Jimmy Carter နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ကော်မရှင်ဥက္ကဋ္ဌ၏ ဧည့်တွေ့ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။ အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လေ့လာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်မြင်လာစေရန် ဆောင်ရွက်နိုင်ရေး၊ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးအဖြစ် အောင်မြင်စွာ ကျင်းပနိုင်စေရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများနှင့် နည်းပညာဗဟုသုတများ အမြင်ချင်းဖလှယ် လေ့လာဆွေးနွေးဆောင်ရွက်သွားနိုင်စေရေးကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး အမေရိကန် သမ္မတဟောင်း Mr. Jimmy Carter အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံအခြေစိုက်သံရုံးအကြီးအကဲများ၊ သံတမန်များနှင့် တွေ့ဆုံရှင်းလင်းပွဲကျင်းပ

နေပြည်တော်　ဧပြီ　၃

မြန်မာနိုင်ငံ အခြေစိုက်သံရုံး အကြီးအကဲများနှင့်သံတမန်များအား မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နှင့် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းတို့၌ မကြာမီကဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ယင်းပဋိပက္ခများတွင် နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိအဖွဲ့အစည်းများမှ ကူညီစောင့်ရှောက်ပေးနေမှု အခြေအနေမှန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သံရုံးအကြီးအကဲများနှင့် တက်ရောက်လာကြသော ပုဂ္ဂိုလ်များက သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားသည်။ ရှင်းလင်းပွဲ အပြီးတွင် တက်ရောက်လာကြသော ပုဂ္ဂိုလ်များသည် ပဋိပက္ခဖြစ်ပွားရာ ဒေသများမှ မှတ်တမ်းဓာတ်ပုံများကို လေ့လာကြည့်ရှုကြသည်။

အဆိုပါ ရှင်းလင်းပွဲသို့ မြန်မာနိုင်ငံအခြေစိုက် သံရုံးအကြီးအကဲများ၊သံတမန်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ တက်ရောက် ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံအခြေစိုက် သံရုံးအကြီးအကဲများနှင့် သံတမန်များအား မကြာမီကဖြစ်ပွားခဲ့သော ပဋိပက္ခဖြစ်စဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်းအခမ်းအနားတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မိတ္ထီလာမြို့ ဒုက္ခသည်များအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

နေပြည်တော်　ဧပြီ　၃

မိတ္ထီလာမြို့ဒုက္ခသည်များအတွက် အလှူရှင်စေတနာရှင်များက မိတ္ထီလာမြို့ဆက်သွယ်ရေးဧည့်ရိပ်သာရှိ အလှူငွေနှင့် ပစ္စည်းလက်ခံဌာနသို့ ဧပြီ ၂ ရက်တွင် လာရောက်လှူဒါန်းကြရာ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် စေတော်ဝင် ရွှေပေါ်ကျွန်းသာသနာပြုစခန်း၏ ပဓာနနာယက ဆရာတော်နှင့် ဥပါသကာအဖွဲ့က ခေါက်ဆွဲခြောက် ၂ ဖာနှင့်ဆန်အိတ် ၂၀၊ ကိုဇော်မင်းထိုက်- မသန်းသန်းဆွေ မိသားစုက ငွေကျပ် ၁၅ သိန်း၊ Diamond Marketing သင်တန်းကျောင်းကဆန်အိတ် ၁၁အိတ်၊ အဝတ်အထည်မျိုးစုံ ၄ါးထုပ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်က ငွေကျပ်၁၁၀၀၀၀၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ)က၊ ငွေကျပ် ၁၅၀၀၀၀၊ လူငယ့်အားမာန်ပရဟိတအဖွဲ့(မန္တလေး)က ငွေကျပ် ၅၀၀၀၀၀၊ ဗိုလ်ချုပ်အောင်မျိုးမင်း-ဒေါ်စန်းစန်းမြင့်(ရန်ကုန်)နှင့်ဦးနေမျိုးထိုက်-ဒေါ်ခိုင်ဆုဝေ (Htoo Petro-သာစည်)တို့က ငွေကျပ်၂၀၀၀၀၀ စီနှင့် KTM သောက်ရေသန့်မှ ရေသန့်ဘူး ၁၂၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းက မိသားစုတစ်ကိုယ်ရေသန့်ရှင်းရေး သုံးပစ္စည်းမျိုးစုံနှင့် အမျိုးသမီးတစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများကို ယနေ့ လာရောက်လှူဒါန်းသွားကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်

နိုင်ငံတကာဆက်ဆံရေးရာ ကော်မတီဥက္ကဋ္ဌအား

ကိုရီးယားနိုင်ငံသံရုံးမှ Counsellor တွေ့ဆုံ

နေပြည်တော်　ဧပြီ　၃

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးရာ ကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး မောင်မောင်ထူးအား မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံရုံးမှ Counsellor နှင့် Deputy Chief of Mission Mr. Park Jae Kyung သည် ယနေ့ မွန်းလွဲ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ကော်မတီဆောင် အမှတ်(၂၀)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စရပ်များနှင့် လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးရာ ကော်မတီဝင် ဦးခင်မောင်ဌေးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တောင်ကြီးမြို့ ပုဂ္ဂလိကသတင်းစာဈေးကွက် ထိုးဖောက်မှု

တောင်ကြီး　ဧပြီ　၃

၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ပုဂ္ဂလိကသတင်းစာ လေးစောင်ဖြစ်သည့် The VOICE Daily၊ ရွှေနိုင်ငံသစ်နေ့စဉ်သတင်းစာ၊ စံတော်ချိန်နေ့စဉ်နှင့် ပြည်ထောင်စုနေ့စဉ်သတင်းစာများ အစီအရီထွက်ပေါ်လာပြီးနောက် တောင်ကြီးမြို့၏ ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်လာခဲ့သည်။ ပြည်ထောင်စုနေ့စဉ်သတင်းစာ ဈေးကွက်အတွင်း ရောက်ရှိလာခြင်းမရှိသေးဘဲ VOICE စောင်ရေ ၅၀၀ ခန့်၊ ရွှေနိုင်ငံသစ် ၂၀၀နှင့် စံတော်ချိန် ၁၀၀ ခန့် ရောင်းချရကြောင်း မီလျှံနာစာပေမှ စုံစမ်းသိရှိရပြီး ရောင်းဈေးအနေဖြင့် လေယာဉ်ဖြင့် သယ်ယူပြီး နေ့စဉ် ဝယ်ယူဖတ်ရှုပါက တစ်စောင် ငွေကျပ် ၂၀၀ နှုန်း၊ နောက်တစ်နေ့ နံနက်ကားဖြင့် ရောက်သည့်အချိန်မှ ဝယ်ယူပါကငွေကျပ်၁၃၀ နှုန်းဖြင့် ရောင်းချလျက်ရှိသည်။

တောင်ကြီးမြို့ပေါ်တွင် မြန်မာ့အလင်းသတင်းစာ ၁၇၅၂ စောင်၊ ကြေးမုံသတင်းစာ ၉၁၄ စောင်၊ နယူးလိုက်အော့ဖ် မြန်မာသတင်းစာ ၁၇၁ စောင် စုစုပေါင်း ၂၈၃၇ စောင်ကို ကိုယ်စားလှယ်နှုန်း တစ်စောင်ငွေကျပ် ၅၀ နှုန်းနှင့် လက်ပွေ့တစ်စောင် ၆၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။ **နိုင်ထွန်း(TGI)**

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

စင်ကာပူသမ္မတနိုင်ငံ သမ္မတနှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဧပြီ ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်းနှင့်ဇနီး မစ္စစ် မေရီတန်တို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံ သံရုံးတို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ သမ္မတနှင့်အဖွဲ့ဝင်များသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်နှင့် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦးလွင်တို့ လိုက်ပါလျက် ညနေ ၄ နာရီ မိနစ် ၂၀ တွင် အာဇာနည်ဗိမာန်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ တိုနီတန်ကင်ယမ်းနှင့် အဖွဲ့ဝင်များသည် အာဇာနည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။ **(သတင်းစဉ်)**

စင်ကာပူသမ္မတနိုင်ငံသမ္မတ၏ဇနီး အမျိုးသားပြတိုက် ကြည့်ရှုလေ့လာ

ရန်ကုန် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် စင်ကာပူသမ္မတနိုင်ငံသမ္မတ ဒေါက်တာတိုနီတန်ကင်ယမ်း၏ဇနီး မစ္စစ်မေရီတန် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ ရောက်ရှိကြရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ အမျိုးသားပြတိုက်(ရန်ကုန်) ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိသက်နွယ်နှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။ **(ဝဲပုံ)**

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် စင်ကာပူသမ္မတနိုင်ငံသမ္မတ၏ဇနီး မစ္စစ် မေရီတန်သည် အမျိုးသားပြတိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အမျိုးသားပြတိုက်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

❍ *ကျောဖုံးမှ*

တောင်သူ (၅၇၀) ဦးအား မြေ (၁၇၅၃ဒသမ ၇၁) ဧကအတွက် တန်ဖိုးငွေကျပ် (၁၇၈၅၆ ဒသမ ၇၅) သိန်း ပေးအပ်ခဲ့ပြီးဖြစ်သည့်အပြင် ဆက်လက်၍လည်း ပေးအပ်သွားမည်ဖြစ်ပါသည်။

၅။ မြေယာလျော်ကြေးငွေများ ပေးအပ်ရာတွင် ဒေသခံတောင်သူများ အချင်းချင်း အမွေဆိုင်ကိစ္စများနှင့် မြေအမျိုးအစားကွာခြားချက်များကြောင့် ကန့်ကွက်မှု (၁၇၇) မှု လက်ခံရရှိခဲ့ပါသည်။ ကော်မတီအနေဖြင့် မြေယာမှုခင်းစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းစိစစ်ဖြေရှင်းခဲ့ရာ (၃၃) မှု ဖြေရှင်းပေးခဲ့ပြီး ကျန်အငြင်းပွားမှုများကို ဆက်လက်ဖြေရှင်းပေးလျက်ရှိပါသည်။

၆။ ကော်မတီသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြောင်းရွှေ့လာသောကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ရရှိရေး၊ ဒေသဖွံ့ဖြိုးရေးတို့ကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် စုံစမ်းစစ်ဆေးရေးကော်မရှင်၏အစီရင်ခံစာပါ အကြံပြုချက်များကို ဒေသခံပြည်သူများ အကျိုးစီးပွားအတွက် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အခါအားလျော်စွာ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီ

၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်

နို့စားနွားမွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် တိုးချဲ့ဆောင်ရွက်နေချိန် ခွာနာလျှာနာရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်

နေပြည်တော် ဧပြီ ၃

ကျေးလက်နေပြည်သူများသည် စိုက်ပျိုးရေး လုပ်ငန်းများနှင့်အတူ အပိုဝင်ငွေရရှိစေရေးအတွက် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်စသည့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုလျက်ရှိရာ နွားမွေးမြူရေးလုပ်ငန်းကို အဓိကအဟန့်အတားဖြစ်ပြီး စီးပွားရေးဆုံးရှုံးမှုများ ဖြစ်ပေါ်စေမည့် ရောဂါမှာ ခွာနာလျှာနာရောဂါဖြစ်ကြောင်း၊ School Milk Program အတွက် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် တိုးချဲ့ဆောင်ရွက်နေချိန်တွင် အကြီးအကျယ်ဆုံးရှုံးမှု ဖြစ်ပေါ်စေနိုင်သည့် ခွာနာလျှာနာ ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ကြရမှာဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော မြန်မာနိုင်ငံ ခွာနာလျှာနာရောဂါထိန်းချုပ်ရေးလုပ်ငန်း အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသည့် သတင်းအချက်အလက်များ၊ ဆွေးနွေးချက်များနှင့် အကြံပြုချက်များအား အသုံးချပြီး မြန်မာနိုင်ငံ ခွာနာလျှာနာရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အရှေ့တောင်အာရှ ဒေသတွင်း ဒေသဆိုင်ရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့များနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေး လုပ်ငန်းများအား ထိရောက်အောင်မြင်စွာ ဆောင်ရွက်ကြရန်လည်း ပြောကြားသွားသည်။

ဆက်လက်၍ FAO မှ Country Team Leader Dr.Tony Williams နှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသခွဲ (OIE SRR- SEA) မှကိုယ်စားလှယ် Dr. Ronello Abila တို့က ၂၀၂၀ ခုနှစ်တွင် အရှေ့တောင်အာရှဒေသ၌ ခွာနာလျှာနာရောဂါကင်းရှင်းရေး ရည်မှန်း ဆောင်ရွက်လျက်ရှိသည့် အရှေ့တောင်အာရှဒေသနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခွာနာလျှာနာရောဂါ ထိန်းချုပ်ရေးလုပ်ငန်း (SEAC FMD) ၏ လမ်းပြမြေပုံ အောင်မြင်နိုင်ရေး လုပ်ငန်းစဉ် (၃)ရပ် အကောင်အထည်ဖော်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မွေးမြူရေးပညာရှင်များနှင့် နိုင်ငံတကာပညာရှင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မှ ဧပြီ ၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းနိုင်

နေပြည်တော် ဧပြီ ၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

❐ *ရှေ့ဖုံးမှ*

အလိုအလျောက် လိုင်းပိတ်သိမ်းသွားမည် ဖြစ်ပါသည်။

၆။ စက်ပစ္စည်းတန်ဖိုး၊ စက်တပ်ဆင်မှု ကုန်ကျစရိတ်များကို တယ်လီဖုန်းပြောဆိုခများမှ ပြန်လည် စုစည်းကောက်ခံရမည်ဖြစ်ပါသဖြင့် ဤတန်ဖိုးနည်း မိုဘိုင်းဖုန်းများကို လစဉ်ကြိုတင်ငွေဖြည့်ကတ်ဖြင့် ပြောဆိုခ ၂၅၀၀ ကျပ် အနည်းဆုံး သုံးစွဲရန် သတ်မှတ်ထားပြီး ဖြစ်ပါသည်။ နှစ်လပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကတ်မှ ငွေကျပ် ၅၀၀၀ကို အပြည့်မသုံးစွဲပါက အလိုအလျောက် ၅၀၀၀ ကျပ်ပြည့်သည်အထိ ဖြတ်တောက်သွားမည်ဖြစ်ပါသည်။ တယ်လီဖုန်း Sim Card တွင် ဖြည့်သွင်းထားသောငွေကုန်ဆုံးပြီးနောက် ၁၅ ရက်အတွင်း ငွေထပ်မံဖြည့်သွင်းခြင်း မရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၇။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်အတူ အခြားလိုင်စင်ရ အော်ပရေတာများမှ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ ဆက်သွယ်သုံးစွဲနိုင်ရန်လုံလောက်သော မိုဘိုင်းဖုန်းများကို တိုးချဲ့တပ်ဆင်ပြီးစီးပါက မည်သည့်ကန့်သတ်ချက်မျှ မရှိတော့ဘဲ လွတ်လပ်စွာရောင်းချသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

▲ *ကျောဖုံးမှ*

၂၀၁၄ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရန်ရှိခြင်းတို့ကြောင့်လည်း နိုင်ငံတကာမှ နိုင်ငံခြားသားများဝင်ထွက်သွားလာမှု ပိုမိုများပြားလာမှာ ဖြစ်ကြောင်း၊ ထိုသို့ အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံအတွင်း ဝင်ရောက်လာကြသူများအတွက် ပြည်ဝင်ဗီဇာလွယ်ကူချောမွေ့စွာ ထုတ်ပေးနိုင်ရေးသည် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်းဖြင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြည်ဝင်စနစ်မူဝါဒ (Visa Policy in Myanmar) ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ယခင်က ပြည်ဝင်ဗီဇာများနှင့် ပတ်သက်၍ ဝန်ကြီးဌာနများမှ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်းဆိုသကဲ့သို့ သီးခြားစီကိုင်တွယ် ဆောင်ရွက်လျက်ရှိရာမှ လုပ်ငန်း ပိုမိုလျင်မြန်ချောမွေ့ပြီး စနစ်တကျ ဖြစ်စေရေးအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှ ၁၀-၇-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၄၆၀/၁၀၂ - ဗီဇာ ၃-၁၉/အဖရ၂၀၁၂ ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအား တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် သတ်မှတ်ဆောင်ရွက်ရန်တာဝန်ပေးအပ်ခဲ့ပါကြောင်း။

လက်ရှိစနစ်အရ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လိုသူများအား ကမ္ဘာလှည့်ဗီဇာ၊ လုပ်ငန်းဗီဇာ၊ ပြည်ဝင်ဗီဇာ၊ ဖြတ်သန်းဗီဇာ၊ သံတမန်ဗီဇာ၊ အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာဟူ၍ ဗီဇာခြောက်မျိုးဖြင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ အပြည်ပြည်ဆိုင်ရာ ရေဆိပ်နှင့် နယ်စပ်ဝင်ပေါက်များမှ ဝင်/ထွက်ခွင့်ပြုလျက်ရှိပါကြောင်း။

အပြည်ပြည်ဆိုင်ရာ လေဆိပ်များမှ ဝင်ရောက်/ထွက်ခွာရာတွင် ပိုမိုလျင်မြန်စေရန်အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် စစ်ဆေးရေးကောင်တာများ တိုးချဲ့ခြင်း၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေးအတွက် ကနဦးအဆင့်အဖြစ် လုပ်ငန်းဗီဇာ၊ ဖြတ်သန်းဗီဇာ၊ ပြည်ဝင်ဗီဇာ သုံးမျိုးအား ၁-၆-၂၀၁၂ ရက်မှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လည်းကောင်း၊ ၁-၁၁-၂၀၁၂ ရက်မှစ၍ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လည်းကောင်း နိုင်ငံ ၂၇ နိုင်ငံအား ဆိုက်ရောက်ဗီဇာ (Visa On Arrival) စနစ်သစ်ဖြင့် ဝင်ခွင့်ပြုခဲ့ပြီး ၁-၂-၂၀၁၃ ရက်မှစ၍ နောက်ထပ် ၂၂ နိုင်ငံကို လည်းကောင်း၊ ၁၈-၃-၂၀၁၃ ရက်တွင် နီပေါလ်နိုင်ငံကိုလည်းကောင်း ထပ်မံခွင့်ပြုခဲ့ရာ ယခုအခါ နိုင်ငံပေါင်း ၅၀ ကို ဆိုက်ရောက်ဗီဇာ (Visa On Arrival)စနစ်သစ်ဖြင့် ခွင့်ပြုပေးပြီးဖြစ်ပါကြောင်း။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံအတွင်းသို့ လုပ်ငန်းဗီဇာ၊ လူမှုရေးဗီဇာများဖြင့် ဝင်ရောက်၍ ကာလကြာရှည်စွာ အခြေချနေထိုင်နေသော နိုင်ငံခြားသားများအား ဗီဇာစည်းကမ်းများနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်နိုင်ရေးအတွက် စနစ်ကျသော နိုင်ငံခြားသားထိန်းသိမ်းရေး လုပ်ငန်းစဉ်များကိုလည်း အားဖြည့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြောင်းလဲလာသော နိုင်ငံတော်၏ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ထပ်မံတိုးချဲ့ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုအခါ နိုင်ငံတော်တည်ငြိမ်ရန်အေးချမ်းရန် ကြိုးပမ်းအားထုတ်မှုကြောင့် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၁) ဖွဲ့လုံးနှင့် ငြိမ်းချမ်းရေးလမ်းစဖော်ဆောင်ထားနိုင်ပြီဖြစ်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိစေရန်အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိရရှိထားသော တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေး အခြေအနေများအရ နယ်စပ်ဒေသများတွင်ပါ ဝင်/ထွက်သွားလာမှု လုံခြုံချောမွေ့လာပြီဖြစ်ပြီး နိုင်ငံ၏ ပြည်ဝင်ခွင့်စနစ်ကိုလည်း တိုးချဲ့ပြုပြင်ပြောင်းလဲရန် လိုအပ်လာပြီဖြစ်ကြောင်း၊ ထိုသို့လုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဆက်စပ်ဆောင်ရွက်ရမည့် လုံခြုံရေး၊ ငြိမ်းချမ်းရေး၊ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်ရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ နယ်စပ်ကုန်သွယ်ရေး၊ နိုင်ငံခြားငွေ ရယူသုံးစွဲရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသနေပြည်သူများ လူနေမှုဘဝမြင့်မားလာစေရေးအတွက် နယ်စပ်များနှင့် ဆက်စပ်သည့် ဒေသများမှ တာဝန်ရှိသူများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ဆက်စပ်သက်ဆိုင်သည့်အဖွဲ့များကို ယခုကဲ့သို့ စုံလင်စွာခေါ်ယူဆွေးနွေးစေရခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမျိုးသားယဉ်ကျေးမှုလေ့စရိုက်များ ရေရှည်တည်တံ့ ခိုင်မြဲစေရန်အတွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် စည်းကမ်းပျက် နိုင်ငံခြားသားများ ဝင်/ထွက် သွားလာမှုများကို စနစ်တကျထိန်းသိမ်း ကြပ်မတ်ပေးရန် လိုအပ်သကဲ့သို့ တစ်ဖက်မှလည်း ဖွံ့ဖြိုးတိုးတက်ရေးကို အားယူဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံလိုသူများ၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်သည့် ကျွမ်းကျင်ပညာရှင်များ၊ တိုင်းပြည်ဝင်ငွေ တိုးတက်လာစေမည့် ကမ္ဘာလှည့်ခရီးသည်များ ပြည်တွင်းသို့ဝင်ရောက်ရာတွင် စနစ်ကျသော ပြည်ဝင်ဗီဇာများ လွယ်ကူချောမွေ့စွာ ရယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ အစည်းအဝေးတက်ရောက်ကြသူများမှ နိုင်ငံတော်အကျိုးစီးပွားကို ရှေးရှု၍ အမျိုးသားရေးရှုထောင့်၊ စီးပွားရေးရှုထောင့်၊ နိုင်ငံတကာ ရှုထောင့်စသည့် ရှုထောင့်အမျိုးမျိုးမှ လေ့လာသုံးသပ်ပြီး ကောင်းမွန်ပြည့်စုံသော ပြည်ဝင်စနစ်မူဝါဒ ချမှတ်နိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြည်ဝင်စနစ်မူဝါဒ ကျင့်သုံးအကောင်အထည်ဖော်ရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများကို အကျယ်တဝင့်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုထပ်မံဖြည့်စွက် တင်ပြကြသည်။ ယင်းနောက် ဒုတိယ သမ္မတ ဦးဉာဏ်ထွန်းက တင်ပြချက်များအပေါ် သုံးသပ်ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်းနှင့် ဦးခင်ရီ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းရေးကော်မရှင်၏အစီရင်ခံစာအပေါ် အကောင်အထည်ဖော်မည့်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၃

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းစုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီက ရုံးအမှတ် (၁၈) နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ဆွေးနွေးတင်ပြ

အဆိုပါ အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးနှင့်ကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌက စီမံကိန်းအကောင်အထည်ဖော်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စရပ်များ၊ စီမံကိန်းပတ်ဝန်းကျင်နယ်မြေရှိ ဒေသခံများ အလုပ်အကိုင်ရရှိခန့်ထားရေး၊ နေအိမ်များ အဆင့်မြှင့်တင်ပြုပြင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာမြင့်အောင်နှင့် ဦးဝင်းထွန်းတို့က စုံစမ်းရေးကော်မရှင်အစီရင်ခံစာ၏ သုံးသပ်ချက်များ၊ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများအားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ဗိုလ်မှူးချုပ်ကျော်ကျော် ထွန်းက တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များအားလည်းကောင်း ဆွေးနွေးတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ပြန်လည်ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပခုက္ကူတိုင်းဒေသကြီးအတွင်း ဆရာတော် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထား

နေပြည်တော် ဧပြီ ၃

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် မတ် ၃၁ရက်နံနက်ပိုင်းက ပခုက္ကူတိုင်းဒေသကြီး (အနောက်) ဇီးကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့်တွေ့ဆုံကာ သာသနာရေးဆိုင်ရာ ကိစ္စများ ဆွေးနွေးဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ပခုက္ကူတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးမြင့်လွင်ဦး၊ သာသနာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေနှင့်အရာထမ်း၊ အမှုထမ်းများလိုက်ပါလျက် ဇီးကုန်း၊ သဲကုန်း၊ ပုတီးကုန်း၊ အင်းမ၊ နတ်တလင်း၊ ကြို့ပင်ကောက်နှင့် မင်းလှမြို့နယ်များရှိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်ကြီးများအား တွေ့ဆုံဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးသာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထိုသို့ လျှောက်ထားရာတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ဖြစ်ပွားခဲ့သော ဖြစ်စဉ်နှင့်ပတ်သက်၍ အဖြစ်မှန်ကို ရှင်းလင်း၍လည်းကောင်း၊ သံဃာတော်များကို သံဃာ့ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် လည်းကောင်း၊ ပထမပြန်နှင့်ဓမ္မာစရိယစာမေးပွဲရက် ရွှေ့ဆိုင်းခဲ့ရသဖြင့် စာမေးပွဲများ ပြန်လည်ကျင်းပနိုင်ရေးအတွက် စနစ်တကျအောင်မြင်စွာဆောင်ရွက်နိုင်ရေးကိစ္စများကို ရှင်းလင်းလျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းဒေသကြီး၊ပြည်နယ်များမှ ကင်းထောက်မောင်မယ်များတွေ့ဆုံ

နေပြည်တော် ဧပြီ ၃

တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကျောင်းအဆင့် ကင်းထောက်မောင်မယ်များ တွေ့ဆုံဆွေးနွေးပွဲ (Jamboree) အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် အမှတ် (၇) တည်းခိုရေးစခန်းခန်းမ (ရွာတော်)၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက နှစ်ပေါင်း ၅၀ ခန့် ပျောက်ကွယ်သွားသည့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့အား ဒီမိုကရေစီ အစိုးရသစ်လက်ထက်၌ ပြန်လည်ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ကင်းထောက်ကြီးများ တွေ့ဆုံပွဲ၊ ကင်းထောက်မောင်မယ်များတွေ့ဆုံပွဲ (Jamboree) များ ကျင်းပပေးနိုင်ခဲ့သည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံ၌ ၁၉၁၆ ခုနှစ်တွင် အမျိုးသမီး ကင်းထောက်အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ပြီး၁၉၂၀ခုနှစ်အမျိုးသားကင်းထောက်များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၅၀ ခုနှစ်တွင် ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် ဆက်သွယ် ပါဝင်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ကင်းထောက် (Scouts) တို့သည်သပ်ရပ်ပြီး သွက်လက်ချက်ချာသူ၊ ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ချသူ၊ အမိန့်ကိုနာခံတတ်ပြီး ရိုသေကိုင်းရှိုင်းတတ်သူ၊ စည်းလုံးညီညွတ်မှုရှိသူ၊ အများက ယုံကြည်အားထားရသူ၊ စိတ်ရင်းမှန်၍ ရိုးသားဖြောင့်မတ်သူများဖြစ်ကြောင်း၊ ကင်းထောက်ဆိုသည်မှာ သူတစ်ပါးကို ကူညီရန်၊ အမှီအခိုကင်းရန်၊ အဆင်သင့် ဖြစ်အောင်နေတတ်ရန်၊ မျက်စိရှင်ရန်၊ စိတ်ပါလက်ပါနှင့် အတူလက်တွဲလုပ်ကိုင်တတ်ရန်၊ လုပ်ငန်းတစ်ခုကိုစပြီးရင် ဆုံးအောင်လုပ်ကိုင်တတ်ရန်၊ ဝင့်ကြွားမာန မရှိရန်၊ ပါတီနိုင်ငံရေးတွင် ပါဝင်ရန် မဟုတ်ဘဲ ကိုယ့်ရပ်ကျိုးရွာကျိုး ဆောင်ရွက်တတ်ရန်၊ စံပြလူငယ်ဖြစ်အောင် ကြံစည်အားထုတ်ရန်တို့ကို အထူးလိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီအစ ပညာသင်ကျောင်းဆိုသည့် အခြေခံအုတ်မြစ်ကိုချမှတ်ကျင့်သုံးလျက်ရှိကြောင်း၊ အခြေခံပညာကျောင်းများမှရွေးချယ်ခြင်းခံရသည့် ဘက်စုံထူးချွန်လူငယ်များနှင့် တွေ့ဆုံပြီး အသိအမြင်၊ အတွေ့အကြုံ၊ ဗဟုသုတများ ဖလှယ်စေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

(အပေါ်ဝဲပုံ) **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ကြည်လင်း၊ ဖိလစ်ပိုင်မှ ကလီဒေါင်၊ ထိုင်းမှ ဒန်းဒါနှင့် စင်ကာပူမှ ဆာရီအစ်ဟတ်တို့ဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံမှ တိုက်စစ်မှူး ဒန်းဒါနှင့် စင်ကာပူနိုင်ငံမှ ကွင်းလယ်ကစားသမား ဆာရီအစ်ဟတ်တို့မှာ ရမှတ်ရှစ်မှတ်ကျော်သာ ရရှိခဲ့ကြောင်း သိရသည်။

မောင်နွေသစ်

စာပေမြင့်မှ
လူမျိုးတင့်မည်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

လက်ပံတောင်းကျေးရွာ ရှေးဟောင်းသမိုင်းဝင် ရွှေထီးဆောင်းစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်

နေပြည်တော် ဧပြီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် လက်ပံတောင်းကျေးရွာ ရှေးဟောင်းသမိုင်းဝင် ရွှေထီးဆောင်းစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို မတ် ၃၁ ရက် နံနက် ၈ နာရီတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးပြည်ကြီးတံခွန်မြို့နယ် မဟာသုန္ဒရာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယက မဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တအာဝုဓ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် အလှူရှင်ဦးစိုးလှိုင်တို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာပန်းရထားဖြင့် စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် ဆရာတော်၊ သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးမဟာသင်္ကြန်ရေသဘင်ပွဲပါဝင်ဆင်နွှဲရန် ပြင်ဆင်နေကြပြီ

မန္တလေး ဧပြီ ၃

မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာမဟာသင်္ကြန်ရေသဘင်ပွဲတော်ကြီးကို ရိုးရာယဉ်ကျေးမှုနှင့်အညီ မန္တလေးမြို့နေပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မန္တလေးမြို့တော်ဝန် ရေကစားမဏ္ဍပ်၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများ၏ ရေကစားမဏ္ဍပ် စသည်ဖြင့် ရေကစားမဏ္ဍပ် ၃၄ ခုကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုခဲ့သဖြင့် မဏ္ဍပ်များကို မန္တလေးကျုံးပတ်လည် လမ်းများပေါ်တွင် အပြိုင်အဆိုင် ဆောက်လုပ်လျက်ရှိကြသည်။

မန္တလေးတိုင်းဒေသကြီး မန္တလေးစည်ပင်သာယာရေးနယ်နိမိတ်လမ်းများဖြစ်သော ၂၆ လမ်း၊ ကျုံးတောင်ဘက်တွင်အလှပြမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ် ၁၆ ခု၊ ၆၆ လမ်း ကျုံးအရှေ့ဘက်တွင် အလှပြမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ် ၁၅ ခု၊ လမ်း ၈၀ ကျုံးအနောက်ဘက်တွင် အလှပြမဏ္ဍပ်နှင့်ရေကစားမဏ္ဍပ် သုံးခု၊ စုစုပေါင်း ကျုံးပတ်လည်တွင် မဏ္ဍပ် ၃၄ ခု အပြိုင်အဆိုင် တည်ဆောက်နေပြီဖြစ်သည်။

မန္တလေးမြို့ ကန်တော်ကြီးတွင်လည်း အလှပြမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ် ၁၀ ခု၊ မြို့တွင်းမဏ္ဍပ် ၁၅ ခု စုစုပေါင်း ၅၉ ခုတည်ဆောက်နေကြောင်း သိရသည်။

မောင်မောင်စိုး(မြစ်ငယ်)

သတ္တုတွင်းဝန်ကြီးဌာန

အမှတ်(၃)သတ္တုတွင်းလုပ်ငန်း

အိတ်ဖွင့်တင်ဒါ(ဈေးပြိုင်)ခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၃) သတ္တုတွင်းလုပ်ငန်းမှ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသော အင်ကြင်းကျောက်များအား အိတ်ဖွင့်တင်ဒါ(ဈေးပြိုင်)စနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းဖိတ်ခေါ်ပါသည်။

စဉ်	အင်ကြင်းကျောက် အရည်အသွေး	အရေအတွက် (ကီလိုဂရမ်)	သိုလှောင်ထားရာနေရာဒေသ
(က)	ဒုတိယတန်းစား	၃၇၄.၈	အမှတ်(၃) သတ္တုတွင်းလုပ်ငန်း၊ မန္တလေးရုံးခွဲ၊ ၃၅လမ်းနှင့် ၆၅လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
(ခ)	တတိယတန်းစား	၆၁၇.၅	॥
(ဂ)	စတုတ္ထတန်းစား	၃၉၇	॥
(ဃ)	ဒုတိယတန်းစား	၁၅၄	သိန်းနီရဲစခန်း၊ သိန်းနီမြို့နယ်၊ ရှမ်းပြည်နယ်။
(င)	တတိယတန်းစား	၄၂၈	॥
(စ)	စတုတ္ထတန်းစား	၈၀၀	॥
(ဆ)	စတုတ္ထတန်းစား	၉၃၁၀	အရာတော်မြို့နယ်တရားရုံး၊ အရာတော်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

၂။ ဈေးနှုန်းအဆိုပြုလွှာမတင်သွင်းမီ အင်ကြင်းကျောက်များထားရှိရာနေရာဒေသသို့ သွားရောက်၍ ကြိုတင်လေ့လာနိုင်ပါသည်။

၃။ တင်ဒါပုံစံ၊ ကြမ်းခင်းဈေးနှုန်းနှင့် စည်းကမ်းချက်များကို ၄-၄-၂၀၁၃ရက်မှစ၍ နေ့စဉ် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ တင်ဒါပိတ်ရက်မှာ ၂၄-၄-၂၀၁၃ရက် မွန်းတည့် ၁၂နာရီ ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၉၀၁၆ နှင့် ၀၆၇-၄၀၉၃၉၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဝယ်ယူရေးနှင့် ထောက်ပံ့ရေးဌာနခွဲ
အမှတ်(၃)သတ္တုတွင်းလုပ်ငန်း
သတ္တုတွင်းဝန်ကြီးဌာန
ရုံးအမှတ် ၁၉၊ နေပြည်တော်

သောက်သုံးရေရှားပါးသောကျေးရွာသို့ ရေများသွားရောက်ပေးဝေ

စစ်ကိုင်း ဧပြီ ၃

စစ်ကိုင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (မြို့မိမြို့ဖ)၏ ဦးဆောင်မှုဖြင့် ရေရှားပါးသော စစ်ကိုင်းမြို့နယ်ကျောက်ပန်းကျေးရွာအုပ်စုဆည်လေးတောကျေးရွာသို့ ရေများသွားရောက်လှူဒါန်းပွဲကို ဧပြီ ၂ ရက် နံနက် ၆ နာရီက အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ရေများ သွားရောက်လှူဒါန်းရာတွင် ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒက လှူဒါန်းထားသော ရေသယ်ယာဉ်တစ်စီး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်တစ်စီးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီးလျှင် ရေဂါလန်ပေါင်း ၂၄၀၀ ကို ပေးဝေရာ ကျေးရွာပြည်သူများ အားရဝမ်းသာစွာ ရေပုံးများဖြင့် လာရောက်သယ်ယူကြသည်။ **(အပေါ်ပုံ)**

ရေလှူပွဲအပြီးတွင် ကျောင်းဆောင်အတွင်း၌ ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဆရာတော်အရှင်ဥက္ကံသ (ဓမ္မာစရိယ)မှ ဩဝါဒစကားမြွက်ကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးစိန်ခဲ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးသိန်းတို့က ရေရှားပါးသော ကျေးရွာများသို့ ရေရရှိရေးဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်လှိုင်နှင့် ကျေးရွာရေရရှိရေးအဖွဲ့ ဦးစန်းမြင့်တို့က ကျေးဇူးတင်စကားပြောကြားသည်။

စစ်ကိုင်းမြို့နယ်အတွင်း ကျေးရွာ ၈၁ အုပ်စု ကျေးရွာပေါင်း ၂၀၆ ရွာတွင် တွင်းတိမ် ၆၄ တွင်း၊ တွင်းနက် ၁၀၂ တွင်း၊ စုစုပေါင်းတွင်း ၁၈၀ ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အလှူရှင်နှင့် နိုင်ငံတော်ထောက်ပံ့ငွေတို့ဖြင့် ရေကန် ၁၂၃ ကန်၊ စက်ရေတွင်းနက် ၂၀၄၈ တွင်း၊ တုံကင်တွင်း ၈၁၂ တွင်း၊ စိမ့်စမ်းတွင်းသုံးတွင်း၊ မြစ်ရေတင် ၃၈ ခုကို ကျေးရွာပြည်သူများအစီအစဉ်ဖြင့် ဆောင်ရွက်ထားပြီး ကျေးရွာအုပ်စု ၈၁ အုပ်စု၊ အိမ်ခြေ ၄၀၂၇၂၊ လူဦးရေ ၂၂၀၈၇၇ ဦးရှိပြီး တစ်ရက်ရေလိုအပ်ချက်မှာ ၄၂၃၆၂၀ ဂါလန်ဖြစ်သည်ဟု သိရသည်။

ကျေးရွာပြည်သူများ၏အစီအစဉ်အရ ဆောင်ရွက်ထားသည့် ရေအရင်းအမြစ်များမှာ ရေဂါလန် ၂၇၇၃၁၃၃၂ ဂါလန်ရရှိမည်ဖြစ်ပြီး စည်ပင်၊ အလှူရှင်နှင့် နိုင်ငံတော်မှ ဆောင်ရွက်ချက်အရ ရရှိမည့်ရေဂါလန်မှာ ၅၆၀၄၀၀ ဖြစ်၍ တစ်ရက်ရရှိမည့် ရေဂါလန်မှာ ၂၈၉၉၆၁၉ ဂါလန်ဖြစ်သည်။ တစ်ရက်လိုအပ်ချက်ထက်ရရှိသော ရေဂါလန်မှာ ပိုမိုများပြားနေသော်လည်း အချို့ကျေးရွာများမှ ရေတွင်းများသည် သောက်သုံး/ချက်ပြုတ်၍ မရသော ရေပေါ့များဖြစ်နေသဖြင့် တောင်ရင်းကျေးရွာအိမ်ခြေ(၄၄၈) လူဦးရေ၂၄၃၂ ဦး၊ ရှမ်းကုန်းကျေးရွာ အိမ်ခြေ(၁၁၅) လူဦးရေ ၆၄၀၊ မုန့်ညင်းချောင်းကျေးရွာ အိမ်ခြေ(၁၁၀) လူဦးရေ ၄၆၈၊ ရေခါးကျေးရွာ အိမ်ခြေ(၂၆၀) လူဦးရေ ၁၁၈၁၊ ကြွယ်ပုံကျေးရွာအိမ်ခြေ(၂၆၀) လူဦး ရေ ၁၁၄၀၊ ရွာသာယာ ကျေးရွာ အိမ်ခြေ (၈၁) လူဦးရေ ၃၅၀၊ စကျင်ကျေးရွာ အိမ်ခြေ (၂၀၇) လူဦးရေ ၁၁၅၀၊ ဆည်လေးတောကျေးရွာ အိမ်ခြေ (၁၀၀) လူဦးရေ ၄၈၉၊ ထန်းတောကျေးရွာ အိမ်ခြေ ၁၀၅ လူဦးရေ ၄၉၈၊ ရေမျက် ကျေးရွာ အိမ်ခြေ (၁၅၀) လူဦးရေ ၇၁၆ ရှိကျေးရွာများအတွက် ရေများသယ်ယူနိုင်ရေးအတွက် စက်သုံးဆီများ ထောက်ပံ့ပြီးဖြစ်ကြောင်း သိရသည်။ **(၁၃၇)**

မိတ္ထီလာမြို့ တည်ငြိမ်အေးချမ်း

မိတ္ထီလာ ဧပြီ ၃

မိတ္ထီလာမြို့တွင် တည်ငြိမ်အေးချမ်းသည့် အခြေအနေများကြောင့် ဒေသခံပြည်သူများ၊ ခရီးသွားဧည့်သည်များမှာ ဈေးရောင်းဈေးဝယ်ဖောက်ကားခြင်း၊ ခရီးဖြတ်သန်းသွားလာခြင်းနှင့် စိတ်အေးချမ်းစွာ သွားလာနေထိုင်လျက်ရှိသကဲ့သို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်မိသားစုဝင်များသည်လည်း ကယ်ဆယ်ရေးစခန်းများအတွင်း၌ လွတ်လပ်အေးချမ်းစွာဖြင့် နေထိုင်လျက်ရှိကြောင်း သိရသည်။

"နံနက်စောစောအချိန်နဲ့ ညနေအေးတဲ့အချိန်တွေမှာ အားလပ်ချိန်တွေရှိနေလို့ ကယ်ဆယ်ရေးစခန်းအတွင်းမှာ ရှိတဲ့လူငယ် လူလတ်ပိုင်းလေးတွေ ဝိုင်းဖွဲ့ပြီး ဘောလုံးကစားတာမျိုး၊ ခြင်းလုံးခတ်တာမျိုးတွေ လွတ်လွတ်လပ်လပ်ကစားကြတယ်။ အထကကျောင်းဖြစ်လို့ အဆင့်မြင့်တဲ့အားကစားကွင်းလည်း ရှိတယ်"ဟု အထက(၁)ယာယီဒုက္ခသည်ကယ်ဆယ်ရေးစခန်းတွင် နေထိုင်လျက်ရှိသည့် လူရွယ်တစ်ဦးက ပြောကြားသည်။

အလားတူပညာရေးကောလိပ်၊ ခရိုင်အားကစားကွင်း၊ အမက ၁၆၊ အထက ၃၊ အထက ၅၊ အလက ၂ ယာယီဒုက္ခသည်ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်လျက်ရှိသည့် မိသားစုဝင်လူငယ် လူရွယ်များသည်လည်း လွတ်လွတ်လပ်လပ်ဖြင့် အေးချမ်းစွာ ဝိုင်းဖွဲ့ကစားခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။ **(ဓါတ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မီးမလောင်ခင်
သတိယှဉ်
ကြိုတင်
ကာကွယ်ပါ

သစ်ပင်စိုက်ရာသီတွင် စိုက်ပျိုးရန် ပျိုးပင်မျိုးစုံပျိုးထောင်ထား

ရေစကြို ဧပြီ ၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၂-၂၀၁၃ ခုနှစ် သစ်ပင်စိုက်ရာသီတွင် အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် မြို့မပျိုးဥယျာဉ်၌ ယူကလစ်ပျိုးပင် ၆၀၀၀၀၊ ကျွန်းပျိုးပင် ၂၅၀၀၀၊ ရှားပျိုးပင် ၃၀၀၀၀ နှင့် ကုက္ကို၊ တမာ အပါအဝင် ပျိုးပင်မျိုးစုံ ၁၃၀၀၀၀ ပျိုးထောင်ထားသည်။ ယခုအခါ မြို့မပျိုးဥယျာဉ်၌ ရေလောင်း၊ ပေါင်းသင်၊ အပင်ပြုစုခြင်းများ ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ပြည်တွင်းသတင်း

ဒုတိယအကြိမ် နေပြည်တော် မဟာသကြ်န် Tour Gold Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ငွေသားဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်

နေပြည်တော် မေ ၃

၂၀၁၃ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် မဟာသကြ်န် Tour Gold Cup ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် မေ ၉ ရက်၊ ၁၀ ရက်များတွင် နေပြည်တော်မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် တစ်ဦးချင်း (အမျိုးသား၊ အမျိုးသမီး)နှင့် အသင်းလိုက်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး အမျိုးသား တစ်ဦးချင်းပြိုင်ပွဲတွင် (Professional အဆင့်) ပထမဆု ကျပ် ၂၅ သိန်း၊ ဒုတိယဆု ကျပ် ၁၅ သိန်း၊ တတိယဆု ကျပ် ၁၀ သိန်း၊ စတုတ္ထ ကျပ် ရှစ်သိန်းနှင့် ဒသမအဆင့်ထိလည်းကောင်း၊ (Amateurs အဆင့်) ပထမဆု ကျပ် ၁၅ သိန်း၊ ဒုတိယဆုကျပ် ၁၀ သိန်း၊ တတိယဆု ကျပ် ရှစ်သိန်းနှင့် ဒသမအဆင့်ထိလည်းကောင်း၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ (Amateursအဆင့်) တွင် ပထမဆုကျပ် ငါးသိန်း၊ ဒုတိယဆု ကျပ် လေးသိန်း၊ တတိယဆုကျပ် သုံးသိန်း၊ ပဉ္စမအဆင့်ထိလည်းကောင်း အသင်းလိုက် ပထမဆု ကျပ် ၁၈သိန်း၊ ဒုတိယဆုကျပ် ၁၂သိန်း၊ တတိယဆုကျပ် ခြောက်သိန်းတို့အပြင် အခြားဆုများကိုလည်း ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

အသင်းလိုက်ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီးကစားသမား ခြောက်ဦးပါဝင်နိုင်ပြီး Professional အဆင့်ကစားသမားနှစ်ဦးအထိ ပါဝင်ခွင့်ပြု၍ အကောင်းဆုံး လေးဦး၏ ရိုက်ချက်ပေါင်းဖြင့် တွက်ချက်မည်။ ပြိုင်ပွဲဝင်ကစားသမားအားလုံးသည် အကျောပေး သတ်မှတ်ချက် (Handicap Zero) ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ထည့်ဝင်ရမည်ဖြစ်ပြီး အသင်းဝင်ကြေး ပေးသွင်းရန်မလိုပါ။

ပြိုင်ပွဲဝင်စည်းကမ်းအနေဖြင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းများနှင့် သတ်မှတ်ဂေါက်ကွင်း၏ ဒေသန္တရစည်းမျဉ်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသည့် ဂေါက်သီးရိုက်အသင်းများနှင့် အားကစားသမားများ၏ အမည်စာရင်းကို ၂၀၁၃ ခုနှစ် မေ ၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဖုန်း-၀၆၇-၄၀၆၁၇၈၊ ၀၆၇-၄၀၆၁၈၃၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ဦးထွန်းကျော် ဖုန်း-၀၉-၂၀၃၇၆၇၁ နှင့် ဦးအောင်မျိုးကျော် ဖုန်း-၀၉-၄၃၀၉၅၆၇၈ တို့ထံသို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့် ပြိုင်ပွဲဝင်အသင်းခေါင်းဆောင်များ ညှိနှိုင်းအစည်းအဝေးကို မေ ၈ ရက် မွန်းလွဲ ၁ နာရီတွင် မြို့တော်ဂေါက်ကွင်း အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းခေါင်းဆောင်များ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးအား သမိုင်းဆိုင်ရာအချက်အလက်များဖြင့် အလွယ်တကူဖူးမြော်နိုင်ပြီ

ရန်ကုန် မေ ၃

သတင်း-ကောင်းမြတ်သူ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဘုရားဖူးကြသော ပြည်တွင်း၊ ပြည်ပဘုရားဖူးလာသူများ ရွှေတိဂုံဆိုင်ရာ သမိုင်းအချက်အလက်များနှင့် မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာများ အလွယ်တကူ သိရှိလေ့လာနိုင်ရန် ရည်ရွယ်လျက် ရွှေတိဂုံမီဒီယာကစ် (SHWEDAGON Media Kit) ကို ပြုစုထုတ်ဝေလိုက်ပြီဖြစ်ကြောင်း ထွတ်မီဒီယာမှ တာဝန်ရှိသူတစ်ဦးက မြန်မာ့အလင်းသို့ ပြောကြားသည်။

"ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူးလာပြည်သူတွေအနေနဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များနဲ့ ပတ်သက်ပြီး လေ့လာသိရှိကြသူများရှိကြသလို မသိသေးတဲ့ လူတွေလည်းရှိပါတယ်။ အထူးသဖြင့် နိုင်ငံခြားသားတွေအများစုဟာ ရွှေတိဂုံရဲ့အကြောင်းကို စကားပြန်လုပ်သူက ရှင်းပြမှ သိရတာပါ။ ဒီအတွက် အခက်အခဲမရှိစေဖို့ ရွှေတိဂုံမီဒီယာကို ထုတ်ဝေလိုက်ခြင်းဖြစ်ပါတယ်။ ရွှေတိဂုံမီဒီယာကစ်ဆိုတာကတော့ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ကောင်းကင်မှမြင်ရတဲ့အနေအထားနဲ့ရေးဆွဲထားတဲ့ သရီးဒီမြေပုံနဲ့ ရွှေတိဂုံ Guide Book ကို တွဲခေါ်တာဖြစ်ပါတယ်။ မြေပုံပေါ်မှာ ဖော်ပြထားတဲ့ နံပါတ်တွေနဲ့ Guide Book မှာ ရေးသားထားတဲ့ ရည်ညွှန်းချက်တွေနဲ့ တွဲကြည့်ရတဲ့ သဘောပါ။ ဒီလို ထုတ်လုပ်လိုက်ခြင်းအားဖြင့် စေတီတော်ကြီးရဲ့ ဘယ်နေရာမှာ ဘာတွေရှိတယ်ဆိုတဲ့ ထင်ရှားတဲ့ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်တွေကို ချက်ချင်းသိနိုင်စွမ်းရှိပါတယ်" ဟု ထွတ်မီဒီယာမှ ကိုနီဟိန်းအောင်က ရှင်းပြသည်။

"ကျွန်တော်တို့အနေနဲ့ ဒီရွှေတိဂုံမီဒီယာကစ်ကို လောလောဆယ် မြန်မာဘာသာနဲ့ပဲ ထုတ်ဝေထားပါတယ်။ ဧပြီလအတွင်းမှ အင်္ဂလိပ်၊ တရုတ်နဲ့ ထိုင်းဘာသာစကားတို့နဲ့လည်း ထုတ်ဝေသွားမှာ ဖြစ်ပါတယ်။ အဓိကကတော့ မြန်မာလူမျိုးတို့၏ ကိုးကွယ်ယုံကြည်ရာ ရွှေတိဂုံစေတီတော်မြတ်ကြီးအကြောင်းပြည်ပခရီးသွားများ ဂယနဏသိရှိလာပြီး မြန်မာနိုင်ငံသို့ နောက်တစ်ကြိမ်လာရောက်စေလိုသော စိတ်ဆန္ဒများပေါ်ပေါက်လာပြီး မြန်မာ့ခရီးသွားလုပ်ငန်းကိုအရှိန်အဟုန်ဖြင့် တိုးတက်စေလိုတဲ့ဆန္ဒဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

အဆိုပါ ရွှေတိဂုံမီဒီယာကစ် ဖွင့်လှစ်ခြင်းအခမ်းအနားကို မတ် ၃၀ ရက်က ကရဝိက်ဟိုတယ်၌ ကျင်းပခဲ့ပြီး သတင်းစာ၊ ဂျာနယ်အသီးသီးတို့မှ သတင်းထောက်များ၊ စာပေနယ်မှ စာပေသမားများအပါအဝင် ပြည်သူပေါင်း ၁၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၄-၂၀၁၃ (ကြာသပတေးနေ့)

၅:၀၀	MRTV-4 အဖွင့် Logo **ပဋ္ဌာန်းပါဠိတော်+ဓမ္မသုတ်**
၅:၂၀	MRTV-4 သတင်း
၈:၅၀	Premier Coffee (၅)နှစ်ပြည့် နှစ်ပတ်လည်ဂုဏ်ပြုညစာစားပွဲနှင့် ကံထူးရှင်ဆုချီးမြှင့်ပွဲ အခမ်းအနား
၉:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၆၈)
၉:၃၅	MRTV-4 မြန်မာ့ရိုးရာသကြ်န်
၁၁:၀၀	Food & De'cor
၁၁:၃၀	**သီချင်းကောင်းကောင်း သီချင်းတောင်း**
၁၁:၅၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်ခြင်းမှပေးစွမ်းသော** (အပိုင်း-၁၆)
၃:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ်** (အပိုင်း-၂၄)
၃:၄၅	MRTV-4 မြန်မာ့ရိုးရာသကြ်န်
၄:၀၀	Cartoon Series (Go, Torara! Go!)
၄:၂၅	ကလေးတို့အတွက်လမ်းညွှန် (Limited Edition)
၆:၀၀	MRTV-4 သတင်း
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းမရှိလို့မဖြစ်** (အပိုင်း-၂၅)
၈:၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၆၉)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်ခြင်းမှပေးစွမ်းသော** (အပိုင်း-၁၇)
၁:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လေညင်းလေးရဲ့ပျော်ရွှင်မှု** (အပိုင်း-၆၉)
၁:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ချစ်ခြင်းမှပေးစွမ်းသော** (အပိုင်း-၁၇)
၂:၅၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၅၀	ခနုဖြူရဲ့အထင်ကရ နေရာများဆီသို့ အလည်တစ်ခေါက်

ဘုရားကျောင်းကန် ခြွင်းမချန် မီးရန်သတိထားပါ

Invitation For Tender

Tender No.Bridge/Byn-2/2013-2014/NPT/ST-001

1. Opened Tender is invited by Public Works,Ministry of Construction,Nay Pyi Taw, the Republic of the Union of Myanmar for the Supply of Steel Truss and Accessories for BAYINTNAUNG BRIDGE No.2 (Four Lanes Highway Bridge Construction Project) across Hline River,it links Mayangon Township with Hlinethaya Township,Yangon Region.
2. Tender application form of BAYINTNAUNG BRIDGE No.2 (including Technical Specifications,terms of Tender,Tender Schedule and Offer Form) can be purchased with USD 1000 (One Thousand Only).
3. The payment for tender application must be paid to public Works's Account OA-010311,Myanmar Economic Bank(2)through Myanmar Foreign Trade Bank.
4. The Tender documents can be obtained from Bridge Division, Building No.(11),Public Works,Ministry of Construction,Nay Pyi Taw, the Republic of the Union of Myanmar only with the Cash Receipt delivered by Account Division,Public Works from 5th April,2013 to 25th April,2013 in office time.
5. Tender should be submitted to the above address not later than 16:30 hours on 5th June,2013.
6. For further detail information,Please contact to Telephone No.067-407183,407514

Managing Director
Public Works



ပြည်တွင်းသတင်း

တစ်ပတ်အတွင်း MNL ပွဲစဉ်များကို ခံစားခြင်း

ရဲရင့်ရှိုင်း

အခုတစ်ပတ် MNL ပွဲစဉ်တွေမှာ မထင်မှတ်သည့်ရလဒ်များ ထူးခြားမှုတွေ ရှိခဲ့သည်။ အိမ်ကွင်းမှာ ရလဒ်ကောင်းတွေ ဆက်တိုက်ရနေသည့် ဇေယျာရွှေမြေအသင်း ဂိုးပြတ်ရှုံးသည်။ လက်ရှိချန်ပီယံ ရန်ကုန်အသင်းသည် နှစ်ပွဲဆက်ရှုံးသည်။ ကမ္ဘောဇအသင်းက နောက်ဆုံး မိနစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။ ထူးခြားသည်က အဆင့်(၁)မှ (၈) အထိ အသင်းတွေမှာ အမှတ်ကွာဟမှု ကြီးကြီးမားမားမရှိ။ အမှတ်တူတာလည်းမရှိ။ အားလုံးက တစ်မှတ်စီသာ ကွာဟနေသည်။

ကမ္ဘောဇအသင်းနည်းပြချုပ် ဆီဗာဂျီ။

ဆီဗာဂျီရဲ့ ကမ္ဘောဇနည်းပြ ဒုတိယသက်တမ်း

စင်ကာပူလူမျိုး နည်းပြဆီဗာဂျီသည် ပြီးခဲ့သည့် ၂၀၁၂ ရာသီ၏ ရာသီဝက်အပြောင်းအရွှေ့ ကာလတွင် ကမ္ဘောဇအသင်းကိုရောက်လာသည်။ ဒီနှစ်က သူ့ရဲ့ ဒုတိယသက်တမ်းဖြစ်သည်။ ဆီဗာဂျီရဲ့ အရည်အသွေး ဘယ်လောက်ရှိလဲဆိုတာ သူ့ရဲ့နည်းပြ မှတ်တမ်းကို ကြည့်ရင်သိနိုင်သည်။ ဟံသာဝတီလို အသင်းမျိုးကို 2000 MFF Cup ရှုံးထွက်ပြိုင်ပွဲတွင် ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ပြခဲ့သည်။ နာမည်ကြီး ကစားသမားများ မရှိသည့်အသင်းကို ချန်ပီယံဆုရအောင်လုပ်ပြခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် သောကြာနေ့က ယှဉ်ပြိုင်ခဲ့သော ပွဲတွင် ကမ္ဘောဇအသင်းက ရန်ကုန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ကစားခဲ့သည်။ နှစ်သင်းစလုံးရဲ့ ခြေစွမ်းက အကောင်းကြီးတော့မဟုတ်။ ကမ္ဘောဇအသင်းက ရသည့်အခွင့်အရေးကို အသုံးချနိုင်သည်။ နောက်ဆုံးမိနစ်ဂိုးဖြင့်နိုင်သည်။ ကမ္ဘောဇရဲ့ နိုင်ပွဲအတွက် အဓိကစွမ်းဆောင်ပေးခဲ့တာက နောက်ဆုံးမိနစ်မှာ ဂိုးသွင်းခဲ့သည့် နူနက်ဇ်မဟုတ်။ နည်းပြဆီဗာဂျီဖြစ်သည်။ သူ့ရဲ့ပွဲအခင်းအကျင်း နည်းဗျူဟာက ပြောင်မြောက်လွန်းသည်။ ရန်ကုန်အသင်းရဲ့ အမာခံတိုက်စစ်မှူးတွေဖြစ်သည့် ကိုနေးနှင့် ဆီဇာကိုထိန်းဖို့ ခံစစ်ဗျူဟာကို အကောင်းဆုံးချမှတ်နိုင်ခဲ့သည်။ နိုင်ငံခြားသား ကစားသမားတွေဖြစ်သည့် ဟန်ဆန်နှင့် ဂျူနီယာတို့ကိုတာဝန်ပေးပြီး ဘောလုံးဆုံးသည်နှင့် ဝင်းမင်းထွဋ်ကို ခံစစ်ကိုဆင်းကူခိုင်းသည်။ ဂိုးရဖို့အတွက်လည်း ရန်ကုန်နောက်ခံလူများနှင့် ဂိုးသမားတို့၏ အားနည်းချက်ကို ထိထိမိမိအသုံးချနိုင်ခဲ့သည်။ ၂၀၁၂ ရာသီက ကမ္ဘောဇအသင်းကို ဖလားနှစ်လုံး လမ်းကြောင်းပေါ် ဆီဗာဂျီပို့ဆောင်ပေးနိုင်ခဲ့သည်။ ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာမှ လက်လွတ်ခဲ့ရပြီး ပြိုင်ပွဲနှစ်ပွဲစလုံးတွင် ဒုတိယရခဲ့သည်။ သေချာတာက ဒီနှစ်မှာလည်း ကမ္ဘောဇအသင်းကို ချန်ပီယံအိပ်မက်တွေ အသက်သွင်းပေးမယ့်သူက ဆီဗာဂျီပဲဖြစ်သည်။

၂၀၁၃ MNL ရဲ့ ရှုံးပွဲမရှိသေးသောအသင်း

ဒီရာသီမှာ ချီးကျူးရမည့်အသင်းက မကွေးအသင်းဖြစ်သည်။ သူတို့မှာ လက်ရွေးစင်အသင်း၌ ဒေါင်ဒေါင်မြည် ကစားနေသော ကစားသမားမရှိ။ အရန်ကစားသမားအဖြစ် ပါဝင်နေသူ တစ်ဦးစ နှစ်ဦးစတော့ ရှိသည်။ အခုရာသီခေါ်ထားသည့် နိုင်ငံခြားသား ကစားသမားလေးဦးကတော့ အားကိုးရသည်။ အရည်အသွေးရှိသည့် နည်းပြအဖွဲ့နှင့် ပေါင်းစပ်မိသွားသည့်အခါ မကွေးအသင်း၏ရလဒ်က တက်လာသည်။ ခုနစ်ပွဲကစားအပြီးတွင် ရှုံးပွဲမရှိသေး။ အသင်းကြီးတွေ အပါအဝင် ကျန် ၁၁ သင်းစလုံး ရှုံးပြီးပြီ။ ပွဲစဉ်(၇)တွင် အိမ်ကွင်းမာကျောသည့် ဇေယျာရွှေမြေနှင့် ကစားရသည်။ မုံရွာကွင်းတွင် မကွေးအသင်းရလဒ် မကောင်းတတ်။ အစဉ်အလာ အားလုံးကို ချိုးဖျက်ပြီး မကွေးအသင်း ဂိုးပြတ်အနိုင်ယူခဲ့သည်။ မောင်မောင်စိုးတစ်ဦးတည်း ဟက်ထရစ်သွင်းကာ သုံးဂိုး-တစ်ဂိုးဖြင့်နိုင်သည်။ ဇေယျာရွှေမြေအသင်းရဲ့ အမှတ်ဖြတ်နိုင်မည့် အခွင့်အရေး၊ အိမ်ကွင်းရှုံးပွဲမရှိစံချိန်တွေကို မကွေးအသင်းက ရိုက်ချိုးလိုက်သည်။ အခုတစ်ပတ် စနေနေ့တွင် လက်ရှိချန်ပီယံရန်ကုန်နှင့် ကစားရမည်။ ရှုံးပွဲမရှိစံချိန်ကို ဆက်ထိန်းနိုင်မလားဆိုတာစိတ်ဝင်စားဖို့ကောင်းသည်။

ပါရာဒိုင်း

အပြောင်းအလဲဖြစ်မလား

MNL အမှတ်ပေး ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပသည်။ ရတနာပုံနှင့် ရန်ကုန်တို့က နှစ်ကြိမ်စီ ဗိုလ်စွဲထားသည်။ ချန်ပီယံဖြစ်ထားသည့်အသင်းက နှစ်သင်းသာရှိသည်။ ဒီရာသီက ဒီနှစ်သင်းရဲ့ ပြင်ဆင်မှုက အားကောင်းသည့် ရလဒ်ကတော့ ထင်သလောက် မကောင်းသေး။ ပွဲစဉ် (၇) အပြီးမှာ အသင်းတွေရဲ့ အမှတ်ကွာဟမှုက ကြီးကြီးမားမားမရှိ ရတနာပုံနှင့် ရန်ကုန်အသင်းတို့ရဲ့ ကြီးစိုးထားမှုကို ဘယ်အသင်းက ပြောင်းနိုင်မလဲ။ ပါရာဒိုင်း အပြောင်းအလဲ ဒီနှစ်မှာ ဖြစ်မလား။ စောင့်ကြည့်ရမည်ဖြစ်သည်။

ဟက်ထရစ်သွင်းယူခဲ့သူ မောင်မောင်စိုး(မကွေး)

ဆုတံဆိပ်နှင့် မှတ်တမ်းများလှူဒါန်း

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံ အားကစားသမိုင်းနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့အားကစားသမားများ၏ စွမ်းဆောင်အောင်မြင်မှုများနှင့် စပ်လျဉ်း၍ ပြည်သူများသိရှိလေ့လာနိုင်ရန် အားကစားပြတိုက် (စိတ်ဓာတ်မြှင့်တင်ရေးခန်းမ)နှင့် စာကြည့်တိုက်ဖွင့်လှစ်မည်ဖြစ်သဖြင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းများ၏ မှတ်တမ်းဓာတ်ပုံများ၊ ရရှိခဲ့သည့်ဆုတံဆိပ်၊ ဆုဖလားများ၊ အထောက်အထားမှတ်တမ်းများ၊ သတင်းစာ၊ ဂျာနယ်၊ စာစောင်နှင့် စာရွက်စာတမ်း၊ စာအုပ်များကို ဂုဏ်ပြုပြသထားနိုင်ရေးအတွက် မတ် ၂၅ ရက်တွင် ဒေါ်လှလှဝင်းက ဦးအီးစီဒူပလီ(ခ) ဒိုင်ဒူပလီ(ဘောလုံးဒိုင်လူကြီး)၏မှတ်တမ်းဓာတ်ပုံများ၊ ဦးပြည့်စုံသိန်းကဦးဖေသိန်း (ဘောလုံးသမား)၏မှတ်တမ်းဓာတ်ပုံ၊ (၁၁)ကြိမ်မြောက် မာဒေးကားဖလားပြိုင်ပွဲ ပထမဆုတံဆိပ်နှင့် Contingent စာအုပ်တို့ကို လူထုအားကစားနှင့် ပညာပေးဌာနခွဲ(ရန်ကုန်)သို့လာရောက်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ဆိုင်းဘုတ်ကိုင်အမျိုးသမီး Volunteer များအဖြစ် ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ကမ်းလှမ်းခြင်း

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံအသီးသီးကိုယ်စားပြုဆိုင်းဘုတ်ကိုင် အမျိုးသမီး ၁၁ ဦးနှင့် ပိတ်ပွဲအခမ်းအနားတွင် အားကစားနည်း ၃၃ နည်း ကိုယ်စားပြုဆိုင်းဘုတ်ကိုင် အမျိုးသမီး ၃၃ ဦးကို Volunteer ကိုယ်တိုင် ဆန္ဒပြုသူအဖြစ် ရွေးချယ်တာဝန်အပ်နှင်းရန် ရှိပါသည်။

၂။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အလှည့်ကျဆောင်ရွက်သော အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်မိန်းကလေးများ ပါဝင်ဆောင်ရွက်စေလိုသောစေတနာဖြင့် ဖိတ်ခေါ်ခြင်းဖြစ်ရာ ဆိုင်းဘုတ်ကိုင်အမျိုးသမီးများအဖြစ် Volunteer ဆောင်ရွက်ရန် စိတ်ဝင်စားသူ အမျိုးသမီးငယ်များသည် ဖော်ပြပါလိုအပ်သော အရည်အချင်းများနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေး၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့များသို့ လူကိုယ်တိုင်သွားရောက်ဆက်သွယ်၍ စာရင်းသွင်း အရွေးချယ်ခံရန် ဖိတ်ခေါ်ပါသည်-

- (က) မြန်မာတိုင်းရင်းသူဖြစ်ရမည်။
- (ခ) ရုပ်ရည်ပြေပြစ်ချောမောသူ အပျိုဖြစ်ရမည်။
- (ဂ) ခန္ဓာကိုယ်အချိုးအစားပြေပြစ်သူ ဖြစ်ရမည်။
- (ဃ) အရပ် ၅ ပေ ၄ လက်မ ရှိရမည်။
- (င) အသက် ၁၈ နှစ်မှ ၂၂ နှစ်အတွင်းဖြစ်ရမည်။
- (စ) တက္ကသိုလ်ကျောင်းသူ (သို့မဟုတ်) ဘွဲ့ရရှိသူဖြစ်ရမည်။
- (ဆ) အင်္ဂလိပ်ဘာသာစကားအသင့်အတင့်ပြောဆိုနိုင်သူ ဖြစ်ရမည်။
- (ဇ) မြန်မာဆန်သောအသားအရောင်ရှိရမည်။
- (ဈ) ဆံပင်အနက်ရောင်ဖြစ်ရမည်။
- (ည) လှယဉ်ကျေးမယ်ဝတ်စုံဖြင့် (၁)လအတွင်း ရိုက်ကူးထားသော (၆×၄)လက်မအရွယ်ရှိ ကိုယ်လုံးပေါ်ဓာတ်ပုံရှေ့တည့်တည့် တစ်ပုံ၊ ဘေးစောင်း တစ်ပုံနှင့် (၆×၄)လက်မအရွယ်ရှိရှေ့တည့်တည့်မှ ရိုက်ကူးထားသော ကိုယ်တစ်ပိုင်းပုံ တစ်ပုံ။

၃။ လာရောက်ဆက်သွယ်သူ လူငယ်ကျောင်းသူလေးများကို စာရင်းမှတ်တမ်းသွင်း၍ လိုအပ်သလိုကူညီမှုပေးပါရန် သက်ဆိုင်ရာအမျိုးသမီးရေးရာအဖွဲ့သို့ မေတ္တာရပ်ခံအပ်ပါသည်။ **ယဉ်ကျေးမှုဝန်ကြီးဌာန**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

- (က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့် ဟင်းချက်ပြုတ်ခြင်းမပြုရန်။
- (ခ) မီးဖိုအား သုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
- (ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။ **မီးသတ်ဦးစီးဌာန**

မြန်မာပြည်အဝန်း ငြိမ်းချမ်းတိုးတက်စေကြောင်း ဆရာတော်ကြီးဘဒ္ဒန္တဉာဏစက္က မေတ္တာလောင်း၍ ပြန်လည်ကြွချီသီတင်းသုံးမည့်အကြောင်း ကုသိုလ်ယူနိုင်ပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာအုပ်စု၊ ဉာဏရပ်ကွက်ရှိ မင်္ဂလာသိရိမဟာသတိပဋ္ဌာန်ကျောင်းတိုက် ပဓာန နာယကနှင့်တစ်နိုင်ငံလုံးရှိ စိတ္တသုခ ကမ္မဋ္ဌာန်းကျောင်းတိုက်များ၏ ပဓာန နာယကဖြစ်တော်မူသော ဆရာတော်ကြီးဘဒ္ဒန္တဉာဏစက္က(ရခိုင်ကျောင်းဆရာတော်ကြီး)သည် သက်တော်(၉၀)ပြည့်အထိမ်းအမှတ် ရဟန်းရှင်လူပြည်သူတို့၏ ပင့်လျှောက်မှုအရ ရခိုင်ပြည်နယ်သို့ ဒေသစာရီကြွချီတော်မူပြီးဖြစ်ပါ၍ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာသိရိမဟာ သတိပဋ္ဌာန်ကျောင်းတိုက်သို့ မကြာမီပြန်လည်ကြွချီသီတင်းသုံးမည်ဖြစ်ပါကြောင်း ကုသိုလ်ယူနိုင်ပါရန် ဆရာတော်ကြီး၏ မေတ္တာများဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

Air Bagan ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ မိသားစုများ၊ ဒေဝ်မိသားစု၊ Fortune Enterprise မိသားစု၊ Global Net မိသားစု၊ ဦးစံရွှေအောင်-ဒေါ်အေးအေးသန်း မိသားစု

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးကိုကိုဦး HIG-၀၃၉၅၇၅ ၏ သင်္ဘောသားလက်မှတ် 4-ticket ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **မျိုးကိုကိုဦး**
ဖုန်း-၀၉-၄၃၁၇၂၅၀၇၊ ၀၉-၄၉၃၁၇၃၃၀

ပျောက်ဆုံးကြောင်း

မသဲဆုမွန် ၁၂/ဒဂမ(နိုင်)၀၁၄၀၄၆ ၏ နိုင်ငံကူး ပတ်စ်ပို့စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၁၀၉၂၇၈၄**

အမည်ပြောင်း

အထက(၁) တပ်ကုန်းမြို့ အဌမတန်း (A)မှ ဦးမြင့်အောင်၏သား မောင်စောပြည့်ထွန်းအား မောင်ထက်အောင်လှိုင်ဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ထက်အောင်လှိုင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း အလုပ်အမှုဆောင်အဖြစ် အဆိုပြုနိုင်ရန် ဖိတ်ခေါ်ခြင်း

မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၏ (၁၉) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းရာတွင် အသင်းအလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် အသင်းဝင်များအနေဖြင့် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းရုံး၊ မူဆယ်မြို့တွင် ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ အဆိုပြုလွှာများ ထုတ်ယူနိုင်ပါသည်။ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၃ခုနှစ် မေ ၁၅ ရက်အတွင်း **အဆိုပြုလွှာ**များတင်သွင်းနိုင်ပါရန် အသိပေး ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးခင်ဇော်(ရုံးအုပ်) ဖုန်း-၀၈၂-၅၀၆၄၈၊ ၅၂၉၈၄၊ ၀၉-၅၂၃၃၂၅၀၊ ၀၉-၅၂၁၄၀၇၅၊ ၀၆၉၂-၆၂၈၂၅၅၄၊ ၆၂၀၅၄၇၄

အလုပ်အမှုဆောင်အဖွဲ့
မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ် (၃)ရပ်ကွက်၊ ကံသာယာရပ်နေ ဦးအောင်ခင်၏သား ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဝင်း ၉/ညဥန(နိုင်)၀၀၆၆၅၆ သည် ညောင်ဦးမြို့၊ အမှတ် (၆)ရပ်ကွက်၊ အောင်မြေသာရပ်ရှိ ဦးထွန်းဇော်အမည်ပေါက် ဦးပိုင်အမှတ် ၁-ဃမြို့မြေ ၀ဒသမ၁၈၄ဧကရှိမြေကွက်နှင့် ထိုအရပ်ရှိ ဦးလှဝင်းအမည်ပေါက် ဦးပိုင်အမှတ် ၁-ငမြို့မြေ ၀ ဒသမ ၁၈၄ဧကရှိ မြေကွက်တို့အား အထူးကိုယ်စားလှယ်စာရရှိထားသူဖြစ်ပါသည်။ ထိုမြေကွက်များနှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချရန် ဦးအောင်ဝင်းက စီစဉ်လျက်ရှိပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီဆက်လက်၍ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟန်ရင် LL.B
အထက်တန်းရှေ့နေ (စဉ်-၁၈၂၅၀)
အောင်သိဒ္ဓိရပ်၊ အမှတ် (၃)ရပ်ကွက်
ညောင်ဦးမြို့၊ ဖုန်း-၀၉-၄၀၂၅၀၀၁၁၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄၊ ဗိုလ်မှူးဗထူးလမ်း၊ မြေကွက်အမှတ် ၁၆၊ အကျယ်အဝန်း ၄၁ပေ×ပေ၆၀ ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့မြေစာရင်းတွင် အမည်ပေါက်သူ ဦးဖေတင့်ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးစောမိုးအယ်စေး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၄၆၁၈/၂၀၁၃)ရရှိထားသူ ဦးသူရိန် ၁၁/စတန(နိုင်)၀၆၆၈၁၁ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် (ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်း) ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B (စဉ်-၂၃၂၉၉) **အထက်တန်းရှေ့နေ**
ဒေါ်အိမ့်ဖြူနိုင် LL.B, D.B.L, D.M.L (စဉ်-၂၉၇၄၆) **အထက်တန်းရှေ့နေ**

အာရှမြေ အိမ်-ခြံ-မြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၃၁၂၈၊ ၃၉၃၁၇၃

အရန်ယာဉ်မောင်းများသိစေရန်

စီးပွား/ကူးသန်းဝန်ကြီးဌာန အငှားယာဉ်လုပ်ငန်း၏ ကြီးကြပ်မှုကော်မတီမှ အရန်ယာဉ်မောင်းအဖြစ် ခန့်အပ်ခံရပြီး ဌာနသို့ စပေါ်ငွေပေးသွင်းထားသူများသည် မိမိတို့ရသင့်သော တန်းတူအခွင့်အရေးများ ရရှိခံစားနိုင်စေရန် ဤကြော်ငြာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း လူကိုယ်တိုင် အထောက်အထားပြည့်စုံစွာဖြင့် အမှတ် ၂၆၊ ခရေပင်လမ်း၊ (၉)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ အငှားယာဉ်ဌာနသို့ အမြန်ဆုံးလာရောက်ဆက်သွယ်ရန် အကြောင်းကြားအပ်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက မိမိတို့၏ရပိုင်ခွင့်များဆုံးရှုံးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

အရန်ယာဉ်မောင်းများ
စီးပွား/ကူးသန်းအငှားယာဉ်လုပ်ငန်း

မြန်မာ့အလင်း စာတည်းထံပေးစာများ

ဝက်ခြံများကြောင့် အနံ့ဆိုးများရှူရှိုက်နေရ

လှိုင်သာယာမြို့နယ် ဒိုင်စုကျေးရွာ ပိတောက်ရွှေဝါလမ်းသွယ်(၂)တွင် ဝက်များအပြိုင်အဆိုင် မွေးမြူနေကြပြီး ဘုန်းတော်ကြီးကျောင်း အုတ်တံတိုင်းကိုပင် ဝင်းခြံခတ်၍ မွေးမြူလျက်ရှိရာ ပူပြင်းသော နွေရာသီတွင် ဝက်ခြံမှ အနံ့အသက်ဆိုးများကို ရပ်ကွက်နေပြည်သူတို့ နေ့စဉ်ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်စေပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

အနံ့မခံနိုင်သူ

လူနေရပ်ကွက်အတွင်းရှိ ကြက်ခြံများ ဖယ်ရှားပေးပါ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ ရန်အောင်မြင်ရပ်ကွက် ကမ္ဘာလုံးဆေးလိပ်ခုံ၏ အနောက်မြောက်ထောင့် ပွဲတော်ရပ်ကွက်အရှေ့ပိုင်းတွင် ကြက်ခြံများ စီးပွားဖြစ်မွေးမြူနေပါသဖြင့် ယင်းကြက်ခြံမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် အများပြည်သူတို့ ကျန်းမာရေးထိခိုက်ပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရန်အောင်မြင်သား

အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သနွှဲပင်ကျေးရွာအုပ်စု သံတံတားကျေးရွာ လူနေအိမ်ခြေများအနီးတွင် ကြက်အစာစပ်စက်ရုံမှ အနံ့ဆိုးသည် ပတ်ဝန်းကျင်နေသူများကို ကျန်းမာရေးထိခိုက်စေပါသောကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံး စစ်ဆေးရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ကျေးရွာသားများ

ယာယီတဲများ ဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ဟံသာဝတီ (၂၁)လမ်းနှင့် လမ်း(၂၀)ကြား မြောင်းကူးတံတားကြီးအနီးနံဘေးတွင် လွန်ခဲ့သောသုံးနှစ်ခန့်က ယာယီရုံးခန်းတစ်ခု ဆောက်လုပ်ခဲ့သည်။ လွန်ခဲ့သောနှစ်နှစ်မှစ၍ မည်သည့်လုပ်ငန်းမှ လုပ်ကိုင်ခြင်းမတွေ့တော့ဘဲ ထပ်မံ၍ ကျူးကျော်တဲများသဖွယ်ဆောက်လုပ်၍ ပုံကျနေထိုင်နေကြသည်။ ယခုကဲ့သို့ ပူပြင်းရာသီ၌ ရပ်ကွက်အတွက် မီးဘေးစိုးရိမ်ရသည့်အပြင် မြို့ပြအဂ်ါရပ်ကိုလည်း ထိခိုက်စေပါသည်။ မလိုလားအပ်သော နောက်ဆက်တွဲပြဿနာများမဖြစ်ပေါ်နိုင်ရေးအတွက် ယင်းယာယီတဲများအားလုံးကို အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်နေပြည်သူများ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

Tour Gold Cup ဖလားနှင့်ဧည့်သည်တော်များ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်း

နေပြည်တော် ဧပြီ ၃

၂၀၁၃ခုနှစ် နေပြည်တော် မဟာသကြိန် Tour Gold Cup ဖလားနှင့် ဧည့်သည်တော်များ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂ ရက် မွန်းလွဲ ၂ နာရီက အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဧပြီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျင်းပမည့် နေပြည်တော်မဟာသကြိန် Tour Gold Cup ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲသည် ဒုတိယအကြိမ် ကျင်းပသည့်ပွဲဖြစ်ကြောင်း၊ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ ပြိုင်ပွဲတွင် ဧည့်သည်တော်များအပါအဝင် အသင်းလိုက်နှင့် တစ်ဦးချင်း(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများပါဝင်ပြီး ဆုကြေးထိုက်တန်စွာ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ အသင်းလိုက်(ပထမ၊ဒုတိယ၊ တတိယ) ဆုများနှင့် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် Professional အဆင့်၊ Amateurs အဆင့်ခွဲ၍ပထမမှ ဒသမအထိနှင့် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ပထမမှ ပဉ္စမအထိ ဆုများနှင့် အခြားဆုများကို ထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်၍ ဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်အောင် ကျယ်ကျယ်ပြန့်ပြန့်ကြော်ငြာပေးရန် လိုအပ်ကြောင်း၊ ပြိုင်ပွဲကာလအတွင်း ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်၍ လုပ်ငန်းများ သာမက လုံခြုံရေးကျိုးပေါက်မှု မဖြစ်ပေါ်စေရေးအတွက် စနစ်တကျ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စတိုးဆိုင်တွေပေါ်က ဟန်းဆက်တွေ ပလက်ဖောင်းဈေးကွက်ထဲရောက်လာကြပြီ

သတင်းနှင့်ဓာတ်ပုံ မောင်နွေသစ်

ရန်ကုန် ဧပြီ ၃

Sim ကတ်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ ဝန်ကြီးဌာနက ကြေညာခဲ့ပြီးနောက် စတိုးဆိုင်ကြီးများတွင် ဈေးနှုန်းကြီးကြီးဖြင့် ရောင်းချနေသော ဟန်းဆက် (Hand Set) များ ရန်ကုန်မြို့လယ်ရှိ ပလက်ဖောင်းများပေါ်တွင် ဈေးနှုန်းသက်သာစွာ အပြိုင်အဆိုင် ရောင်းချနေပြီဖြစ်ကြောင်း ဟန်းဆက်ရောင်းဝယ်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ အခုရောင်းနေတဲ့ဟန်းဆက်တွေကတော့ Brand အစုံပါပဲ၊ နိုကီယာရှိတယ်၊ ဆမ်ဆောင်းရှိတယ်၊ ဂလက်ဆီလည်းရတယ်၊ HTC လည်းရှိတယ်၊ ဟွာဝေးလိုချင်ရင် ဟွာဝေးရှိတယ်၊ အမျိုးကတော့ တော်တော်လေးစုံပါတယ်။ ဒါပေမယ့် ဒီ Brand တွေအားလုံးက China made ပဲနော်။ အားလုံးကတော့ China ပါပဲ။ Touch screen သုံးချင်လား၊ Keypad သုံးချင်လား၊ အားလုံးရှိတယ်။ Touchscreen သုံးမယ်ဆိုရင် ကျပ် ၃၀၀၀၀ ကနေ ၄၀၀၀၀ နဲ့ ရတယ်။ Keypad ထဲက ကြိုက်တယ်ဆိုရင် အနိမ့်ဆုံးကျပ် ၁၀၀၀၀ ကနေ ၃၀၀၀၀ ထက်မပိုဘူး။ Touch screen တွေဆိုရင် ဆိုင်တွေပေါ်မှာ ကျပ်နှစ်သိန်း၊ သုံးသိန်း အော်ရောင်းနေတာ၊ ကျွန်တော်တို့ဆီမှာတော့ ကျပ် ၄၀၀၀၀ ကနေ ၅၀၀၀၀ အများဆုံးပဲ" ဟု ပလက်ဖောင်းတွင် ဟန်းဆက်အမျိုးမျိုးရောင်းချနေသူ ကိုဇင်မင်းထိုက်က ပြောကြားသည်။

အဆိုပါ ပလက်ဖောင်းအရောင်းဆိုင်များသည် နေ့လယ်နေ့ခင်းတွင် မတွေ့ရဘဲ ညနေပိုင်းရောက်မှ ရောင်းချကြသည်ကို တွေ့ရသည်။ ညနေ ၃ နာရီလောက်မှ စပြီးရောင်းချကြရာ အများအားဖြင့် ဆူးလေ ကားမှတ်တိုင်အနီးတစ်ဝိုက်တွင် တွေ့ရလေ့ရှိသည်။

ဟန်းဆက်များကို ဝယ်ယူသုံးစွဲကြရာတွင် ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲနိုင်ကြသူများရှိသကဲ့သို့ အချို့က ဈေးနှုန်းသက်သက်သာသာဖြင့် ဝယ်ယူသုံးစွဲကြသည်လည်းရှိသည်။ ယခုကဲ့သို့ တန်ဖိုးနည်း Sim ကတ်များ ရောင်းချပေးမည့်အချိန်တွင် ဟန်းဆက်များကိုလည်း ဈေးနှုန်းသက်သာစွာ ရောင်းချနေခြင်းသည်လည်း မင်္ဂလာသတင်းကောင်းပင်ဖြစ်သည်။ ဈေးသက်သာမှုနှင့်အတူ ပစ္စည်းအရည်အသွေးကိုလည်း ဂရုပြုကြရမည်ဖြစ်သည်။ Sim ကတ်များ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်သော်လည်း ဟန်းဆက်ဈေးနှုန်းများ အလွန်ဈေးမြင့်နေပါက ပြည်သူတို့အနေဖြင့် Mobile ဖုန်း ဝယ်ယူသုံးစွဲနိုင်ရေး အခက်အခဲ ဖြစ်နေပေလိမ့်မည်။ ယခုကဲ့သို့ Sim ကတ်များ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ကြမည်ဆိုလျှင် မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းသုံးစွဲသူ တစ်ဟုန်ထိုး တိုးတက်လာမည်ဖြစ်ပါသည်။ **(မြန်မာ့အလင်း)**

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

မိုးကုတ်မြို့၊ မြို့မရပ်ကွက်နေ သုဓမ္မသိင်္ဂီဒေါ်ကလာဝတီ၏ခင်ပွန်း နန္ဒာအောင် မိုးကုတ်ဂျဲမ်းစ်ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ သုဓမ္မမဏိဇောတဓရဦးနန္ဒသည် ၄-၁-၂၀၁၃ ရက်တွင် နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ ဖြင့် **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခြင်းခံရသည့်အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အမျိုးဘာသာ သာသနာ အကျိုးအားကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိသားစုနှင့်အတူ ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်
အဖွဲ့ခွဲ၊ မိုးကုတ်မြို့နယ်

၃၁-၃-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာတွင် ဦးအာသာစန်း၊ ဒေါ်စန္ဒီစန်း၊ ဒေါ်နွယ်နီစန်းတို့၏ ကြေညာခြင်းနှင့် စပ်လျဉ်း၍ အများသိစေရန် ပြန်လည်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ် ၇ နေ ဦးအောင်မြင့် ၁၂/ပဘတ(နိုင်)၀၁၇၇၀၃ (ရတနာမြိုင်ဆောက်လုပ်ရေး)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ၤန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆ (၁၉၅၇/၅၈)၊ မြေကွက်အမှတ် ၃/ခ၊ လန-၃ခ ရရှိပြီး မြေအကျယ် ၄ ဒသမ ၁၄၇၂ ဧကအနက် မြေကွက်အမှတ် ဘီ၊ စီ၊ ဒီ ဟုခေါ်တွင်သော ခန့်မှန်း ၂ ဒသမ ၇၅ ဧကရှိ မြေသည် ကွယ်လွန်သူ ဦးစန်းမောင် အမည်ပေါက်၍ သားသမီးများဖြစ်ကြသော ဦးအာသာစန်း၊ ဒေါ်စန္ဒီစန်း၊ ဒေါ်နွယ်နီစန်းတို့ အမွေဆက်ခံကြောင်း၊ ယင်းမြေကို ၎င်းတို့က ရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုလာ၍ ဦးအောင်မြင့်က ဝယ်ယူရန် သဘောတူခဲ့ပါသည်။ စရန်ပေးကတိစာချုပ်များ ချုပ်ဆို၍ ဦးအာသာစန်းပါ(၃)ဦးသည် ဦးအောင်မြင့်ထံမှ စရန်ငွေများကို ရယူခဲ့ပါသည်။ အထက်ပါအရောင်းအဝယ်ပြုသည့်မြေသည် ဦးအာသာစန်းပါ(၃)ဦး လက်ဝယ်တွင်မရှိဘဲ မြေပေါ်တွင် နေထိုင်သူ ၁၁၅ ဦး နေထိုင်လျက်ရှိပါသည်။ မြေကို လက်ရောက်ရရှိရေးအတွက် ဦးအာသာစန်းပါ (၃)ဦးမှ ဆောင်ရွက်ပေးနိုင်ခြင်းမရှိ၍ ဝယ်ယူသူ ဦးအောင်မြင့်ဘက်မှ မြေပေါ်တွင် ကာလစည်းကမ်းသတ်ဖြင့် နှစ်ပေါင်းများစွာ နေထိုင်ခွင့်ရှိသူ ၁၁၅ ဦးအနက် မိသားစုအိမ်ခြေ ၈၀ ကျော်နှင့် ညှိနှိုင်း၍ ဦးအောင်မြင့်၏ ကုန်ကျစရိတ်ဖြင့် ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ ဝယ်ယူရှင်းလင်းပြီး မြေများကို လက်ဝယ်ရယူခဲ့ပါသည်။ ထိုသို့ ဖြေရှင်းပြီး နေထိုင်သူများပြောင်းရွှေ့ကာ အိမ်ဟောင်းများဖျက်သိမ်းပြီး မြေကွက်ရှင်းလင်းပြီးချိန်တွင် ဦးအာသာစန်းပါ(၃)ဦးတို့မှ မတော်လောဘဖြင့် အရောင်းအဝယ်ကို ပြီးမြောက်အောင် လုပ်ပေးခြင်းမရှိဘဲ တိမ်းရှောင်နေပါသည်။ ဦးအာသာစန်းပါ(၃)ဦးသည် မြေဖိုးကျန်ငွေများကို လာယူခြင်းမရှိ၍ ၎င်းတို့ထံအကြောင်းကြားစာပေးပို့ရာ စရန်ပေးစာချုပ်များတွင် ဖော်ပြထားသည့်လိပ်စာများ၌ နေထိုင်ခြင်းမရှိ၍ ၎င်းတို့၏ အိမ်လိပ်စာများကို စုံစမ်းခဲ့ရပါသည်။ ၎င်းတို့က သတင်းစာတွင် ကြော်ငြာရာတွင်လည်း ၎င်းတို့၏လိပ်စာကို ဖော်ပြခြင်းမပြုဘဲ ချန်လှပ်ထားပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်များကို လက်ရောက်ရယူထားသူမှာ ဦးအောင်မြင့်သာဖြစ်ပါသည်။ ဦးအာသာစန်းပါ(၃)ဦး၏ လက်ဝယ်တွင်ရှိသော မြေမဟုတ်ပါ။ မြေပေါ်တွင် ရှိနေသေးသည့် လက်ဝယ်ရှိနေထိုင်သူများနှင့် ဦးအောင်မြင့်က ဆက်လက်ညှိနှိုင်းဆဲဖြစ်ပါသည်။ စရန်ပေးအဆင့်ဆင့်စာချုပ်များအရ တရားဝင်မြေအရောင်းအဝယ်ပြုလုပ်ရာတွင် ဦးအာသာစန်းပါ(၃)ဦးက ဆောင်ရွက်ပေးရန် ကတိပြုထားသည့် စရန်ပေးကတိစာချုပ်ပါ အချက်များကို ပြီးဆုံးအောင်ဆောင်ရွက်ပေးခြင်းမရှိဘဲ ဦးအောင်မြင့်က ပျက်ကွက်သည်ဟု တစ်ဖက်သတ်ကြေညာချက်သာဖြစ်ပါသည်။ တရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးနိုင်ရေးအတွက် ဦးအောင်မြင့်က ဦးအာသာစန်းပါ(၃)ဦးအပေါ် တရားစွဲဆိုရန် စီစဉ်လျက်ရှိကြောင်း အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းဇော (H.G.P,LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၁၃၀)
တိုက်(၁၁)၊ အခန်း ၄/က၊ ၅၆ လမ်း၊ ၂ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်
ဖုန်း-၀၉-၅၁၅၃၈၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့်ပူးပေါင်း၍ မိုဘိုင်းရေဒီယိုစခန်း(BTS)များ လုပ်ငန်းလည်ပတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ အများပြည်သူများအား ပိုမိုကောင်းမွန်သော မိုဘိုင်းတယ်လီဖုန်းဝန်ဆောင်မှုများ ပေးနိုင်စေရန် ရည်ရွယ်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်အတွက် မိုဘိုင်းရေဒီယိုစခန်း(BTS)များ လုပ်ငန်းလည်ပတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား ဈေးပြိုင်တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါပုံစံများအား ၂၀၁၃ ခုနှစ်၊ ဧပြီ ၈ရက် နံနက် ၉း၃၀ နာရီမှစတင်၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးဌာန၊ နေပြည်တော်တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

၂။ တင်ဒါတင်သွင်းမှုအား ၂၀၁၃ခုနှစ်၊ ဧပြီ ၂၂ရက် ၁၂း၃၀ နာရီမတိုင်မီ မိုဘိုင်းဆက်သွယ်ရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂)၊ နေပြည်တော်တွင် တင်ဒါတင်သွင်းရပါမည်။

၃။ တင်ဒါတင်သွင်းရန်နှင့် အသေးစိတ်သိရှိလိုသည်များရှိပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးဌာန တယ်လီဖုန်းအမှတ် ဖုန်း-၀၉-၈၆၃၀၀၁၀ နှင့် ၀၉-၈၅၀၀၀၀၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ရောင်းမည်

Probox 2007, 1500 cc, White, ၅ ချပ်မည်း၊ နောက် Wiper ပါ၊ မိုင်လစ် လေးသောင်းကျော်၊ ၁၂၃ သိန်း

ဖုန်း-၀၉-၄၂၀၃၁၃၇၆၇

ပြင်ဆင်ဖတ်ရှုပါရန်

၃-၄-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ-ဃ ပါ ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲကြေညာချက်တွင် အမှတ်စဉ်(၁)ရှိ ၂၀၁၃ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်သော (၂၇၉) ကြိမ်မြောက်အစား ၂၀၁၂ ခုနှစ်၊ ဧပြီလတွင် ဖွင့်လှစ်သော (၂၇၉)ကြိမ်မြောက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

အလျား ၈၇ ပေ×အနံ ၆၅ ပေ
ကုက္ကိုင်းရိပ်သာလမ်း
ရွှေတောင်ကြား(၂)ရပ်ကွက်
ဖုန်း-၀၉-၅၁၉၆၉၃၇

နိုင်ငံတကာအားကစားသတင်း

ဘာစီလိုနာတို့သရေပွဲဖြစ်ပြီး ဘိုင်ယန်မြူးနစ်တို့နိုင်ပွဲရ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်တွေကို ဧပြီ ၃ ရက် နံနက်က ယှဉ်ပြိုင်ကစားတဲ့အခါ ပီအက်စ်ဂျီနဲ့ ဘာစီလိုနာတို့ သရေပွဲဖြစ်ပြီး ဘိုင်ယန်မြူးနစ်တို့ နိုင်ပွဲရရှိခဲ့ပါတယ်။ ဘာစီလိုနာတို့ အဝေးကွင်းမှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် အိမ်ကွင်းမှာ ရလဒ်ပြတ်သားဖို့တော့ လိုအပ်နေပြီဖြစ်ပါတယ်။

ပီအက်စ်ဂျီ ၂-၂ ဘာစီလိုနာ

ပီအက်စ်ဂျီအသင်းဟာ အိမ်ကွင်းမှာ လူစုံထုတ်ပြီး ဘာစီလိုနာကို ရင်ဆိုင်ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှာ ပါစတို၊ အီဗရာဟင်မိုဗစ်၊ လာဗက်ဇီနဲ့ ကွင်းလယ်မှာ ဘက်ခမ်း၊ လူကတ်စ်တို့အားနဲ့ ထွက်ရှိလာပြီး ဘာစီလိုနာတို့ကတော့ မက်ဆီ၊ ဆန်ချက်၊ ဗီလာ၊ မာရှေယာနို၊ အင်နီယေစတာနဲ့ ဇာဗီတို့ အားနဲ့အနိုင်ရရှိရေး ကြိုးစားခဲ့ပါတယ်။

ဘာစီလိုနာအသင်းဟာ အဝေးကွင်းမှာ အဖွင့်ဂိုးစောစီးစွာ ရရှိရေး ကြိုးစားခဲ့တာမို့ ပွဲချိန် ၃၈ မိနစ်မှာ မက်ဆီက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပေမယ့် ပထမပိုင်းပွဲချိန်အတွင်းမှာ ချေပဂိုးမသွင်းနိုင်ခဲ့ပါဘူး။

ဒုတိယပိုင်းပွဲချိန် ၇၉ မိနစ်မှာတော့ ပီအက်စ်ဂျီတိုက်စစ်မှူး အီဘရာမိုဗစ်က ချေပဂိုးသွင်းယူနိုင်ခဲ့တာမို့ တစ်ဂိုးစီသရေပွဲ ဖြစ်သွားခဲ့ပါတယ်။ ဒါပေမယ့် ဘာစီလိုနာအသင်းဟာ ဦးဆောင်ဂိုးသွင်းယူနိုင်ရေး ကြိုးစားစဉ် ပွဲချိန် ၈၉ မိနစ်မှာ ပယ်နယ်တီရခဲ့ပြီး ဇာဗီက တစ်ဂိုးသွင်းယူခဲ့လို့ ဘာစီလိုနာတို့ နှစ်ဂိုးရရှိခဲ့ပါတယ်။

ပွဲချိန်ပြည့်ခါနီးမှာ ပီအက်စ်ဂျီအသင်းက ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားခဲ့တာမို့ ပွဲချိန် မိနစ် ၉၀မှာ ပယ်နယ်တီဂိုးဧရိယာအတွင်း ကနေပြီး မာတီဒီက ကန်သွင်းယူခဲ့လို့ ပွဲအပြီးမှာ နှစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့တာပဲဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ ဘောလုံးပိုင်ဆိုင်မှု များပေမယ့် အဆုံးသတ်မသေချာလို့ ဂိုးမရရှိခဲ့ခြင်း ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ် ၂-၀ ဂျူဗင်တပ်စ်

ဘိုင်ယန်မြူးနစ်အသင်းဟာ ကွာတားဖိုင်နယ် ပထမအကျော့အဖြစ် အိမ်ကွင်းမှာ နိုင်ပွဲရရှိအောင် ကစားနိုင်ခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ မန်ဇူဒစ်၊ ရော်ဘင်၊ မူလာ၊ ရစ်ဘာရီ စတဲ့ကစားသမားတွေကို ထုတ်သုံးခဲ့လို့ ဂျူဗင်တပ်စ်တို့ ကစားရခက်ခဲခဲ့ပါတယ်။ ဂျူဗင်တပ်စ်ဟာ မာတရီ၊ ဗီဒယ်၊ ပီရာလို၊ မာချီဆီရိ စတဲ့ကစားသမားတွေနဲ့ ပွဲထွက်ခဲ့ပေမယ့် ကစားအားကောင်းတဲ့ ဘိုင်ယန်မြူးနစ်ကို ဂျူဗင်တပ်စ်တို့ အားထည့်ကစားခဲ့ရပါတယ်။

ဘိုင်ယန်မြူးနစ်ရဲ့ အဖွင့်ဂိုးကို ပွဲချိန် တစ်မိနစ်မှာပဲ အလာဘာက ဂိုးသွင်းယူခဲ့လို့ ဒီနှစ်ချန်ပီယံလိဂ်မှာ အစောဆုံးဂိုးတစ်ဂိုး ဖြစ်ခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ ပထမပိုင်းမှာ ဂိုးထပ်မံမသွင်းနိုင်သလို ဂျူဗင်တပ်စ်တို့လည်း ချေပဂိုးမသွင်းယူနိုင်ပါဘူး။ ဒါပေမယ့် ပွဲချိန် ၆၃ မိနစ်မှာ မူလာက တစ်ဂိုးသွင်းယူခဲ့လို့ ဘိုင်ယန်မြူးနစ်တို့ဟာ ပွဲအပြီးမှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိပြီး ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတက်ဖို့ အခြေအနေကောင်းသွားတဲ့ အနေအထားဖြစ်ခဲ့ပါတယ်။ ။

မိုးမြင့်လင်းလက်

ဂိုးစည်းနည်းပညာ ကမ္ဘာ့ဖလားတွင်သုံးမည်

ဂျာမနီနိုင်ငံအခြေစိုက် ဂိုးစည်းနည်းပညာကုမ္ပဏီတစ်ခုက ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂိုးစည်းနည်းပညာ(ဂျီအယ်လ်တီ)များ ပံ့ပိုးပေးသွားမည်ဖြစ်သည်။

အဆိုပါဂိုးစည်းနည်းပညာကို ယခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် အသုံးပြုသွားမည်ဟုဆိုသည်။ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသုံးပြုမည်ဖြစ်သည်။ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်က ဂျာမနီကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် လမ်းပတ်၏ဂိုးကို ငြင်းပယ်ခဲ့သည့်အတွက် ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ဂိုးစည်းနည်းပညာသုံးရန် တိုက်တွန်းခဲ့သည်။

တန်းမဆင်းရေး နော့ဝှစ်မစိုးရိမ်

နော့ဝှစ်အသင်းအနေဖြင့် ပရီမီယာလိဂ်အဆင့်အတန်းကို ပြန်လည်ရယူလိမ့်မည်ဖြစ်ကြောင်း နောက်တန်းကစားသမား ရောဘတ်စနွတ်ဂရက်က ပြောကြားလိုက်သည်။ နော့ဝှစ်အသင်းသည် ပြီးခဲ့သော ၁၄ ပွဲတွင် တစ်ပွဲသာ အနိုင်ရခဲ့သည်။ တန်းဆင်းဇုန်အတွက် လေးမှတ်အသာရနေသည်။ မိမိတို့အနေဖြင့် တန်းဆင်းဇုန်မဆင်းရရေးအတွက် စိုးရိမ်မှုမရှိကြောင်း စနွတ်ဂရက်က ပြောသည်။ ပရီမီယာလိဂ်ပွဲပြီးရန် ခုနစ်ပွဲသာကျန်တော့သည်။ ဧပြီ ၆ ရက်တွင် နော့ဝှစ်သည် ဆွမ်ဆီးနှင့်ကစားရမည်ဖြစ်သည်။

တန်းမဆင်းရရေး နယူးကာဆယ် ကြိုးစားမည်

ကောင်းမြတ်သူ

နယူးကာဆယ်ကစားသမားများအနေဖြင့် တန်းဆင်းဇုန်သို့ မရောက်ရှိရေးအတွက် လက်ကျန်ပြိုင်ပွဲခုနစ်ပွဲ အသေအချာကစားကြရန် နောက်တန်းကစားသမား စတီဗင်တေလာက ဆော်ဩလိုက်သည်။ နယူးကာဆယ်အသင်းသည် မတ် ၃၀ ရက်က မန်စီးတီးကို ရှုံးနိမ့်ပြီးနောက် တန်းဆင်းဇုန်အထက်၌ ရှိနေသည်။ နယူးကာဆယ် အသင်းသည် ဘင်ဖီကာအသင်းနှင့် ဧပြီ ၄ ရက်တွင် ယူရိုပါလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ကစားရန်ရှိသည်။

အားကစားသတင်း အတိုအထွာ

မောင်ချစ်ကြည် - ရေးသားသည်

- ✤ ခရစ္စတယ်ပဲလေ့စ်အသင်းနည်းပြ ဟော်ဟိုလ်လိုဝေးက အသက် ၂၇ နှစ်အရွယ်ရှိ စတုတ်ကွင်းလယ်ကစားသမား ချာလီအက်ဒမ်ကို ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။
- ✤ ရီးရဲမက်ဒရစ်အသင်းမှ ဘောလုံးဒါရိုက်တာတစ်ဦးဖြစ်သူ ဇီဒန်းက လာမည့် နွေရာသီတွင် ဂါရက်ဘေးလ်အား ခေါ်ယူရန် စီစဉ်မည်ဟု ပြောကြားသည်။
- ✤ နယူးကာဆယ်၊ အာဆင်နယ်နှင့် မန်စီးတီးတို့သည် မာဆေးလ်အသင်း နောက်ခံလူ နီကိုလပ်အန်ကူလူကို ခေါ်ယူရန် အပြိုင်အဆိုင်ကြိုးစားလျက်ရှိသည်။
- ✤ ဆားဘီးယားကစားသမား အသက် ၂၂ နှစ်အရွယ်ရှိ ကော်ချီရာအား ပရီမီယာလိဂ်ထိပ်တန်းအသင်းတစ်သင်းသို့ လာမည့်ဘောလုံးရာသီ၌ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ပြောကြားသည်။
- ✤ အသက် ၁၉ နှစ်အရွယ်ရှိ ချယ်လ်ဆီးတိုက်စစ်မှူး ဂျူကာလူသည် လာမည့် ဘောလုံးရာသီ၌ ဝက်စ်ဟမ်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ပြောကြားသည်။
- ✤ အက်ဖ်အေဖလားဆွတ်ခူးရရှိရန် မိမိတို့ယုံကြည်နေကြောင်း ချယ်လ်ဆီးတိုက်စစ်မှူး ဒမ်ဘာဘာက ထုတ်ဖော်ပြောကြားသည်။
- ✤ လိဒ်ယူနိုက်တက်အသင်းနည်းပြအဖြစ် နေးလ်ခါနော့နေရာတွင် မာ့ခ်ဟုချ်ကို အစားထိုးပြီး ပြန်လည်တာဝန်ပေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

သားသားလေး ကျော်ဘုန်းသန့်အတွက် (၂)နှစ်ပြည့်မွေးနေ့မင်္ဂလာဆုတောင်း

၂၀၁၃ ခုနှစ်၊ ဧပြီ ၄ရက်တွင်ကျရောက်သော သားသားလေး ကျော်ဘုန်းသန့်၏ (၂)နှစ်ပြည့်မွေးနေ့ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော ဖေဖေ-မေမေတို့နှင့်အတူ စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသော သုခချမ်းသာတို့နှင့်ပြည့်စုံပြီး ပျော်ရွှင်ချမ်းမြေ့သောဘဝကိုပိုင်ဆိုင်၍ နိုင်ငံအတွက် သားကောင်းရတနာလေးဖြစ်လာစေရန် ဆုတောင်းလိုက်ပါသည်။

ဖေဖေ ဦးချမ်းအေးကျော်
မေမေ ဒေါ်သီသီထွေး





ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအေးလင်းသန်း ၅/မရန(နိုင်)၀၀၁၇၈၈ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၆၇၄၉၆

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်မျိုးလွင် ၅/မရန(နိုင်)၀၁၂၁၉၀ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၅၀၃၆၀၂

ပြည်တွင်းသတင်း

နွားလဘို့တောင်စေတီ ထီးတော်သစ်တင်လှူ

မော်လမြိုင် ဧပြီ ၃

မွန်ပြည်နယ် ပေါင်မြို့ ကျုံကကျေးရွာရှိ ဆံတော်ရှင် ဗန္ဓိသေလာ နွားလဘို့တောင်စေတီတော် ထီးတော်သစ်တင်လှူပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၁၁ နာရီကကျင်းပရာ အခမ်းအနားသို့ ပေါင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပန်းကုန်းကျေးရွာသာယာငြိမ်းချမ်းကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် သံဃာ အပါး ၇၀၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ စုစုပေါင်း ၅၀၀၀ ခန့် တက်ရောက်သည်။ အခမ်းအနားတွင် နွားလဘို့တောင်စေတီထီးတော်သစ်ကို ဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် သံဃာသုံးပါး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က တင်လှူပူဇော်၍ ရေစက်ချအမျှပေးဝေခဲ့ကြောင်း သိရှိရသည်။

ကျော်သန်း(မော်လမြိုင်)

ရွှေငှက်ချောင်းတံတားတည်ဆောက်

မော်လူး ဧပြီ ၃

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မန်ဟဲကျေးရွာအုပ်စု မန်ဟဲကျေးရွာအရှေ့ဘက်ရှိ ရွှေငှက်ချောင်းသည် မိုးရာသီတွင် ရေများသဖြင့် သွားလာဆက်သွယ်မှုအခက်အခဲများနှင့် အမြဲလိုရင်ဆိုင်နေကြရသည်။ ထို့ကြောင့် ယခုနှစ်နွေရာသီတွင် မန်ဟဲ-မော်လူး ဆက်သွယ်ရေးလမ်းကြောင်း လွယ်ကူစေရေးအတွက် ရွာသူရွာသားအင်အား ၁၀၀ ကျော်ခန့်က ရွှေငှက်ချောင်းကူးတံတားကို စုပေါင်းအင်အားဖြင့် တည်ဆောက်ကြရာ မတ် ၂၂ ရက်က ပန္နက်ရိုက်ပွဲနှင့် အုတ်မြစ်ချပွဲအခမ်းအနားကို ကျင်းပသည်။

အဆိုပါ ရွှေငှက်ချောင်းရေကျော်တံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်ဖြစ်ပြီး ကျပ် ၁၁ သိန်းကုန်ကျမည်ဖြစ်သည်။

လှူဒါန်း

တံတားတည်ဆောက်ကုန်ကျငွေကို မန်ဟဲကျေးရွာနေ ဦးကျောက်ခဲ- ဒေါ်မြငွေးတို့၏သား ကိုကျော်ဟိန်းနှင့်ဇနီး မချစ်စုရီမိသားစုက တစ်ဦးတည်းအကုန်အကျခံလှူဒါန်းခြင်းဖြစ်ခဲ့ကြောင်း သိရသည်။

(စစ်ကိုင်း ဝင်းရွှေ)

ဝိုင်းမော်၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

ဝိုင်းမော် ဧပြီ ၃

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၆၅ သိန်း အကုန်အကျခံကာ ဆောင်ရွက်ပြီးစီးသည့် အရှည် ၁၃၁၅ ပေ၊ အကျယ် ၁၂ ပေရှိ အနော်ရထာလမ်းနှင့် အမှတ် (၇)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၂ ရက် နံနက် ၈ နာရီက အဆိုပါ လမ်းမုခ်ဦး၌ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းငွေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြင့်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(ဝ၆၂)

မှုခင်းကျဆင်းရေး အသိပညာပေး

ပဲခူး ဧပြီ ၃

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးရဲစခန်းမှူး ရဲအုပ်အောင်မျိုးဦး ကြီးမှူး၍ ဘုရားကြီးရဲတပ်ဖွဲ့စခန်းနယ်မြေမှုခင်းကင်းမဲ့ရက်သတ္တပတ် (CRIME FREE WEEK) မှုခင်းအသိပညာပေး ဟောပြောပွဲကို မတ် ၂၈ ရက်က ဘုရားကြီးတိုက်နယ် ဓမ္မာရုံ၌ကျင်းပသည်။

ပဲခူးမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူးထိန်ဝင်း၊ လူကုန်ကူးမှုတားဆီးရေးအဖွဲ့မှ ရဲအုပ်မောင်မောင်ဝင်းနှင့် မူးယစ်အထူးအဖွဲ့မှ ရဲအုပ်ထွန်းအောင်သိန်းတို့က တိုက်နယ်အတွင်းရှိ ပြည်သူများအား မှုခင်းကြုံတင်ကာကွယ်နိုင်ရန်နှင့် မှုခင်းအသိပညာပေးသိမှတ်ဖွယ်ရာများ ဟောပြောပို့ချသွားကြကြောင်း သတင်းရရှိသည်။

စန်းဝေ(ဟံသာမြေ)

ပန်းတောင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အဆောက်အအုံသစ်ဖွင့်

ပန်းတောင်း ဧပြီ ၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ရုံးသစ်ရှေ့၌ မတ် ၂၉ ရက် နံနက် ၉ နာရီကကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဒုတိယတိုင်းအခွန် ဦးစီးဌာနမှူး ဦးကိုကို၊ ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။ အဆိုပါ ဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ဒုတိယတိုင်းအခွန်ဦးစီးဌာနမှူး ဦးကိုကိုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)**မြို့နယ်အခွန်ဦးစီးဌာနမှူးဦးမြင့်ဇော်က ရုံးသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ခဲ့ကြောင်း သိရသည်။**(၁၇၀)**

ရခိုင်ပြည်နယ်၏ ၂၀၁၃ – ၂၀၁၄ ဘဏ္ဍာရေးနှစ်ဒေသန္တရစီမံကိန်းဥပဒေကို ပြည့်စွက်ပြင်ဆင်ချက်များဖြင့် အတည်ပြု

စစ်တွေ ဧပြီ ၃

ပထမအကြိမ် ရခိုင်ပြည်နယ် လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေးမှ ရခိုင်ပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပြီး ဖြည့်စွက်ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲမည့် ရင်းနှီးမြှုပ်နှံမှု (ငွေလုံး ငွေရင်း အသုံးစရိတ်) ခေါင်းစဉ်အောက်မှ ကျခံသုံးစွဲရသည့် ဌာနအဖွဲ့အစည်း ၂၅ ခုရှိရာ ယင်းတို့အနက် ဌာနအဖွဲ့အစည်းပေါင်း၂၀ သို့ ငွေလုံးငွေရင်းအသုံးစရိတ် ငွေကျပ် ၁၀၀၀၇ ဒသမ ၉၂၅ သန်းကို သုံးစွဲရန်ခွင့်ပြုခဲ့ကြောင်း သိရသည်။

“ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၁၀၀၀၇ ဒသမ ၉၂၅ သန်းကို ဌာနအဖွဲ့အစည်း ၂၀ က သုံးစွဲခွင့်ပြုဖို့ တင်ပြတောင်းခံခဲ့ပါတယ်။ တောင်းခံတဲ့အတိုင်းလည်း လွှတ်တော်က ခွင့်ပြုပေးခဲ့ပါတယ်။ ဒါပေမယ့်ဌာနတချို့ရဲ့တင်ပြတောင်းခံငွေဟာ သတ်မှတ်နှုန်းထက် ပိုမိုတောင်းခံတာကိုတွေ့ရှိရတဲ့အတွက် ပြည်နယ်လွှတ်တော်က စိစစ်ဖြတ်တောက်မှုတွေ လုပ်ခဲ့ရပါတယ်။ ဥပမာ ဌာနတစ်ခုရဲ့ တင်ပြတောင်းခံငွေဟာ ငွေကျပ်သန်း ၈၉၀ ဒသမ ၅၃၅ သန်းဖြစ်ပေမယ့် ပြန်လည်တွက်ချက်စိစစ်လိုက်တော့ အမှန်ခွင့်ပြုနိုင်တဲ့ ငွေကျပ်သန်း ၃၉၅ ဒသမ ၆၅၀ ဖြစ်တဲ့အတွက် တင်ပြတဲ့လုပ်ငန်းတွေအတွက် အဲဒီငွေကိုသာ သုံးစွဲခွင့်ပြုပြီး ပိုငွေကျပ်သန်း ၄၉၄ ဒသမ ၈၈၅ ကို ဖြတ်တောက်ခဲ့ရပါတယ်” ဟု ရခိုင်ပြည်နယ်လွှတ်တော် ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ ဦးမောင်စန်ရွှေက ပြောကြားသည်။ သို့ရာတွင် လုပ်ငန်းတစ်ခုချင်းအလိုက် တင်ပြတောင်းခံငွေများ စိစစ်ဖြတ်တောက်ခြင်းပြုခဲ့သော်လည်း ဌာနတစ်ခုချင်းစီ၏ တင်ပြတောင်းခံငွေများကိုမူ ထိခိုက်ခြင်းမရှိစေဘဲ ဖြတ်တောက်ပြီး ပိုလျှံငွေများကို ယင်းဌာနမှာပင် လုပ်ငန်းစီမံကိန်းသစ်များ ထည့်သွင်းရေးဆွဲစေကာ ခွင့်ပြုပေးခဲ့ကြောင်းဖြင့်လည်း သိရသည်။

“ဥပမာဆိုရင် ဌာနတစ်ခုက လုပ်ငန်းစီမံကိန်း ၁၅ ခုအတွက် တင်ပြတောင်းခံခဲ့ငွေဟာ ၂၂၆၀ ဒသမ ၄၆၈ သန်းရှိခဲ့တယ်။ လုပ်ငန်းတစ်ခုချင်းစီကို အသေးစိတ်စိစစ်ပြီး အမှန်သုံးစွဲခွင့်ပြုနိုင်တဲ့ငွေက ၁၉၇၉ ဒသမ ၆၄၃ သန်းဖြစ်တဲ့အတွက် ဖြတ်တောက်ငွေဟာ ၂၈၀ ဒသမ ၈၂၅ သန်းဖြစ်ပါတယ်။ အဲဒီဖြတ်တောက်ငွေကိုပဲ အဲဒီဌာနမှာလုပ်ဆောင်ဖို့လိုအပ်တဲ့ နောက်ထပ်လုပ်ငန်းစီမံကိန်းသစ်ငါးခုလောက်ကို အဲဒီငွေနဲ့ ကိုက်ညီပြီး ခွင့်ပြုပေးလိုက်တာပါ။ ဆိုလိုတာက မူရင်းလုပ်ငန်းစီမံကိန်းသစ် ၁၅ ခုအပြင် နောက်ထပ်လုပ်ငန်း စီမံကိန်းသစ်ငါးခုတိုးသွားတဲ့သဘောပါ” ဟုလည်း ဦးမောင်စန်ရွှေက ပြောကြားခဲ့သည်။

၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ရခိုင်ပြည်နယ် ဒေသန္တရစီမံကိန်းတွင် ဖော်ပြထားသော ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲမည့် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ်များကို ဖြတ်တောက်ခဲ့ခြင်းကြောင့် ဌာန ၂၀ မှ မူလတင်ပြခဲ့သည့် လုပ်ငန်းစီမံကိန်းများထက်လုပ်ငန်းသစ် ၆၂ ခု တိုးမြှင့်လိုပ်ကိုင်ခွင့်ရသွားကြောင်းလည်း သိရသည်။ “ဌာနဆိုင်ရာတွေက တင်ပြထားတဲ့ အသုံးစရိတ်တွေကို မစိစစ်ဘဲ တောင်းခံတဲ့အတိုင်းသာ ခွင့်ပြုပေးခဲ့မယ်ဆိုရင် အခုလိုလုပ်ငန်းသစ်တွေ ပေါ်ထွက်လာမှာမဟုတ်ဘူး။ ရခိုင်ပြည်နယ်လွှတ်တော်က ဌာနများရဲ့ တင်ပြတဲ့အသုံးစရိတ်တွေကို ဒေသပေါက်ဈေး၊ ဌာနအသီးသီးက သတ်မှတ်ထားတဲ့ စံနှုန်းတွေနဲ့အညီ စိစစ်လိုက်တဲ့အတွက် အခုလိုလုပ်ငန်းစီမံကိန်းသစ်တွေ ပေါ်ထွက်လာတာဖြစ်ပါတယ်။ ပြည်နယ်အတွက်လည်း အကျိုးရှိ သက်ဆိုင်ရာဌာနအတွက်လည်း မနစ်နာဘူးပေါ့” ဟု ပြည်နယ်လွှတ်တော်သို့ တက်ရောက်ခွင့်ရခဲ့သူ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအကြံပေးအဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

ကစ္ဆပမီဒီယာ

လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပေးအပ်

ကျိုက်မရော ဧပြီ ၃

မွန်ပြည်နယ် ကျိုက်မရောမြို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးပွဲအခမ်းအနားကို မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီက ကျိုက်မရော ရွှေဟင်္သာခန်းမ၌ကျင်းပရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ကျိုက်မရောမြို့ ရန်မျိုးအောင်ရပ်ကွက်မှ တောင်သူ ၇၇ ဦးနှင့် ဦးပိုင်ပေါင်း ၁၀၂ ခုတို့အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရိုန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

နှစ်ပတ်လည် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားခြင်း

စစ်တက္ကသိုလ်အပတ်စဉ်(၁၃)၏ နှစ်ပတ်လည် မိတ်ဆုံညစာစားပွဲကို ၂၀-၄-၂၀၁၃ရက် (စနေနေ့) ညနေ ၁၈း၃၀နာရီတွင် မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ MCC ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သူငယ်ချင်းများနှင့် မိသားစုများ၊ ကျန်ရစ်သူဇနီးများနှင့် မိသားစုများ မပျက်မကွက်ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀-၄-၂၀၁၃ရက် (စနေနေ့) နံနက် ၆ နာရီတွင် မြို့တော်စည်ပင်သာယာဂေါက်ကွင်း (YCDC)၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

DSA-13 မှ သူငယ်ချင်းများ

ထောက်ကြန့်၊ ပုပ္ပားကျောင်း သင်္ကြန်တွင်း တရားစခန်းပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ပုပ္ပားကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း တရားစခန်းပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ သီလရှင်ဝတ်ပွဲများကို ၁၃၇၄ခုနှစ် တန်ခူးလဆန်း ၃ရက်မှ ၁၁ရက်အထိ၊ ဧပြီ ၁၃ရက်မှ ၂၁ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်မည့်ယောဂီများ တန်ခူးလဆန်း ၃ရက် မွန်းတည့် ၁၂နာရီအရောက် လာရမည်။ တရားစခန်းတွင် ဒုလ္လဘရဟန်းတစ်ပါးလျှင် ကျပ် ၅၀၀၀၊ အရုဏ်ဆွမ်းတစ်ရက် ကျပ် ၂၀၀၀၀၊ နေ့ဆွမ်းတစ်ရက် ကျပ် ၃၀၀၀၀၊ အချိုပွဲ တစ်ရက် ကျပ် ၂၀၀၀၀ ဖြင့် ဖုန်း-၆၀၀၀၂၈၊ ၀၉-၄၂၀၀၇၄၂၄၄၊ ၀၉-၄၂၅၀၂၅၈၆၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ကျောက်ဖြူအသင်း(ရန်ကုန်) တက္ကသိုလ်ပညာသင်ထောက်ပံ့ဆုလျှောက်ထားနိုင်

ကျောက်ဖြူအသင်း(ရန်ကုန်)သည် တက္ကသိုလ်ပညာသင်ကြားရန် အခက်အခဲရှိသည့် ကျောက်ဖြူဒေသနှင့် ရန်ကုန်ရောက် ကျောက်ဖြူနွယ်ဖွား ကျောင်းသားကျောင်းသူများအနက်မှ စိစစ်ရွေးချယ်၍ တက္ကသိုလ်ပညာသင်ထောက်ပံ့ဆုကို ချီးမြှင့်လျက်ရှိပါသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် လျှောက်ထားလိုသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် အောက်ဖော်ပြပါ အသင်းအမှုဆောင်များသို့ ဆက်သွယ်စုံစမ်း လျှောက်ထားနိုင်ပါသည်။

ဒုတိယဗိုလ်မှူးကြီးခင်အေး(ငြိမ်း)	-	ဖုန်း-၀၉-၅၂၀၁၇၈၈
ဦးအောင်ကျော်ဇံ	-	ဖုန်း-၀၉-၅၁၃၈၅၁၃
ဦးကျော်လင်း	-	ဖုန်း-၀၉-၄၉၃၄၅၇၆၄
ဦးတင်ရွှေ	-	ဖုန်း-၀၁-၅၂၃၄၀၀၊၀၉-၇၃၁၅၂၅၈၃
ဦးသန်းငွေးအုန်း	-	ဖုန်း-၀၁-၅၆၃၀၄၄
ဦးမျိုးလွင်	-	ဖုန်း-၀၉-၅၁၆၉၈၀၈
ဒေါ်ထက်ထက်	-	ဖုန်း-၅၆၄၃၇၇

သားအဖြစ်မှ စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ တောင်သူစုရပ်ကွက်၊ နောင်ဘိုစုလမ်း၊ အမှတ် ၁၈ နေ မောင်ဟိန်းထက်အောင်(ခ)အာနိုး ၁၀/ကထန(နိုင်)၁၁၇၃၈၄သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် အိမ်မှဆင်းသွားပါသဖြင့် ၄င်းနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်းနှင့် မိဘမောင်နှမများ၊ ဆွေမျိုးများနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မိခင်-ဒေါ်ခင်အေးလွင်

အများသိသာရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၁၊ ကမာရွတ်၊ မြေကွက်အမှတ်(၆-ဘီ/၃-ခ)၊ ဧရိယာ ၀ဒသမ ၄၃၄ဧကရှိ မြေပိုင်မြေကွက်နှင့် အကျိုးခံစားခွင့်များကို ဦးအာကာစိုး ၁၂/ဗဟန(နိုင်)၀၇၅၆၅၀က ၂၂-၁၁-၂၀၁၂ရက်တွင် ဝယ်ယူရန် စရန်ပေးစာချုပ်ချုပ်ဆိုခဲ့ပါသည်။ အပိုင်ဝယ်ယူသူ ဦးအာကာစိုးသည် သတ်မှတ်ရက်များတွင် စရန်ပေးငွေများကို ဆက်လက်ပေးချေနိုင်ခြင်းမရှိသဖြင့် အရောင်းအဝယ်ဖျက်သိမ်းပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိန်ရီ

တရားလွှတ်တော်ရှေ့နေ (B.Sc, DA, RL)

အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ လူနေရပ်ကွက်အမှတ် မြို့သစ်၊ မြေကွက်အမှတ် ၄၊ အကျယ်အဝန်းပေ(၂၅×၅၀)၊ ဧရိယာ ၀ဒသမ ၀၂၈ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ပျဉ်ထောင်တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် (လူနေရပ်ကွက်အခေါ်အဝေါ်မှာ အမှတ် ၂၁၁၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့)အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သဲစုနန္ဒာရည် ၁၂/ဥကတ(နိုင်)၁၅၄၀၁၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ရီနွယ်ထွန်း (စဉ်-၃၆၈၉၉)

LL.B, D.B.L, D.M.L

အထက်တန်းရှေ့နေ

အမှတ်(G-1)၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ကြော်ငြာ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ ဘိုးရာဇာလမ်း၊ အမှတ် ၄ နေ ဦးခင်မောင်ဌေး SLN-004995 ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ် ၉၄ ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊ ၎ဝါလမ်း၊ တိုက် ၂၈၊ အခန်း ၂(ဒုတိယထပ်)သည် ဒေါ်သီရိကျော် ၁၄/ဟသတ (နိုင်)၂၁၅၄၀၅ က ၂၃-၇-၉၉ ရက်စွဲပါ ယုဇနဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့၏ အိမ်အရောင်းအဝယ်စာချုပ်မူရင်းအပါအဝင် အဆင့်ဆင့် အရောင်းအဝယ်စာချုပ်မူရင်းများပြသ၍ မိမိပိုင်ဆိုင်ကြောင်း၊ အခြားသူသို့ လွှဲပြောင်းရောင်းချပေါင်နှံမှုများ ကင်းကြောင်း၊ ရောင်းချလိုကြောင်း ပြောဆိုလာသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်ဌေးက အသိသက်သေများရှေ့မှောက်တွင် စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်ဌေး၏ တရားဝင်ခွင့်ပြုချက်မရဘဲ မည်သူမျှ တစ်ဆင့်ပြန်လည်ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခွင့် မရှိပါကြောင်း သိစေအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်ဌေး၏ ဝယ်ယူပိုင်ဆိုင်ထားမှုနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးခင်မောင်ဌေး	**ဦးခင်ဆန်း (LL.B,Advocate)**
(SLN 004995)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၄၈၁)**
	တိုက် ၂၇၊ အခန်း-၀၀၂ (မြေညီ)၊ ပဲခူးမြစ်လမ်း၊
	အမှတ် ၉၂ ရပ်ကွက်၊ ယုဇနဥယျာဉ်မြို့တော်၊
	ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်
	ဖုန်း-၀၉-၄၂၁၀၂၄၄၇၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၃၉၈၊ မြေကွက်အမှတ် ၇၉၊ ၈၊ မြေကွက်တည်နေရာအမှတ် ၈၈၊ မဥ္ဇူလမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန် A-ဘဂေါင်း အမည်ပေါက် B မြေပိုင် လ/န ၃၉ ရပြီးမြေ၊ ဧရိယာ ၁၂ ဒသမ ၆၃၀ ဧကအနက် ၀ဒသမ၅၀ ဧကအား ဒေါ်အုန်းသွင်(ဘီလစ်)မှ အင်းစိန်မြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၄၇/၂၀၁၂၊ တရားမဇာရီမှုအမှတ် ၃၅/၂၀၁၂တို့ တင်ပြ၍ တရားရုံးများကိုယ်စား အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၂၄၉၊ မြေကွက်တည်နေရာအမှတ် ၂၄၉၊ တပင်ရွှေထီးလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ် ဦးအောင်တင် B/RGN-၀၁၂၂၁၇ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်တင် ကွယ်လွန်သဖြင့် ဒေါ်တင်မြင့် ၁၂/မရက(နိုင်)၀၇၁၀၃၂ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် ၂လမ်း၊ အမှတ် ဒ-၁၂/၅၈၊ မြောက်ဘက်ခြမ်းမြေကွက်သည် ကွယ်လွန်သူ ဒေါ်ခင်မြင့်ချိုတစ်ဦးတည်းပိုင် အိမ်ခြံမြေဖြစ်ခဲ့ပြီး ကျန်ရစ်သူသမီး ဒေါ်ခင်မျိုးနိုင်နှင့် ဒေါ်ယံယံထက် နှစ်ဦးက အမွေစားအမွေခံအဖြစ် ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်ခင်မျိုးနိုင်နှင့် ဒေါ်ယံယံထက်တို့၏ ခွင့်ပြုချက်မရှိဘဲ အဆိုပါအိမ်ခြံမြေအတွင်း ဝင်ရောက်ကျူးကျော်နေထိုင်သူများအား ယနေ့မှစ၍ ခုနစ်ရက်အတွင်း ဖယ်ရှားပေးရန်နှင့် ဖယ်ရှားပေးခြင်းမရှိပါက ဥပဒေအရ အရေးယူမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ-	**လွှဲအပ်ညွှန်ကြားချက်အရ-**	
၁။ ဒေါ်ခင်မျိုးနိုင်	**ဒေါ်ထွေးနန္ဒာသိန်း**	**ဦးသိန်းဇော်(LL.B)**
၁၀/မလမ(နိုင်)၁၇၀၈၄၁	**စဉ်-၂၉၇၉၃**	**စဉ်-၃၃၀၅၅**
	အထက်တန်းရှေ့နေများ	
၂။ ဒေါ်ယံယံထက်		

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် ၂၅၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၄၊ မြေကွက်အမှတ် ၅၉၆ က၊ ခ၊ အကျယ်အဝန်း(အလျားပေ၂၀×အနံပေ၆၀)စီရှိ နှစ်၆၀ဂရန်မြေကွက်နှစ်ကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်နှင့် ဂိုဒေါင်အပါအဝင် အကျိုးခံစားခွင့်များအားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးရဲဝင်း ၁၂/ကခက(နိုင်)၀၀၀၀၂၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အိမ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း (LL.B, D.B.L) အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၇၀၅၄၄၅၊ ၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃



ပတ္တမြားရတု မင်္ဂလာဆုတောင်းလွှာ

ဖေကြီး ဦးစိန်ဝင်း(ဒါရိုက်တာ၊ ရန်ကုန်တိုင်းဒေသကြီး သမအသင်းစုချုပ်)နှင့် မေကြီး ဒေါ်မြတ်နွယ်(ခ)ဒေါ်မြခင်(အမှုဆောင်၊ ပုလောမြို့နယ်အသင်း)တို့၏ ၄-၄-၂၀၁၃ ရက်တွင် ကျရောက်သော ပတ္တမြားရတုမင်္ဂလာရက်မြတ်မှ ရွှေရတုကျော်သည့်တိုင်အောင် ကျန်းမာပျော်ရွှင်သော ဘဝကိုဖြတ်သန်းနိုင်ပါစေ-

ချစ်သားသမီး၊ မြေးများ

မောင်ဝင်းသူရ-မမြနီလာထွန်း၊
သား ကျော်စည်သူ၊ ဇေယျာ(ခ)အာကာ
မောင်ဝင်းဝဏ္ဏ-မစိုးစန္ဒာစု၊
သား Teddy(စင်ကာပူ)
မောင်ပြည့်စုံဝင်း-မသီတာနွဲ့
သား စွမ်းတာရာဝင်း၊ သမီး လဝန်းကဗျာ
မောင်ကျော်စွာဝင်း-မဝေလင်းလှိုင်(စင်ကာပူ)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအိမ်ရာ၊ ဈေးကလေး၊ တိုက် ၂၊ အခန်းအမှတ် ၀၀၂၊ မြေညီထပ်နှင့် ထပ်ခိုး နှစ်လွှာ၊ အကျယ်အဝန်း(၁၅ပေ×၅၅ပေ)ရှိ တိုက်ခန်းနှစ်ခန်းနှင့် ယင်းတိုက်ခန်းနှစ်ခန်းနှင့်ပတ်သက်သော ရေမီးအစုံအကျိုးခံစားခွင့်အရပ်ရပ်အပါအဝင် အားလုံးတို့ကို လက်ရောက်ပိုင်ဆိုင်သူ ဦးဝင်းအောင်၏ဇနီး ဒေါ်ချိုချိုဝင်း (G/P ရရှိသူထံ)မှ လက်ရောက်ဝယ်ယူရန် ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ဤကြော်ငြာပါ ခုနစ်ရက်အတွင်း ခိုင်လုံသောသက်သေခံအထောက်အထားစာရွက်စာတမ်းများနှင့်တကွ လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုလျက် လက်ရောက်ဝယ်ယူပိုင်ဆိုင်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြတ်မြတ်စိုး
တရားလွှတ်တော်ရှေ့နေ
စဉ်-၇၄၆၇
အမှတ် ၇၁/၃ခ၊ ဌာနာလမ်း၊ အလုံ၊ ရန်ကုန်
ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၇၃၀၄၃၁၅၂

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် နေထိုင်ကြသော (၁)ဦးကျော်ကျော် ၁၂/ကမရ(နိုင်)၀၄၈၂၇၇-ဒေါ်မြင့်မြင့်ချို ၁၂/ကမရ(နိုင်)၀၃၅၁၆၄၊ (၂)ဒေါ်မြင့်မြင့်စိန် ၁၂/ကမရ(နိုင်)၀၄၀၂၈၃၊ (၃)ဒေါ်ခင်ရွှေ ၆/ထဝန(နိုင်)၀၀၇၀၅၀၊ (၄)ဦးမျိုးမြင့်အောင် ၁၂/ဥကမ(နိုင်)၀၈၆၂၉၅၊ (၅)ဦးသိန်းထွန်းအောင် ၁၂/ဥကမ(နိုင်)၀၂၀၀၂၀၊ (၆)ဒေါ်ခင်ကြည် ၁၂/ကမရ(နိုင်)၀၃၄၉၂၄-ဦးတင်ဆွေ၊ ဦးစိုးမြင့်၊ (၇)ဒေါ်မြင့်မြင့်စန်း ၁၂/ကမရ(နိုင်)၀၄၉၇၃၀၊ (၈)ဦးအေးချို ၁၂/ကမရ(နိုင်)၀၄၁၅၆၆၊ (၉)ဦးမောင်မောင် CA-၀၀၄၁၉၈၊ (၁၀)ဦးကျော်သူရ ၁၂/ကတတ(နိုင်)၀၂၅၃၇၃၊ (၁၁)ဦးစိုင်းထင်ဝင်း ၁၂/ကမရ(နိုင်)၀၄၂၁၃၄၊ (၁၂) ဦးစိုင်းသန်းဝင်း ၁၂/ကမရ(နိုင်)၀၂၁၂၁၄၊ (၁၃)ဦးမောင်မောင်ကြီး ၁၂/ကမရ(နိုင်)၀၄၄၁၂၄၊ (၁၄)ဒေါ်အေးအေးသန်း D/RGN-၀၀၈၁၂၅၊ (၁၅)ဒေါ်ခင်နု AA/၀၆၇၁၈၁၊ (၁၆)ဒေါ်သောင်း ၁၂/ကမရ(နိုင်)၀၄၁၂၅၅၊ (၁၇)ဒေါ်မီမီငြိမ်း S/OKA -၀၇၂၆၉၄၊ (၁၈)ဦးခင်ဝင်း KMYT-၀၀၇၅၂၀၊ (၁၉)ဒေါ်သန်းကြည် ၉/မတန(နိုင်)၀၇၇၃၇၅၊ (၂၀)ဒေါ်ခင်နှင်းယု ၁၂/ကတတ(နိုင်)၀၁၅၅၅၉၊ (၂၁)ဒေါက်တာသိန်းမောင်မြင့် AE/ ၂၀၈၄၆၉၊ (၂၂)ဦးရွှေသွေး ၇/ကနေ(နိုင်)၀၀၁၁၂၆၊ (၂၃)ဒေါ်အမာ ၁၂/ကမရ(နိုင်)၀၄၁၅၈၄၊ (၂၄)ဒေါ်ခင်ထွေး ၁၂/ကမရ(နိုင်)၀၃၄၉၄၁၊ (၂၅)ဦးလှအောင် ၁၂/ကမရ(နိုင်)၀၃၄၆၀၂၊ (၂၆) ဦးကျင်ဆိုင် ၁၂/ကမရ(နိုင်)၀၄၄၁၅၃၊ (၂၇) ဦးဇင်မင်းထွန်း ၁၂/ကမရ(နိုင်) ၀၆၀၄၇၆၊ (၂၈)ဦးသန်းထွန်း ၁၂/ကမရ(နိုင်)၀၆၂၆၇၉၊ (၂၉)ဦးထွန်း ၁၂/ကမရ(နိုင်)၀၄၁၄၄၉-ဒေါ်ညို ၁၂/ကမရ(နိုင်)၀၄၈၅၈၉-ဒေါ်စံမေ ၁၂/ကမရ(နိုင်)၀၄၁၄၄၇၊ (၃၀)ဒေါ်မမကြီး(သား) ဦးခင်မောင်သန်း ၁၂/ကမရ(နိုင်)၀၃၄၄၄၂၊ (၃၁)ဦးဝင်းနိုင် ၁၂/ကမရ(နိုင်)၀၈၈၀၀၁၊(၃၂) ဒေါ်ခင်ခင် ၁၂/ကမရ(နိုင်)၀၃၄၈၁၀၊ (၃၃) ဒေါ်ခင်မာသက် ၁၂/ကမရ(နိုင်)၀၄၄၀၃၈-ဒေါ်ကြင်ရင် ၁၂/မဘန(နိုင်)၀၇၉၈၅၅၊ (၃၄)ဦးစောထွန်း ၁၂/ကမရ(နိုင်)၀၄၁၅၈၅၊ (၃၅) ဒေါ်သန်းမြင့် ၁၂/ကမရ(နိုင်)၀၄၃၆၁၃၊ (၃၆)ဦးထွန်းဦး-ဒေါ်ခင်သန်း ၁၂/ကမရ(နိုင်)၀၄၁၅၈၁၊ (၃၇)ဒေါ်အေးအေး AB0-၀၃၅၁၆၃၊ (၃၈)ဒေါ်စိန်မြ AA-၀၆၃၆၇၀၊ (၃၉)ဦးကြည်ဝင်း S/OKA-၀၆၃၁၅၄၊ (၄၀)ဦးမောင်ယုံ ၁၂/ကမရ(နိုင်)၀၃၄၆၀၃၊ (၄၁)ဒေါ်ခင်မြမြဝင်း B/SNW-၁၈၄၈၃၅၊ (၄၂)ဦးသက်လွန်း ၁၂/ကမရ(နိုင်)၀၄၁၂၁၆၊ (၄၃)ဦးကိုကိုလေး ၁၂/ကမရ(နိုင်)၀၄၀၉၃၀၊ (၄၄)ဦးမြင့်အောင် ၁၂/ကမရ(နိုင်)၀၉၆၁၅၁၊ (၄၅) ဦးကျော်စွာငြိမ်း ၁၂/ကမရ(နိုင်)၀၄၈၂၀၂၊ (၄၆)ဒေါ်ရင်ရင် ၁၂/ကမရ(နိုင်)၀၃၄၈၆၆၊ (၄၇) ဒေါက်တာခင်မောင်ဝင်း ၁၂/ကမရ(နိုင်)၀၄၁၈၂၈၊ (၄၈) ဦးသန်းဝင်း ၁၂/ကမရ(နိုင်)၀၄၁၂၁၁၊ (၄၉)ဦးသန်းထွန်း ၁၂/ကမရ(နိုင်)၀၀၈၈၁၂၊ (၅၀)ဒေါ်စောမြင့် ၁၂/ကမရ(နိုင်)၀၃၄၈၆၄၊ (၅၁)ဒေါ်မင်းမင်းစော ၁၂/ကမရ(နိုင်)၀၀၃၁၉၀၊ (၅၂)ဦးသန်းမောင် ၁၂/ကမရ(နိုင်)၀၃၅၂၅၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ကမာရွတ်မြို့နယ်၊ အမှတ် ၈ ရပ်ကွက်၊ (လှည်းတန်းလမ်းဆုံ)တွင် ရန်ကုန်မြို့တော် အဆင့်မြှင့်တင်ရေးလုပ်ငန်းစီမံချက်မှ စာရင်းကောက်ယူရေးနှင့် ပြန်လည်နေရာချထားရေးဥက္ကဋ္ဌကိုယ်တိုင် လက်မှတ်ရေးထိုး၍ ကမာရွတ်မြို့နယ်၊ အမှတ် ၈ ရပ်ကွက် (လှည်းတန်းလမ်းဆုံ)ရှိ Hledan Centre ကွန်ဒိုမီနီယမ်အဆောက်အအုံသစ်တွင် ဖော်ပြပါ (၅၂)ဦးအား တစ်ဦးချင်းစီထံသို့ စာဖြင့် တိုက်ခန်းများ၊ ဆိုင်ခန်းများ ချထားပေးမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ အထက်ဖော်ပြပါပုဂ္ဂိုလ်(၅၂)ဦးတို့သည် ဆောက်လုပ်ပြီးစီးပြီးဖြစ်သည့် Hledan Centre ကွန်ဒိုမီနီယမ်အဆောက်အအုံသစ်ရှိ တိုက်ခန်းများ၊ ဆိုင်ခန်းများတွင် လက်ရှိနေထိုင်ပိုင်ခွင့် (Possessory Title) ရှိသူများသာလျှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၃။ ထို့ကြောင့် အထက်ဖော်ပြပါ ပုဂ္ဂိုလ် (၅၂) ဦးအနေဖြင့် အခြားမည်သူ တစ်ဦးတစ်ယောက်ကမျှ အဆိုပါ တိုက်ခန်းများ၊ ဆိုင်ခန်းများကို လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ ငှားရမ်းခြင်းလုံးဝ (လုံးဝ) မရှိကြပါကြောင်းကိုလည်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိုးလွင် B.A (Law),LL.B
(စဉ်-၅၇၈၆)
ဒေါ်နန်းကြည်မေ (LL.B,LL.M)
(စဉ်-၇၃၂၁)
ဒေါ်တင်မျိုးဝင်း (LL.B)
(စဉ်-၈၄၆၈)
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၆၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန် ကွန်ပျူတာတက္ကသိုလ်
ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၏
(၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်းကြေညာချက်

၁။ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၏ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၀၁၃ ခုနှစ် မေ ၄ရက်တွင် ရန်ကုန်တက္ကသိုလ်နယ်မြေရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

၂။

ဘွဲ့အမည်	ဘွဲ့နှင်းသဘင် ရက်နှင့်အချိန်	အစမ်းလေ့ကျင့် ရက်နှင့်အချိန်
နံနက်ပိုင်း		
၁။ Ph.D(IT)ဘွဲ့လျှောက်ထားသူအားလုံး ၂။ M.C.Sc. ဘွဲ့လျှောက်ထားသူအားလုံး ၃။ M.C.Tech. ဘွဲ့လျှောက်ထားသူအားလုံး ၄။ B.C.Sc.(Hons)ဘွဲ့လျှောက်ထားသူအားလုံး ၅။ B.C.Tech(Hons)ဘွဲ့လျှောက်ထားသူအားလုံး ၆။ B.C.Sc. ဘွဲ့လျှောက်ထားသူအားလုံး ၇။ B.C.Tech. ဘွဲ့လျှောက်ထားသူအားလုံး	၄-၅-၂၀၁၃ရက် (စနေနေ့) နံနက် ၉ နာရီ	၃-၅-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉ နာရီ

၃။ ဘွဲ့ယူမည့်သူအားလုံးအတွက် အစမ်းလေ့ကျင့်ပွဲကို ၃-၅-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။

၄။ အစမ်းလေ့ကျင့်ပွဲတွင် တက်ရောက်ရန်ပျက်ကွက်သူများအား ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်မပြုပါ။

၅။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေသော ဝတ်စားဆင်ယင်မှုကိုသာ ဝတ်ဆင်ကြရန်နှင့် သရုပ်ပျက်ဝတ်စားဆင်ယင်လာသူများအား ခန်းမအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည် မဟုတ်ပါ။

၆။ ဘွဲ့ဝတ်စုံငှားရမ်းရန် ထောက်ခံစာများကို ၂၆-၄-၂၀၁၃ရက် (သောကြာနေ့)မှစ၍ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် ထုတ်ပေးပါမည်။

ဒေါက်တာအေးအေးသင်း
မော်ကွန်းထိန်းအဆင့်(၁)
ရန်ကုန် ကွန်ပျူတာတက္ကသိုလ်

အမည်ပြောင်း

ဦးစိုးစိုး၏သား အင်္ဂပူမြို့နယ်၊ ကွင်းကောက် အထက နဝမတန်း(A)မှ မောင်ဟန်ဖြိုးပြည့်စိုးအား မောင်ဟန်ဖြိုးပြည့်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဟန်ဖြိုးပြည့်

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းများအား ဘီအိုတီစနစ်ဖြင့်ဆောင်ရွက်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တာဝန်ယူဆောင်ရွက်သော လမ်းမိုင် ၂၄၆၆၉ မိုင်ရှိသည့်အနက် ၃၅၁၄ မိုင်အား သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပုဂ္ဂလိကလုပ်ငန်းရှင်များအား B.O.T(Build Operate & Transfer)(ဖောက်လုပ်ပြုပြင် အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လွှဲပြောင်းပေးခြင်း)စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပြီးဖြစ်ပါသည်။ ယခုအခါ ကျန်ရှိသော ၂၁၁၅၅ မိုင်အား ဘီအိုတီစနစ်ဖြင့်လုပ်ကိုင်ဆောင်ရွက်လိုသော ပုဂ္ဂလိက လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

ဘီအိုတီစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်လိုကြောင်း လျှောက်ထားရာတွင် ဆောင်ရွက်လိုသည့် လမ်းအမည် လမ်းမိုင်အရှည်နှင့် ရင်းနှီးမြှုပ်နှံမည့်ပမာဏတို့ကို ဖော်ပြရပါမည်။ ယင်းသို့လျှောက်ထားရာတွင် လမ်းမိုင်အရှည်သည် အနည်းဆုံးတစ်ဆက်တည်း မိုင်(၄၀) ရှိရပါမည်။ လမ်းတည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း တည်ဆောက်ချိန်ကာလ သုံးနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်ရပါမည်။ အသေးစိတ်အချက်အလက်အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အင်ဂျင်နီယာမှူးကြီးရုံးများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) လမ်းဦးစီး နေပြည်တော်တို့တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဖုန်း-၀၆၇-၄၀၇၀၈၁၊ ၄၀၇၄၆၄၊ ၄၀၇၅၈၃

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ (၇၄လမ်း×၂၆လမ်း)ရှိ စိတ္တရမဟီအိမ်ရာစခန်းအား ခေတ်မီမြို့ပြဖွံ့ဖြိုးရေး အိမ်ရာစီမံကိန်းအဖြစ် ပြန်လည်ဆောက်လုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းအတွက် ပြည်တွင်းနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၆-၅-၂၀၁၃ ရက်နောက်ဆုံးထား၍ ပေးပို့သွားရန်တင်ဒါခေါ်ယူအပ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင်ပါဝင်ရမည့် အချက်အလက်များကို ရုံးအမှတ် ၄၀၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းကြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၂၀၅၆၆ နှင့် ၀၆၇-၄၀၇၂၆၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

တင်ဒါရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊သဃ်န်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ သစ်ရာပင် ၂လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃ သုဝဏ္ဏ၊ မြေကွက်အမှတ် ၂၀/က၊ ဧရိယာ ၀ဒသမ ၀၉၇၈က၊ (အလျားပေ ၅၀×အနံ ၈၇ပေ ၅လက်မ/၈၂ပေ ၆လက်မ)အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(မြို့/မြေ)ဌာနတွင် ဦးတင်ဦး ၁၂/တမန(နိုင်)၀၇၃၄၅၂နှင့် ဦးတင်လှ ၁၂/တမန(နိုင်)၀၆၅၇၂၆တို့မှ အမည်ပေါက်ပိုင်ဆိုင်ထားသောပစ္စည်းဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်တော်တို့၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်လှိုင် LL.B ဒေါ်ခင်မာနွယ် LL.B, D.B.L ဒေါ်ငွေငွေဝင်း LL.B, D.I.L
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄



Pass port ပျောက်ဆုံးခြင်း

ကျွန်တော်မင်းဝေလွင် ၇/အတန(နိုင်)၀၈၉၈၅၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် M-၀၀၈၈၈၅ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၃၀၀၇၆၉**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဖြူးမြို့နယ်၊ ကျီးမနိုးကျေးရွာအုပ်စု ပတ္တာအနောက်ကွင်းနေ သားဖြစ်သူ ဂရန်းကျန်း(ခ) ကျော်သူသည် မိဘခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုးပြုလုပ်ပြီး နေအိမ်မှဆင်းသွားသဖြင့် အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။ **ဖခင်-ဦးရမ်းဘာဂျမ်း (ညောင်ပင်သာ)**

ကြော်ငြာ



အမည်ပြောင်း

ဦးအောင်မြ၏ သမီးများဖြစ်ကြသော မြစ်ကြီးနားမြို့၊ အထက(၃)၊ နဝမတန်း(F) မမြတ်နိုးနိုးနွယ်အား မထက်ထက်ထွန်းဟု လည်းကောင်း၊ ဆဌမတန်း(C)မှ မမြတ်ခွာညိုသင်းအား မခိုင်မြတ်ဆုဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မထက်ထက်ထွန်း၊ မခိုင်မြတ်ဆု

တစ်ဦးတည်းဖြစ်ကြောင်း

မထွေးထွေး၏ဖခင် ဦးမောင်အိပ်နှင့် ဦးမောင်အေး CK-၀၁၈၆၅၄ မှာ တစ်ဦးတည်းဖြစ်ပါသည်။

ဦးမောင်အိပ်(ခ)ဦးမောင်အေး

အမည်ပြောင်း

ဦးအောင်လွင်၏သမီး မြစ်ကြီးနား တက္ကသိုလ်(ဥပဒေဘာသာရပ်) တတိယနှစ်မှ မသန်းနုအောင် ၁/မကန(နိုင်)၁၆၈၇၁၅အား မသဲနုအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မသဲနုအောင်

အမည်ပြောင်း

ဦးကျော်ပြည့်၏သမီး ဟိုပင်မြို့၊ (၇)မိုင်ကျေးရွာမှ မအေးအေးလှိုင် ၁/မညန(နိုင်) ၁၁၁၄၉၆အား မအိအိမိုးခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မအိအိမိုးခိုင်**

ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (မိုင်းရာယ်)၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ မမြတ်ဆုမွန် ၁၃/ကမန(နိုင်)၁၃၆၈၆၉၏ ဖခင်အမည်မှန်မှာ ဦးနော်လာ ၁၃/ကခန(နိုင်)၀၁၈၇၉၄ဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၂-၁၉၉၆ ဖြစ်ပါသည်။

မမြတ်ဆုမွန်
၁၃/ကမန(နိုင်)၁၃၆၈၆၉

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ

(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၁၁)

မုံရွာခရိုင်တရားမရုံးတော်၌

၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅

ဒေါ်စန်းစန်း(ခ)စမ်းစမ်း လျှောက်သူ

ဘုတလင်မြို့၊ ဗန္ဓုလရပ်ကွက်နေ အရွယ်မရောက်သေးသော သူငယ် မောင်ရှင်းသန့်အုန်း သို့မဟုတ်/နှင့် ၎င်းပိုင်သောပစ္စည်းအကြောင်း။

ဘုတလင်မြို့၊ ဗန္ဓုလရပ်ကွက်နေ (၁)ဒေါ်စန်းစန်း(ခ)စမ်းစမ်းမှ အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မောင်ရှင်းသန့်အုန်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်ကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။

ထိုလျှောက်ချက်ကိုလည်း ၂၀၁၃ ခုနှစ် ဧပြီ ၂၆ရက် (၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၁ရက်)တွင် ဆိုင်ဆိုရန် ချိန်းချက်မှုသည်။

၂၀၁၃ ခုနှစ် မတ် ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တဲရင့်စိစံမွိုင်းနီခွဲ)
ခရိုင်တရားသူကြီး
မုံရွာခရိုင်တရားရုံး



တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ သခွတ်ကွင်းကျေးရွာအုပ်စု၊ ဘောကုန်းကျေးရွာနေ မအေးမြတ်သူ ၁၄/မအန(နိုင်)၁၇၉၄၅၆၏ ဖခင်အမည်မှန်မှာ ဦးကိုခွေး(ခ)ဦးဘိုးခွေး(ခ)ဦးခွေး တစ်ဦးတည်းဖြစ်ပါကြောင်း။



ဦးအောင်ကိုလေး(ဘ)ဦးရဲဆွေ ၉/တသန(နိုင်)၁၁၆၀၆၅နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်း၊ ရွှေကိန္နရီအိမ်ရာ၊ ၁၂ ဘီ၊ ၃၄ ရှိ Best Luck Co., Ltd.၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ တောင်သာမြို့နယ်၊ မြို့မရပ်ကွက်၊ အမှတ် ၂နေ ဦးအောင်ကိုလေး ၉/တသန(နိုင်)၁၁၆၀၆၅ သည် ကျွန်ုပ်တို့၏မိတ်ဆွေ တည်ထောင်ထားသော ချောဆီ၊ စက်သုံးဆီ၊ စတီးတာယာများ တင်သွင်းရောင်းချသည့် Best Luck Co., Ltd.မှ ၂၈-၄-၂၀၁၂ ရက်တွင် စတီးတာယာများ၊ ၁၉-၅-၂၀၁၂ရက်နှင့် ၂၃-၅-၂၀၁၂ရက်တို့တွင် ဒီဇယ်အင်ဂျင်ဝိုင်များကို ကိုယ်တိုင်ဝယ်ယူခဲ့ပါသည်။

ဦးအောင်ကိုလေးသည် အဆိုပါကားတာယာများနှင့် ဒီဇယ်အင်ဂျင်ဝိုင်များကို လက်ခံရယူသွားသည့် ၂၈-၄-၂၀၁၂ ရက်၊ ၁၉-၅-၂၀၁၂ ရက်နှင့် ၂၃-၅-၂၀၁၂ ရက်တို့တွင် ပစ္စည်းဖိုးငွေ ၉၅၀၀၀၀ိ/-(ကျပ်ကိုးသိန်းငါးသောင်းတိတိ)ကို တစ်လအတွင်း နောက်ဆုံးထား၍ ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီသို့ လာရောက်ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေကလည်း ယုံကြည်သည့်အတွက် လက်ခံခွင့်ပြုခဲ့ပါသည်။

သို့သော် ဦးအောင်ကိုလေးမှ ပေးရန်ရှိသည့် အဆိုပါငွေများကို ပြန်လည်ပေးအပ်ရန် ကတိပြုထားရှိသည့်ရက်တွင် လာရောက်ပေးအပ်ခြင်းမရှိသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီမှ နည်းအမျိုးမျိုးဖြင့်ဆက်သွယ်သော်လည်း ဆက်သွယ်၍မရဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့မိတ်ဆွေကုမ္ပဏီထံမှ ဦးအောင်ကိုလေးရယူသွားသော ကားတာယာများနှင့် ဒီဇယ်အင်ဂျင်ဝိုင်ဖိုးငွေ ၉၅၀၀၀၀ိ/-(ကျပ်ကိုးသိန်းငါးသောင်းတိတိ)ကို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီထံသို့ဖြစ်စေ လာရောက်ပေးအပ်ရန်နှင့် ပျက်ကွက်ပါက ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်တင်တင်လှိုင်(LL.B)　ဒေါ်ခင်မာနွယ်(LL.B,D.B.L)　ဒေါ်ငွေငွေဝင်း(LL.B,D.I.L)
တရားလွှတ်တော်ရှေ့နေ　အထက်တန်းရှေ့နေများ
အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခလေးမ

အသက်(၉၂)နှစ်

ဦးကြည် စာရင်းကိုင်ချုပ် RUBY DRAGON COMPANIES ၏ မိခင် ဒေါ်ခလေးမ အသက်(၉၂)နှစ်သည် ၃၁-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ **ဥက္ကဋ္ဌ**

RUBY DRAGON COMPANIES နှင့်
RUBY DRAGON COMPANIES အုပ်စုမှ ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းဗိုလ်မှူးမြင့်ဆွေ(ငြိမ်း)သည် ၂၂-၃-၂၀၁၃ရက် နံနက် ၄နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **၁၉၇၂-၇၈ RIT ကျောင်းဆင်းသူငယ်ချင်း မိသားစုများ**

လွမ်းဆွတ်သတိရခြင်း

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန် ဒါယကာကြီး

ဦးအောင်ခန့်(ခ)ဦးအောင်မြိုင်

အောင်ဇမ္ဗူဆန်စက်အပိုပစ္စည်းရောင်းဝယ်ရေး

အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေကျော်လမ်းမကြီး၊ အမှတ် ၄၈(ဝဲ)၊ စတုတ္ထထပ်နေ ဦးစောမောင်-ဒေါ်ခင်ရွှေတို့၏မောင်၊ ဦးဇော်ဝင်းထိုက်-ဒေါ်သိမ်းသိမ်းယဉ်တို့၏ညီ၊ ဦးကောင်း-ဒေါ်သန်းအေး၊ ဦးသန်းမောင်-ဒေါ်အေးကြိုင်တို့၏အစ်ကို ဦးအောင်ခန့်(ခ)ဦးအောင်မြိုင်သည် ၃၁-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)ညနေ ၃း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားသည့်အတွက် လွမ်းဆွတ်သတိရမိပါသည်။ **ကျန်ရစ်သူမိသားစု**

တမ်းတလွမ်းဆွတ်ခြင်း

၂၄-၃-၂၀၁၃ ရက်မှာ ခွဲခွာသွားတဲ့ ဒေါ်ဝင်းဝင်းနိုင်(ခ)မဒေါ်လီ (ဒုလဝကမှူး၊ ကန်ကြီးထောင့်မြို့နယ်)အတွက် ဝမ်းနည်းကြေကွဲရပါသည်။ အမရေ ရောက်လေရာဘုံဘဝမှာ အေးချမ်းစွာနေနိုင်ပါစေ။

မိ၊ မိုး၊ စန္ဒာ၊ မျိုး၊ စန်း၊ အောင်

ကျေးဇူးတင်လွှာ

အမေ ဒေါ်စန်းမြင့် နာမကျန်းဖြစ်စဉ်မှစ၍ အထူးဂရုတစိုက်ပြုစုကုသပေးခဲ့သော အာရှတော်ဝင်အထူးကုဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာကျော်ဇင်သန့်၊ ဆရာဝန်ကြီး ဒေါက်တာသီဝတင်၊ ဆရာဝန်ကြီး ဒေါက်တာမြတ်သူနှင့်တကွ ဆရာဝန်၊ ဆရာမများ၊ နာရေးကိစ္စအဝဝတွင် လိုက်ပါပို့ဆောင်ကူညီဆောင်ရွက်ပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဥမ္မာသွင်

ဒဂုံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး(ငြိမ်း)

အသက်(၆၆)နှစ်

ဒေါက်တာကြည်ဦး၏ဇနီး ဒေါက်တာဥမ္မာသွင်သည် ၂၉-၃-၂၀၁၃ရက် ညနေ ၄း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဒဂုံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ
ဒဂုံမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

ဘဏ်လုပ်ငန်းနည်းပညာများ ဂျပန်ကူညီပေးမည်

မြန်မာနိုင်ငံ၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာချိန် ပြည်တွင်းပြည်ပကုမ္ပဏီများအား လိုအပ်သည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ကူညီပေးနိုင်ရန်နှင့် မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းများ နည်းပညာဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်လျက် ဂျပန်နိုင်ငံ၏ ထိပ်တန်းဘဏ်တစ်ခုဖြစ်သော BTMU (Bank of Tokyo Mitsubishi UFJ)နှင့် မြန်မာနိုင်ငံ၏ ထိပ်တန်းဘဏ်တစ်ခုဖြစ်သော CB ဘဏ် (သမဝါယမဘဏ်) တို့အကြား Business Alliance Agreement စာချုပ်တစ်ရပ်ကို မတ် ၂၈ ရက်တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

“ကျွန်တော်တို့ CB ဘဏ်အနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရာမှာ ကူးသန်းရောင်းဝယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာအရေးကြီးတဲ့ ကဏ္ဍအနေနဲ့ ပါဝင်ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်တွင်း ပြည်ပကုမ္ပဏီတွေ၊ တစ်သီးပုဂ္ဂလကုန်သည်များ၊ အသင်းအဖွဲ့တွေ ငွေရေးကြေးရေးဘဏ်လုပ်ငန်းတွေ၊ ဝန်ဆောင်မှုတွေ ထိထိရောက်ရောက်ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ဂျပန်နိုင်ငံရဲ့ ထိပ်တန်းဘဏ် ATMU နဲ့ စာချုပ်လက်မှတ်ရေးထိုးလိုက်ခြင်းဖြစ်ပါတယ်”ဟု CB ဘဏ် အမှုဆောင် ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဦးကျော်လင်းက မြန်မာ့အလင်းသို့ ပြောသည်။

“ဂျပန် ထိပ်တန်းဘဏ်အနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ CB ဘဏ်လုပ်ငန်းတွေ နည်းပညာဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ရည်ရွယ်ပြီး နိုင်ငံတကာဘဏ် သင်တန်းများပေးခြင်း၊ အိုင်တီနည်းပညာများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ကျွမ်းကျင်ပညာရှင်များလွှတ်ပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ ဘဏ်အတွင်း အချက်အလက်များဖလှယ်ခြင်း၊ နိုင်ငံတကာဘဏ်လုပ်ငန်းတွေ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး ကူညီပေးသွားမှာဖြစ်ပါတယ်”ဟု ဦးကျော်လင်းက ဆက်လက်ပြောကြားသည်။

အဆိုပါဘဏ်နှစ်ခုသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က မဟာမိတ်ဖွဲ့သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးနောက် ယခု သဘောတူညီချက်စာချုပ်ကို ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

CB ဘဏ်သည် မြန်မာနိုင်ငံတွင် ပုဂ္ဂလိကဘဏ်များ ပြန်လည်လုပ်ကိုင်ခွင့်ပြုမည့် ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၁ ခုနှစ် နိုဝင်ဘာတွင် ပထမဆုံး ATM စက်ကို တပ်ဆင်သုံးစွဲခဲ့သည်။ ယင်းနောက် ၂၀၁၂ ခု နှစ် နိုဝင်ဘာလတွင် ATM စက်များတွင် Master Card၊ Visa Card နှင့် Cup Card များဖြင့်လည်း မြန်မာနိုင်ငံ၏ ပထမဆုံးငွေထုတ်ပေးသည့်လုပ်ငန်းကို စတင်ခဲ့သည်။ ထို့အပြင် Master Card pos စက်များကိုလည်း မတ် ၄ ရက်က စတင်အသုံးပြုခဲ့သည်။

ထို့အတူ ဂျပန်ဘဏ် BTMU သည် ၁၉၅၄ ခုနှစ်ကတည်းက ရန်ကုန်တွင် ရုံးခန်းဖွင့်လှစ်ပြီး ဂျပန်အစိုးရ၏ ယန်းချေးငွေများအတွက်နှင့် မြန်မာရေးကိစ္စများအတွက် ဘဏ်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ပေးခဲ့သည်။ ယင်းဘဏ်သည် ဂျပန်နိုင်ငံ၏ နံပါတ်တစ်အကြီးဆုံးဘဏ်ဖြစ်ပြီး ကမ္ဘာ့အဆင့် (၂) ရှိဘဏ်ကြီးဖြစ်ကာ ကမ္ဘာတစ်ဝန်းဘဏ်ခွဲပေါင်းမြောက်မြားစွာ ဖွင့်လှစ်လျက် ငွေရေးကြေးရေးလုပ်ငန်းများ လုပ်ဆောင်ပေးနေသော ကူးသန်းရောင်းဝယ်ရေးဘဏ်ကြီးဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ထိပ်တန်းဘဏ်ကြီးနှစ်ခုပူးပေါင်းဆောင်ရွက်လိုက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကအရေးကြီးသည့် ဘဏ်လုပ်ငန်းများ တစ်ဟုန်ထိုးတိုးတက်ပြောင်းလဲလာမည်ဖြစ်ပါသည်။

(မြန်မာ့အလင်း)

သတင်းဆောင်းပါး-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အဝိုင်းကျေးရွာ၌ ယာဉ်တိုက်မှုဖြစ်ပွား

ပဲခူး ဧပြီ ၃

ပဲခူးတိုင်းဒေသကြီး ပဲခူး-ဘုရားကြီးလမ်းပိုင်း အဝိုင်းကျေးရွာလမ်းထိပ်တွင် ယာဉ်ကိုကျော်တက်စဉ် ဆိုင်ကယ်ကို ဟွန်ဒိုင်းနောက်တွဲယာဉ်က ဝင်တိုက်သော ယာဉ်တိုက်မှုတစ်မှု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အရေးယူ

ဖြစ်စဉ်မှာ မတ် ၂၈ ရက် မွန်းလွဲ ၁ နာရီက ပဲခူးမြို့နယ် အဝိုင်းကျေးရွာလမ်းထိပ်တွင် ပဲခူးဘက်မှ တောင်ငူဘက်သို့ ယာဉ်မောင်းကိုပြုံးချိုမောင်းနှင်လာသော ၂ဃ/----ဟွန်ဒိုင်းနောက်တွဲယာဉ်သည် အဝိုင်းလမ်းထိပ်အရောက်စက်ပျက်၍ရပ်ထားသော ၇က/--- ဒိုင်နာယာဉ်ကို ကျော်တက်စဉ် ဘုရားကြီးမှ ပဲခူးသို့ မြတ်မင်းမောင်းနှင်လာသော မလမ/--- Honda Wave 110 အစိမ်းရောင်ဆိုင်ကယ်ကို ဝင်တိုက်မိသဖြင့် ဆိုင်ကယ်သည် လမ်းဘေးသို့ ထိုးကျသွားပြီး မြတ်မင်းတွင် ဒဏ်ရာများရရှိကာ ပဲခူးဆေးရုံတွင် ဆေးကုသခံယူခဲ့ရသဖြင့် ပဲခူးအမှတ်(၁)ရဲစခန်းမှ တာဝန်မှူးဒုရဲအုပ် နေထွန်းအောင်က အမှုဖွင့်ပြီး နောက်တွဲယာဉ်မောင်းပြုံးချို ၂၉ နှစ် ဘုရားကြီးနေသူနှင့် ဆိုင်ကယ်မောင်း မြတ်မင်း ၃၂ နှစ် ချောင်ကျေးရွာနေသူတို့ကို အရေးယူထားကြောင်း သိရသည်။

ရှင်းသန့်(ပဲခူး)

အုပ်ချုပ်ရေးမှူးသင်တန်းဆင်း

ပုဏ္ဏားကျွန်း ဧပြီ ၃

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၂/၂၀၁၃) သင်တန်းဆင်းပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးရာဇ မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား သင်ပုန်းတန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကံကြီးအောင်က လက်ခံယူခဲ့ကြောင်း သိရသည်။

သူ(ပုဏ္ဏားမြီ)

ငွေခိုးယူတိမ်းရှောင်သူ လက်ပံတန်းတွင် ဖမ်းမိ

သာယာဝတီ ဧပြီ ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ လက်ပံတန်းရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ရန်လင်းနိုင်နှင့် တပ်ဖွဲ့ဝင်များသည် မတ် ၁၉ ရက် နံနက် ၁ နာရီခန့်က မင်းရပ်ကွက်နယ်မြေ (၁၂) ဦးမြဝင်း၏နေအိမ်တွင် မသင်္ကာဖွယ်ရာလူတစ်ဦးရောက်ရှိနေကြောင်း သတင်းအရ သက်သေလူကြီးများနှင့်အတူ သွားရောက်ရှာဖွေရာ ကျော်ကျော် (ခ)ပွကြီး (ခ)ကြည်ခိုင် အသက် ၁၇ နှစ် (က)ရပ်ကွက် (၁)လမ်း အောက်ပိုင်း အင်းစိန်နေသူကို တွေ့ရှိသဖြင့် ရဲစခန်းသို့ ခေါ်ဆောင်ပြီး သက်သေများရှေ့တွင် စစ်ဆေးမေးမြန်းရာ မတ် ၁၅ ရက် နံနက် ၁၀ နာရီခန့်က အင်းစိန်မြို့ (က)ရပ်ကွက် (၁)လမ်းဆန်ဆိုင်အတွင်းရှိ စားပွဲအံဆွဲအတွင်းမှ ငွေကျပ် ၁၆ သိန်းအား ခိုးယူပြီး တိမ်းရှောင်နေသူဖြစ်ကြောင်း သိရှိရသည်။

(ဝ၉၈)

ဂုဏ်ယူဝမ်းမြောက်ခြင်း

မမလတ်(ယဉ်ဝေလွင်-ပြည်) (ဆရာဦးစိန်ခိုဆေးတိုက်နှင့် ဆရာဦးစိန်ခို ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ ပြည်မြို့)အား အိန္ဒိယနိုင်ငံ KOLKATA(I.B.A.M) မှ Ph.D(A.M) ဘွဲ့ ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ကျန်းမာပါစေကြောင်း ဆုတောင်းအပ်ပါသည်-

မောင်နှမများ	တူများ
ဦးသန်းဝင်း-ဒေါ်သီတာ(ဆရာဦးစိန်ခိုဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း)	မောင်ဟိန်းကိုကိုကျော် (HND YEAR.1 BUSINESS MANAGEMENT-VICTORIA UNIVERSITY)
ဒေါ်စမ်းစမ်းအိ(ဆရာဦးစိန်ခိုဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း)	မောင်နေထက်စည်သူ (GRADE-11၊ ထ-၁)ပြည်
ဦးအောင်မြင့်-ဒေါ်နန်းနန်းဝေ(ဆရာဦးစိန်ခိုဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း)	မောင်စည်သူကျော် (GRADE-8၊ ထ-၁)ပြည်
	မောင်မင်းမျိုးရာဇာ (SHINING STAR မူကြို)

ပျောက်ဆုံးခြင်း

ကျွန်တော်ဦးခင်ဇော်ဝင်း ၁၂/စခန(နိုင်) ဝ၄၁၇၁၂ ၏ PassPort M-၂၅၁၈၃၇ စာအုပ်မှာ ၂၉-၁-၂၀၁၃ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၇၃၁၄၄၈၂၀**

အမည်မှန်

ဦးခိုင်ဟောက်လျန်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အလက(၃)အဋ္ဌမတန်းမှ မောင်ရှင်ရှမ်းဆန်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ရှမ်ရှင်းဆန်ဖြစ်ပါကြောင်း။ **မောင်ရှမ်ရှင်းဆန်**

ပျောက်ဆုံးခြင်း

ကျွန်တော် နန္ဒာအောင်၏ ပတ်စ်ပို့ M-၃၅၆၁၇၆ ပျောက်ဆုံးသွားပါ၍ တွေ့ရှိသူများ အကြောင်းကြားပေးကြပါရန်။
ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၁၄၀၁၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဂ/၁၀၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ဆန်း ၇/ဒဥန(နိုင်)၁၀၅၇၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

4-4-2013 (A).pmd 1 4/2/2013, 9:41 PM

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လူမှုဝန်ထမ်း ဦးစီးဌာန မူလတန်းကြိုကျောင်းအမှတ် (၁) အခြေခံပညာအစိုးရ မူလတန်းကျောင်းများသို့ တက်ရောက်ပညာသင်ကြားကြတော့မည့် ရင်သွေးငယ် ၄၀ တို့အား မတ် ၂၃ ရက်က ကျောင်း ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး ကျောင်းဆင်းလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။ (အောင်သန်း)

လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်

မြဝတီ ဧပြီ ၃

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် တောင်သူလယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပေးအပ်ခြင်း အခမ်းအနားကို မတ် ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သောင်ရင်းခန်းမ၌ကျင်းပရာ ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က အမှာစကားပြောကြားပြီး ဝေ့ရှမ်းကျေးရွာအုပ်စုနှင့် မဲကနယ်ကျေးရွာအုပ်စုမှ လယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကို ဝန်ကြီးကပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက အမှတ်(၅)ရပ်ကွက်ရှိ တောင်သူလယ်သမားများနှင့် သဃ်န်းညီနောင်ကျေးရွာအုပ်စုရှိ တောင်သူလယ်သမားများအား လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များကို ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

နဒီမြင့်မိုရ်(မြဝတီ)

စာတတ်မြောက်ရေးလှုပ်ရှားမှု လုပ်အားပေးအဖွဲ့များစတင်ဆောင်ရွက်

ရေစကြို ဧပြီ ၃

မကွေးတိုင်းဒေသကြီး အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုအဖြစ် မတ် ၃၀ ရက်က ရေစကြိုမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုစခန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားကို ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်း၊ ပခုက္ကူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးချို့တို့က လှုပ်ရှားမှုအတွင်း ပါဝင်လုပ်အားပေးကြမည့် ပခုက္ကူတက္ကသိုလ် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုစကားပြောကြား၍ မွန်မြတ်သည့် လူသားအကျိုးပြုပရဟိတမှသည် မိမိတို့ဘဝတစ်သက်တာအတွက် အမျိုးသားရေးမှတ်တိုင် စိုက်ထူနိုင်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

"သမီးတို့က ပခုက္ကူတက္ကသိုလ်မှာ မြန်မာစာမဟာဝိဇ္ဇာပထမနှစ် တက်ရောက်နေပါတယ်။ သမီးတို့လို စာတတ်မြောက်ရေး လုပ်အားပေးဖို့အတွက် လျှောက်ထားသူ ၃၀၀ ရှိခဲ့ပြီး လိုအပ်တာက ၇၀ သာခေါ်ယူခဲ့တဲ့အတွက် ပါဝင်ခွင့်ရလို့ ပျော်ရွှင်မိပါတယ်။ အဓိကကတော့ စာမတတ်သူအရေးက နိုင်ငံ့အရေးဖြစ်ပါတယ်။ ကျေးလက်က မိဘပြည်သူတွေဟာစာမတတ်ကြလို့ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်မှု အားနည်းပြီး ဆင်းရဲတွင်းနက်နေကြရတာပါ။ အခြေအနေမှန်တွေကို လေ့လာခွင့်ရပြီး ကူညီဖေးမ သင်ကြားနိုင်မယ့်အတွက် အလွန်ဂုဏ်ယူမိပါတယ်"ဟု မခိုင်သီအောင်က ပြောကြားသည်။

ရှင်းပြ

အဆိုပါ စာတတ်မြောက်ရေး လုပ်အားပေးအဖွဲ့များကို မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့မှ လာရောက်သင်ကြားပေးခဲ့ပြီး စာသင်ကြားရေးနည်းလမ်းများသာမက ဝတ်စားဆင်ယင်မှု၊ ကျန်းမာရေးနှင့် ရပ်ရွာဓလေ့များကိုပါ လေးစားလိုက်နာကြရန် စနစ်တကျသင်ကြားလေ့ကျင့်ပေးထားကြောင်း လုပ်အားပေး ဆရာမလေးမခင်မျိုးဦးက ရှင်းပြသည်။

လုပ်အားပေးလှုပ်ရှားမှုကို ဧပြီ ၁ ရက်မှ မေ ၁၅ ရက်အထိ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားခွင့်မရရှိခဲ့ကြသည့် လူကြီးလူငယ်အားလုံးတို့ရှိရာ နေရာအသီးသီး၊ ကျေးရွာအနှံ့ဆီသို့ သွားရောက်သင်ကြားခွင့်ရတော့မည် ဖြစ်ခြင်းကြောင့် ပျော်ရွှင်နေခဲ့ရကြောင်း မဟာဝိဇ္ဇာကျောင်းသူတစ်ဖြစ်လည်း လုပ်အားပေးဆရာမလေး မသဇင်ထွန်းက ပြောကြားခဲ့သည်။

ဖေထွဏ်းဇော်-ရေစကြို

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တွင် စာအုပ်ငှားသူများဖြင့် စည်ကားလျက်ရှိ

ဖျာပုံ ဧပြီ ၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်တွင် နေ့စဉ်စာအုပ်ငှားသူ၊ စာဖတ်သူ ၂၀၀ ကျော်ဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်ကို ၂၀၀၈ ခုနှစ် ဧပြီလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါအသင်းဝင်ဦးရေ ၂၀၀၀ ကျော်ရှိကာ လုံးချင်းစာအုပ်ပေါင်း ၁၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

စာကြည့်တိုက်ကို နေ့စဉ် မွန်းလွဲ ၂ နာရီခွဲမှ ည ၈ နာရီခွဲအထိ ဖွင့်ပေးလျက်ရှိပြီး ဖျာပုံမြို့ရှိ စာဖတ်ပရိသတ်များက စိတ်ဝင်တစားဖတ်ရှုလာခဲ့ကြသည်မှာ ငါးနှစ်တင်းတင်း ပြည့်တော့မည်ဖြစ်သည်။ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်မှ နှစ်စဉ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖျာပုံမြို့နယ်အတွင်း မြန်မာစာဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသားကျောင်းသူများကို "ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် မြန်မာစာဂုဏ်ထူးဆု" ပေးအပ်ချီးမြှင့်လျက်ရှိပြီး အချို့စာနယ်ဇင်းများကို လိုအပ်နေသည့် ကျေးရွာစာကြည့်တိုက်များသို့ လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

လှူဒါန်း

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တွင် အပတ်စဉ်ထုတ် ဂျာနယ် အမျိုးအစားပေါင်း ၃၀ ကျော်၊ လစဉ်ထုတ်မဂ္ဂဇင်း ၃၀ ကျော်ကို ဖတ်ရှုနိုင်အောင် မြို့ပေါ်ရှိ အလှူရှင်များက လှူဒါန်းပေးလျက်ရှိပြီး လိုအပ်သည့် လုံးချင်းစာအုပ်များကိုလည်း စာကြည့်တိုက်တွင် ကြော်ငြာကပ်ထားရာ စာချစ်သူများက အလျဉ်းသင့်သလို လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်သို့ ဆက်သွယ်လိုပါက ဖုန်း- ၀၄၅-၄၀၉၉၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

သူဇာနွယ်(ဖျာပုံ)

ကြီးငယ်မဟူ သတိမူ ရန်သူမီးကိုသာ



ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၄က/၉၄၂၂ ဦးအောင်မြင့် အမည်ပေါက် အခွန်စိမ်း(ပုံစံ-၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၅၉၉၄၃

အလိမ္မာ စာမှာရှိ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးရေးအထူးဇုန်(၁)၊ မြေကွက်အမှတ် အေ-၁၂၁(မွေးမြူရေး) မြေ(၁)ယူနစ်ပေါ်ရှိ မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးဟန်ဦး ၁၃/မရန(နိုင်)၀၂၂၈၆၆ထံမှ ကျွန်မ ဒေါ်လှဲ့လှဲ့ဝင်း ၁၃/မကန(နိုင်)၀၁၆၅၂၇က အပြီးအပိုင်လွှဲပြောင်းဝယ်ယူပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် အမည်ပြောင်းလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဖုန်း-၀၉-၅၂၁၁၃၂၅သို့ ဆက်သွယ်၍ ပိုင်ဆိုင်မှုအထောက်အထား(မူရင်း) အပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါသည်။

ဒေါ်လှဲ့လှဲ့ဝင်း ၁၃/မကန(နိုင်)၀၁၆၅၂၇

အများသိစေရန်ကြေညာခြင်း

အေးသာယာမြို့၊ နယ်မြေ(၃)၊ အမှတ်(၅)ရပ်ကွက်၊ အကွက်ကြီး ၄၉၊ မြေကွက်နံပါတ် ၁၇ အား ဝယ်ယူလိုပါသဖြင့် မြေကွက်ပိုင်ရှင်ကိုယ်တိုင်မှ အနာဂတ်ကလေးများ၏ မိဘမေတ္တာ မိဘမဲ့ဂေဟာ ဖုန်း-၀၉-၄၂၈၃၁၁၄၂၅သို့ အမြန်ဆုံး ဆက်သွယ်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၀၃)ဘဏ်မြောက်

မြန်အောင်ဘဏ်ခွဲ ကို

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ္သာတခရိုင်၊ မြန်အောင်မြို့နယ် တွင်

၄.၄.၂၀၁၃ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

<u>ဆက်သွယ်ရန်လိပ်စာ</u>

မြန်အောင်ဘဏ်ခွဲ

အမှတ်(၁)၊ လက်ပံရပ်အလယ်လမ်း၊ အမှတ်(၅)ရပ်ကွက်

မြန်အောင်မြို့နယ်၊ ဟသ္သာတခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး။

ဖုန်း – (၀၄၄) ၅၀၆၆၄၊ ၅၀၆၆၅၊ ၅၀၀၂၄

ဖက်စ် – (၀၄၄) ၅၀၀၂၆၊ ၅၀၃၅၆

www.kbzbank.com

ကြော်ငြာ

ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၁၃-၂၀၁၄)ခု ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

(က) စီးပွားရေးပညာဒီပလိုမာ (DES)
(ခ) စာရင်းအင်းပညာဒီပလိုမာ (DS)
(ဂ) စီမံအုပ်ချုပ်မှုပညာဒီပလိုမာ (DMA)

၂။ အဆိုပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူမဖြစ်စေရ။
(ဂ) သက်ဆိုင်ရာသင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းများသို့ အစိုးရဌာနများမှ ဘွဲ့ရအရာထမ်းများအပြင် ပြင်ပပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသော ဘွဲ့ရပုဂ္ဂိုလ်များပါ လျှောက်ထားနိုင်သည်။
(င) ၁-၆-၂၀၁၃ ရက်တွင် အသက် (၂၅)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

၃။ ဝင်ခွင့်စာမေးပွဲအတွက် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ) ကျောင်းသားရေးရာဌာနတွင် ၈-၄-၂၀၁၃ရက်မှ ၁၀-၅-၂၀၁၃ရက်အထိ ရယူပြီး ၁၀-၅-၂၀၁၃ရက် (သောကြာနေ့) နောက်ဆုံးထား၍ ပြန်လည်တင်သွင်း လျှောက်ထားနိုင်ပါသည်။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၃ ခုနှစ် မေ ၁၈ ရက် (စနေနေ့) တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်)၌ ကျင်းပပါမည်။

၅။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်း-၅၈၅၀၇၂၊ ၅၈၅၀၇၃၊ ၅၃၆၄၃၆၊ ၆၆၁၇၃၆၊ ၆၆၄၆၈၄ တို့တွင် အသေးစိတ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဌာနမှူး(သင်တန်းရေးရာ)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

ရန်ကုန်စီးပွားရေးတက္ကသိုလ် မဟာဘွဲ့သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါမဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (MPA)
(ဂ) ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS)

၂။ အဆိုပါ မဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခု တက်ရောက်နေသူမဖြစ်စေရ။
(ဂ) သက်ဆိုင်ရာသင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ဘွဲ့ရပြီးနောက် လုပ်ငန်းခွင်တွင် လုပ်သက်အနည်းဆုံး(၃)နှစ် လုပ်ခဲ့သည့် အတွေ့အကြုံရှိသူ ဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်၊ စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၈-၄-၂၀၁၃ရက်မှ ၇-၅-၂၀၁၃ ရက်အထိ ရယူပြီး ၇-၅-၂၀၁၃ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ ပြန်လည်တင်သွင်း လျှောက်ထားနိုင်ပါသည်။

(က) MBA သင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန (ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)
(ခ) MPA သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန (အခန်း ၁၁၂)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း
(ဂ) MDevS သင်တန်းအတွက် ဘောဂဗေဒဌာန (အခန်း ၁၀၆)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၃ခုနှစ် မေလ ၁၁ရက် (စနေနေ့)တွင် အောက်ပါနေရာများ၌ ကျင်းပပါမည်-

(က) MBA သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)
(ခ) MPA နှင့် MDevS သင်တန်းတို့အတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ကမာရွတ်နယ်မြေ)

၅။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်း-MBA-၆၆၁၇၃၆၊ ၆၆၄၆၈၄၊ MPA-၅၁၂၆၃၃၊ ၀၉-၄၃၁၂၇၂၃၆၊ MDevS-၅၁၀၂၁၃၊ ရုံးဖုန်း-၅၈၅၀၇၂၊ ၅၈၅၀၇၃၊ ၅၃၆၄၃၆တို့တွင် အသေးစိတ် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဌာနမှူး (သင်တန်းရေးရာ)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)မိုင်ခွဲ၊ ဓမ္မာရုံလမ်း၊ အမှတ် ၄ (ယခင်လိပ်စာ) ဦးဥက္ကာဇံ(ဘ)ဦးကျော်တင့် ၁၂/ဗဟန(နိုင်)၀၈၄၈၃၀ (ယခုလိပ်စာမသိ) နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်း၊ ရွှေကိန္နရီအိမ်ရာ၊ ၁၂-ဘီ၊ ၃၄ ရှိ Best Luck Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဥက္ကာဇံသည် ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီဖြစ်သော ချောဆီ၊ စက်သုံးဆီ၊ စတီးတာယာများ တင်သွင်းရောင်းချသည့် Best Luck Co.,Ltd.တွင် ၂၀၁၁ ခုနှစ် ဧပြီလမှစ၍ ကုမ္ပဏီမှ ပစ္စည်းများအား ဆိုင်များမှမှာယူသည့်အခါ သွားရောက်ပို့ပေးခြင်း၊ ရောင်းရငွေများကို လက်ခံသိမ်းဆည်းခြင်းစသည့် ပြုလုပ်ပေးရသော အရောင်းဝန်ထမ်းတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

ဦးဥက္ကာဇံမှ ဆိုင်များမှ မှာယူသည့်ပစ္စည်းများအတွက် ရောင်းရငွေများကို ကုမ္ပဏီသို့ ပြန်လည်ငွေသားပေးအပ်ခဲ့ရာ၌ ကွဲလွဲချက်များရှိနေကြောင်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ကုမ္ပဏီလက်ရှိ စာရင်းစစ်များ၏ စစ်ဆေးချက်အရ စာရင်းတွင်ရှိရမည့် အမှန်ငွေနှင့် ဦးဥက္ကာဇံ တင်ပြထားသော ငွေများအကြား ကွာခြားချက်များရှိနေ၍ ကုမ္ပဏီစာရင်းစစ်များမှ ဦးဥက္ကာဇံနှင့် တွေ့ဆုံစာရင်းရှင်းလင်းခဲ့ရာ စာရင်းရှင်းလင်းမှုပြီးဆုံးခြင်းမရှိသေးဘဲ မိမိသဘောဆန္ဒတစ်ခုတည်းဖြင့် ကုမ္ပဏီမှထွက်ခွာသွားပါသည်။ ဦးဥက္ကာဇံထားရှိခဲ့သော ငွေစာရင်းအပေါ် စာရင်းစစ်များ၏ ဆက်လက်စစ်ဆေးချက်များအရ ငွေ ၂၄၅၂၈၀၀/-(ငွေကျပ်နှစ်ဆယ့်လေးသိန်းငါးသောင်းနှစ်ထောင်ရှစ်ရာတိတိ)ကွာဟနေကြောင်း ထပ်မံတွေ့ရှိရ၍ ဦးဥက္ကာဇံအား နည်းအမျိုးမျိုးဖြင့် ဆက်သွယ်သော်လည်း ဆက်သွယ်၍မရ ဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ ဦးဥက္ကာဇံမှ ယင်းကွာဟငွေ ၂၄၅၂၈၀၀/-(ငွေကျပ်နှစ်ဆယ့်လေးသိန်းငါးသောင်းနှစ်ထောင်ရှစ်ရာတိတိ)ကို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီထံသို့ဖြစ်စေ လာရောက်ပေးအပ်ရန်နှင့် ပျက်ကွက်ပါက ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင် LL.B — **ဒေါ်ခင်မာနွယ် LL.B, D.B.L** — **ဒေါ်ငွေငွေဝင်းLL.B, D.I.L**
တရားလွှတ်တော်ရှေ့နေ — **အထက်တန်းရှေ့နေများ**
အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ဒေါ်ထွေးရီ ၁၂/စခန(နိုင်)၀၀၃၃၀၁ အား လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ရုပ်သိမ်းပယ်ဖျက်ခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလှမောင် ၁၂/စခန(နိုင်)၀၁၆၃၉၈ က ၂၃-၁၀-၂၀၀၇ ရက်စွဲဖြင့် ဒေါ်ထွေးရီ ၁၂/စခန(နိုင်)၀၀၃၃၀၁ သို့ ပြုလုပ်ပေးအပ်ထားသော ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၉၆၁၇/၂၀၀၇ကို ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်း ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းစိုး(ထွန်း)	**ဒေါ်မူယာ**	**ဦးကျော်မြင့်**
B.A (Eco), H.G.P, R.L, D.B.L	**LL.B, Dip: in Business Law**	**B.A, H.G.P, R.L.**

တရားလွှတ်တော်ရှေ့နေများ
အမှတ် (၁၅၈/ဘီ) သုံးလွှာ၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ(S-၉၀)၊ မြေကွက်အမှတ် ၄၄၊ မြေကွက်တည်နေရာအမှတ် ၇၇၊ ကုဋ္ဌာသယလမ်း၊ ပုသိမ်ညွန့်စုံပြရပ်ကွက်၊ တာမွေမြို့နယ်၊ ဒေါ်ချိုချိုအုန်း ၁၂/တမန(နိုင်)၀၁၀၂၇၀ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ချိုချိုအုန်း ၁၂/တမန(နိုင်)၀၁၀၂၇၀က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံစာတို့ကိုတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမွေပြတ်စွန့်လွှတ်ခြင်း

ဒေါ်မြင့်သန္တာချော၏သား မောင်မင်းမြတ်သူ ၁၃/လရန(နိုင်)၁၆၉၈၄၈ သည် မိခင်နှင့် အုပ်ထိန်းသူတို့၏ ပြောဆိုဆုံးမမှုအား လုံး၀(လုံး၀)နာခံခြင်း၊ လိုက်နာခြင်းမရှိ (မရှိ)ပါ၍ ၁-၁-၂၀၁၃ရက်မှစပြီး အမွေပြတ်စွန့်လွှတ်လိုက်သည်။
ဒေါ်မြင့်သန္တာချော

ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် လေးဒေါင့်ကန်၊ မြေကွက်အမှတ် ၂၅၁၊ မြေကွက်တည်နေရာအမှတ် ၄၀၊ ကန်တော်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်း ဦးကြွယ်သိန်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးကြွယ်သိန်း ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဦးဇော်ဝင်း ၁၂/သဃက(နိုင်)၀၉၄၃၉၉က ပါမစ်ပျောက်ဆုံးကြောင်း၊ ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက် ဂရန်သစ်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၁အက်ဖ်၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၁၀၄၊ မြေကွက်တည်နေရာ အမှတ် ၁၂၉/၁၀၁လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးဟင်နရီသောင်း၊ ဒေါ်ဘာလာရီဗာဒင်အမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက်တစ်ဦး ဒေါ်ဘာလာရီဗာဒင်ကွယ်လွန်သဖြင့် ပူးတွဲအမည်ပေါက် ခင်ပွန်းဦးဟင်နရီသောင်း ၁၂/မဂတ(နိုင်)၀၆၉၅၃၈ နှင့် ၄င်းတို့၏တစ်ဦးတည်းသောသား ဦးဇော်ဝင်းသောင်း ၁၂/မဂတ(နိုင်)၀၈၇၂၃၇တို့က ခင်ပွန်းနှင့်သားတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အများသိစေရန် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ [illegible] အမှတ် (၁၂/ဧ) ရှိ Overseas Development Enterprise Ltd သည် [illegible] ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။

[illegible] Overseas Development Enterprise Ltd ၏ [illegible] Artistic craftsmanship Painting နှင့် Drawing များပါဝင်သည့် အနုပညာလက်ရာ "Artistic works" များသာ ဖြစ်ပါသည်။

ဤကဲ့သို့ အနုပညာလက်ရာ "Artistic works" များကို [illegible] Overseas Development Enterprise Ltd ၏ [illegible]

[illegible] Overseas Development Enterprise Ltd ၏ [illegible] ကြေညာအပ်ပါသည်။

Overseas Development Enterprise Ltd ၏
လွှဲအပ်ညွှန်ကြားချက်အရ
ဦး[illegible] *LL.B*
တရားလွှတ်တော်ရှေ့နေ [illegible]
[illegible] ရန်ကုန်မြို့။
MYANMAR TRADEMARK AND PATENT LAW FIRM
E-mail: mtpip@mptmail.net.mm
ဖုန်း-[illegible]

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဥမ္မာသွင် (Louisa Thwin)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ အမှတ် ၄၀၊ မြောင်းမြလမ်းနေ ဒေါက်တာဦးကြည်ဦး၏ ချစ်လှစွာသောဇနီး ဒေါက်တာဥမ္မာသွင် အသက်(၆၆)နှစ်သည် ၂၉-၃-၂၀၂၃ရက်(သောကြာနေ့) ညနေ ၄း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးစိုးကြင်-ဒေါ်ခင်မမ
အောင်ကျွန်းသာကုမ္ပဏီမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းသန်းဌေး

(ဒုတိယအထွေထွေမန်နေဂျာ၊ ဘဏ်တွင်းစာရင်းစစ်ဌာန)
မြဝတီဘဏ်လီမိတက်
အသက်(၅၉)နှစ်

မြဝတီဘဏ်လီမိတက်၊ ဘဏ်တွင်းစာရင်းစစ်ဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်သန်းသန်းဌေး အသက်(၅၉)နှစ်သည် ၃၁-၃-၂၀၂၃ရက်(တနင်္ဂနွေနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဘဏ်တွင်းစာရင်းစစ်ဌာနဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းသန်းဌေး

(ဒုတိယအထွေထွေမန်နေဂျာ၊ ဘဏ်တွင်းစာရင်းစစ်ဌာန)
မြဝတီဘဏ်လီမိတက်
အသက်(၅၉)နှစ်

မြဝတီဘဏ်လီမိတက်၊ ဘဏ်တွင်းစာရင်းစစ်ဌာနမှ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်သန်းသန်းဌေး အသက်(၅၉)နှစ်သည် ၃၁-၃-၂၀၂၃ရက် (တနင်္ဂနွေနေ့) ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြဝတီဘဏ်လီမိတက်(ပုသိမ်)
မန်နေဂျာနှင့် ဝန်ထမ်းများ

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကြူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်) မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ ဖောက်ချိုးပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA, RED LIGHT RUNNING CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(င) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

ရန်ကုန်တိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မီးမလောင်ခင်သတိယှဉ် ကြိုတင်ကာကွယ်ပါ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်လေးနု(ခ) Winnie Kalay

[ကထိက(ငြိမ်း)၊ မိတ္ထီလာဆရာအတတ်သင်ကောလိပ်]
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊အမှတ် ၄၂၊ဦးကျော်လှလမ်းသွယ်(၃)၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးမောင်ကလေး၊ စိုက်ပျိုးရေးအရာရှိ၊ ရှမ်းပြည်နယ်-ဒေါ်မိမိကြီး)တို့၏သမီး၊ သာစည်မြို့၊ မြို့မရပ်နေ(ဦးတင်-ဒေါ်သန်းသန်း)ဝင်းဆေးလိပ်လုပ်ငန်းတို့၏သမီးချွေးမ၊ (ဦးဝင်းကျော်)၏ဇနီး၊ ဗိုလ်မှူးကိုကိုကြီး(ရေ) (ညွှန်ကြားရေးမှူး၊ နိုင်ငံတော်သမ္မတရုံး၊ ငြိမ်း)-ဒေါ်ညွှန့်ညွှန့်ရှိန်း၊ ဗိုလ်မှူးတော်တော်(လေ၊ ငြိမ်း)-ဒေါက်တာခင်လေးရီတို့၏ညီမ၊ ဦးမောင်မောင်ထွန်း၊ ဦးမောင်မောင်ထွေးတို့၏အစ်မ၊ ဒေါက်တာသူဇာဝင်း(ကထိက၊TU ပုသိမ်)၊ ဦးနေစိုး-ဒေါ်စန္ဒာဝင်း၊ ဦးစိုးညွှန့်နိုင်-ဒေါ်ခိုင်ဝါဝင်း၊ ဗိုလ်မှူးဝင်းကျော်လွင်(လေ၊ ငြိမ်း) (Air Bagan Ltd.)-ဒေါ်ကြိုင်နုဝင်း၊ ဦးသန့်ဇင်ဝင်း-ဒေါ်သစ်သစ်၊ ဦးအောင်အောင်ဟိန်း-ဒေါ်မြတ်မဥ္ဇူမျိုးတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂-၄-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၅နာရီတွင် SSC အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၈-၄-၂၀၂၃ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်စမ်းစမ်းအေး (B.Com, C.P.A)

ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
အသက်(၅၁)နှစ်

(ဦးတင်အောင်ကြည်-ဒေါ်လှခင်)တို့၏သမီး၊ လက်ပံတန်းမြို့နေ ဦးမြအောင်-ဒေါ်ခင်အေးမြင့်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တည်းကုန်းအိမ်ရာ၊ တိုက်အမှတ် ၅၊ အခန်းအမှတ် ၃၀၂နေ ဦးကိုကိုနိုင်(အဖွဲ့ခွဲမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး)၏ဇနီး၊ မဝင့်ရည်မွန် (House Officer)၊ မမြတ်မိုကိုကို (Final Part II ၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ မဝင့်ရွှေရည်အိမ် (G-10, အထက-၂၊ မင်္ဂလာဒုံ)တို့၏မိခင်သည် ၂-၄-၂၀၂၃ရက် (အင်္ဂါနေ့) ည ၁၀း၃၅နာရီတွင် မဟာမြိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ယွန်းယွန်းဖူးငုံ(ခ)ငယ်လေး

သမီး အချိန်မတိုင်ခင် ခွဲခွာသွားတဲ့အတွက် အရမ်းဝမ်းနည်း ကြေကွဲရပါတယ်။ နောက်ဘဝမှာ သက်ဆုံးတိုင်နေထိုင်ရပြီး သမီးချစ်တယ်ဆိုတဲ့ "သူ" နဲ့ ပေါင်းရပါစေ။

ဗိုလ်မှူးဆလိုင်းအောင်မြင့်(ငြိမ်း) မမပိတောက်
လင်းလက်ကျော်၊ သက်နှင်းသဇင်

ဝမ်းနည်းကြေကွဲခြင်း

ယွန်းယွန်းဖူးငုံ(ခ)မီးငယ်

အသက်(၃၂)နှစ်

ချစ်ရပါသော မီးငယ်ရေ မမျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာသွားရတဲ့အတွက် အရမ်းပဲ ဝမ်းနည်းကြေကွဲရပါသည်။ ဤအဖြစ်အပျက်မျိုး နောင်ဘယ်လိုဘုံဘဝမှ မကြုံရပါစေနှင့်။ ကောင်းရာဘုံဘဝမှာ အေးချမ်းစွာအနားယူပါတော့။

အီးမေ၊ ဒေါ်လေးရီ၊ ဒေါ်လေးကြည်၊
အန်တီသီတာ၊ အန်တီတူးမာ၊ မမိုး၊
ကိုအောင်ငဲ

ဝမ်းနည်းကြေကွဲခြင်း

ယွန်းယွန်းဖူးငုံ(ခ)မီးငယ်

အသက်(၃၂)နှစ်

ချစ်ရပါသော မီးငယ်ရေ မမျှော်လင့်ဘဲ ရုတ်တရက်ခွဲခွာသွားရတဲ့အတွက် အရမ်းပဲ ဝမ်းနည်းကြေကွဲရပါသည်။ ဤအဖြစ်အပျက်မျိုး နောင်ဘယ်လိုဘုံဘဝမှ မကြုံရပါစေနှင့်။ ကောင်းရာဘုံဘဝမှာ အေးချမ်းစွာအနားယူပါတော့။

မိုးသီတာ၊ မိုးပိတောက်၊ မိုးသပြေ၊
မိုးရွက်ဝါ၊ မရှင်မိုး၊ မိုးညီညီထွန်း

ဒေါ်ခင်ထွေး(ခ)ပိုးပိုး

(စစ်တွေ)
အသက်(၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ၃လမ်း (A)၊ တိုက် ၆၊ အခန်း ၁၀၁နေ (ဦးခင်မောင်ကြီး-ဒေါ်စံမိုးသူ)တို့၏သမီးထွေး၊ ဦးကုဏ္ဍလ (ဓာတ်လယ်ကျောင်း၊ စစ်တွေ)၏ဇနီး၊ (ဒေါ်မရှင်)၊ (ဦးမောင်သာအောင်)၊ ဒေါ်ခင်လှ၊ (ဦးအောင်ကျော်ဇော)၊ ဒေါ်စန္ဒာသီရိ(ရခိုင်ကျောင်း၊ပုလဲ)တို့၏ညီမ၊ ဦးသန်းဝင်း(ရေတပ်)-ဒေါ်နီလာခိုင်၊ (ဦးအောင်ကျော်ငြိမ်း)၊ ဒေါ်ကျော့ကျော့ခိုင် (စာစစ်ရုံး၊ လသာ)-ဦးမောင်ဖြူ(သတင်းတပ်ဖွဲ့၊ ဒဂုံမြို့နယ်၊ တာဝန်ခံ)၊ ဦးသန်းထွန်းအောင်၊ ဦးစောရွှေထွန်း(ခေတ္တ-USA)၊ ဦးအောင်ချေ (တံတားအထူးအဖွဲ့-၁၂)-ဒေါ်မအေးလှတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘောင်ရှင်သည် ၂-၄-၂၀၂၃ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၄-၂၀၂၃ရက် ညနေ ၃နာရီတွင် ကျိုက်စုအအေးတိုက်မှ ကျိုက်စုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီ ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတိုးအောင်

(အမျိုးသားရေကူးကန်၊ ငြိမ်း)
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ရန်ကြီးအောင်လမ်းမကြီး၊ အမှတ် ခ/၇၁၁နေ (ဦးဖိုးစီ-ဒေါ်ထွေး)တို့၏သား၊ (ဦးညွှန့်အောင်-ဒေါ်ညို)တို့၏သားသမက်၊ ဒေါ်မြစိန်၊ဦးထွန်းရီ-ဒေါ်တင်လှ၊ (ဦးမြင့်ဆွေ)-ဒေါ်တင်တင်တို့၏မောင်၊ ဦးမောင်ဆန်း (unitean)-ဒေါ်နီနီစိုးတို့၏အစ်ကို၊ ဦးလှမိုးအောင် (J/E Lizstar Shipping Co., Ltd.)-ဒေါ်မြတ်သီရိအောင်၊ (မသင်းသင်းအောင်)၊ ကိုအောင်ခင်စိုး၊ မအေးအေးမိုး (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)တို့၏ဖခင်၊ ဒေါ်တင်အေး၏ခင်ပွန်း၊ မြေးနှစ်ယောက်၏အဘိုးသည် ၂-၄-၂၀၂၃ရက် (အင်္ဂါနေ့)နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၄-၂၀၂၃ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် မြောက်ဥက္ကလာပဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၄-၂၀၂၃ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဟန်စိန်(ခ)ဦးမောင်ချွေ

(ထားဝယ်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၃၈လမ်း၊ အမှတ် ၂၁၆(ပထမထပ်)နေ (ဦးအာယု-ဒေါ်မိန်ကြူ)တို့၏သား၊(ဦးကြူဖိုးနိုင်-ဒေါ်အေး)တို့၏သားသမက်၊ ဒေါ်ရွှေ၏ခင်ပွန်း၊ ဦးကျင်စိန်-ဒေါ်နီနီအေး၊ဦးမောင်မောင်-ဒေါ်ထိန်ထိန်၊ ဦးဘဂျမ်း-ဒေါ်နီနီစန်း၊ ဦးဘဟန်-ဒေါ်နီနီမော်၊ ဦးကျော်ဇင်-ဒေါ်မိချို၊ ဦးမောင်မောင်သန်း-ဒေါ်သူဇာတင်တို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၃-၄-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ၁း၂၀နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၃ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေး ကွမ်တုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အမာ (မိုးကုတ်မြို့)

အသက်(၈၀)

မိုးကုတ်မြို့၊ ရှမ်းစုရပ်နေ (ဦးထွန်းရှိန်-ဒေါ်သိန်းမိ)တို့၏သမီး၊ (ဦးဘချစ် - ဒေါ်အုန်းမြင့်)တို့၏သမီးချွေးမ၊ (ဦးစံကျော်)၏ဇနီး၊ (ဦးအောင်ကျော်-ဒေါ်သိန်းသိန်း)တို့၏အစ်မ၊ ကိုမင်းဟန်-မခင်စန်းထွေး၊ ကိုဌေးမြင့်-မခင်ဝါဝါတို့၏ကြီးကြီး၊ မောင်အောင်ပိုင်ဖြိုး၊ မောင်ဘုန်းမြင့်စံတို့၏ဘွားဘွား၊ အမှတ် ၁၅/၄၊ မြေနီကုန်းကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါက်တာ CHAN DRESH-မအေးမိ(ခ)ဒေါ်ကြည်ကြည်မြင့်တို့၏မိခင်သည် ၂-၄-၂၀၂၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မိုးကုတ်မြို့နယ်အသင်း

ဒေါ်အမာ

အသက်(၈၀)

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊အမှတ် ၁၅/၄၊ ကျောင်းလမ်း၊ မြေနီကုန်းနေ Dr. Chan Dresh-ဒေါ်အေးမိ(ခ)ဒေါ်ကြည်ကြည်မြင့်တို့၏မိခင်သည် ၂-၄-၂၀၂၃ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ ကျောင်း
ဒါယကာကြီး

ဦးဇော်ဝင်း

(ဒုအရာခံဗိုလ်၊ ရုံးအုပ်၊ ငြိမ်း)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၁၂၃၁နေ ဒေါ်တင်တင်ရွှေ၏ခင်ပွန်း၊ဦးမောင်မောင်-(ဒေါ်မြရီ)၊ဦးလှမြင့်-(ဒေါ်မြင့်မြင့်)၊ ဦးဝင်းမြင့်အောင်-ဒေါ်အေးညို၊ ဦးမြဆွေ-ဒေါ်အုန်းသင်၊ ဦးမောင်နီ-ဒေါ်သန်းသန်းချစ်၊ ဒေါ်ခင်သန်းနွဲ့ရည်တို့၏ညီ/အစ်ကို၊ ဦးချိုဝင်း-ဒေါ်ထားထားဇော်၊ (ဒေါ်ကြည်ကြည်ဇော်)၊ ဦးအောင်ကျော်မိုး-ဒေါ်ကေသီဇော်၊ ဦးကံထူးမောင်-ဒေါ်သီတာဇော်၊ ဦးတင်ကျော်မိုး - ဒေါ်လှမြတ်ဇော်တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂-၄-၂၀၂၃ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၃ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကား နံနက် ၁၀း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တအာဒိစ္စ

သာသနာ့ဓဇမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
ပျဉ်းမပင်(သုဓမ္မာ)ပဝါရဏာဂိုဏ်းကြီး၏နာယက
သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု ကိုးလုံးကွင်းကျေးရွာ၊ ကိုးလုံးကွင်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအာဒိစ္စသည် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်) ၂-၄-၂၀၂၃ရက် (အင်္ဂါနေ့) ညနေ ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၀ရက်) ၂၀-၄-၂၀၂၃ရက်(စနေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကိုးလုံးကွင်းသုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပန သဘင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ
ကိုးလုံးကွင်းပရိယတ္တိစာသင်တိုက်

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တခေမိန္ဒ

သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၄၄)ဝါ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်မင်္ဂလာကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တခေမိန္ဒ မဟာထေရ်မြတ်ကြီးသည် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၇ရက်) ၂-၄-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၇း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၆-၄-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် အန္တိမအဂ္ဂိစျာပန တေဇောဓာတ်ပူဇော်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဆွေမျိုးတပည့် ဒါယကာ၊ ဒါယိကာမများ အပူဇော်ခံနိုင်ရန် အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ
အောင်မင်္ဂလာကျောင်းတိုက်(ကလေးမြို့)

ဦးကျော်မင်းသန့်(ခ)ဦးလှသန်း (သာယာဝတီ)

(ပညာရှာ အင်္ဂလိပ်စာနည်းပြဆရာ)
အသက်(၇၃)နှစ်

ဟင်္သာတမြို့ [အထက(၁)၊ အငြိမ်းစားကျောင်းအုပ်ကြီး ဦးကျော်ငြိမ်း-ဒေါ်ခင်နု]တို့၏သားထွေး၊ (ဒေါ်အေးမြင့်)၊ (ဦးတင်လှ)၊ (ဦးမြတ်သန်း၊ သာပေါင်းမြို့နယ်၊ ပညာရေးမှူး၊ ငြိမ်း)တို့၏ညီ/မောင်၊ ကိုမင်းနိုင်-မနီနီယဉ်၊ ကိုစိန်ဝင်း-မတင်မာမာလှသန်း(ခ)မစူး၊ ကိုသူရသန်း-မသင်းသင်း၊ မောင်မင်းသီဟတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်မူမူခင်(အထက်တန်းပြ၊အထက၊ စံရွှေး၊ သာယာဝတီ)၏ခင်ပွန်းသည် ၃၁-၃-၂၀၂၃ရက် (တနင်္ဂနွေနေ့) ည ၇နာရီတွင် သာယာဝတီမြို့၊ ဆရာစံမြို့သစ်၊ အောင်သုခလမ်းသွယ်(၃)လမ်းရှိ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၂၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် သာယာဝတီ ထောင်ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်အေးကြည်(နောင်ပတ္တရာ)

ကြည့်မြင်တိုင်
အသက်(၉၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်၊ အနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၂၅၃နေ [ဦးအင်ဂျောက်(ခ)ဦးကျော်ညွှန့်]၏ဇနီး၊(ဦးသိန်းမောင်-ဒေါ်စိန်ရင်)တို့၏သမီး၊ (ဦးကြာပွင့်-ဒေါ်ချစ်မေ)တို့၏သမီးချွေးမ၊ ဦးနေဝင်း-ဒေါ်ခင်မြင့်သန်း၊ ဒေါ်မြသိန်း(ခ)မိုးကျော်၊ ဒေါ်မြဝင်း၊ (ဒေါ်မြစိန်)၊ ဦးနေလင်း-ဒေါ်ကြည်ကြည်မြင့် (သုခချမ်းသာ သင်္ချိုင်းတိုက်)တို့၏ မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂-၄-၂၀၂၃ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့)တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်မြ(ခ)ရှာအွန်နာ

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် ၁၃၅နေ [ဦးခေါကျင်စီ(ခ)ခေါရှာကျန်လု-ဒေါ်ဂေါ်အော်လျက်]တို့၏သမီး၊ [ဦးယွန်တိတ်ရှု(ခ)ဦးစောလွင်]၏ဇနီး၊ ဒေါ်ပို့ပို့၊ ဦးဟုတ်ကြိမ်-ဒေါ်တင်တင်၊ ဦးတင်အောင်-ဒေါ်ရင်ရင်အေး၊ ဦးတင်သန်း-ဒေါ်စိန်ကြည်ဝင်း၊ ဦးသိန်းနိုင်-ဒေါ်လှျောက်ရင်၊ ဒေါ်တင်ဝင်း၊ ကိုလှစွမ်-ဒေါ်ပိုလန်၊ ဦးသိန်းညွှန့်(ခ)ကိုအာရော-ဒေါ်မြမြစိမ်း(ခ)မငယ်ငယ်တို့၏မိခင်၊မြေး ၁၈ယောက်၊မြစ်သုံးယောက်တို့၏အဘွားသည် ၃-၄-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၃ရက် (သောကြာနေ့)နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ကျင်မွေ့(ခ)
ဒေါ်စန်းစန်းခိုင်

အသက်(၅၃)နှစ်

လပွတ္တာခရိုင်၊ ကန်ဘက်မြို့နေ (ဦးတင်ဝမ် - ဒေါ်တရုတ်မ)တို့၏သမီး၊ (ဦးသန်းမောင်)-ဒေါ်တင်စိန်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ် ၅၇၊ စက်တွင်းလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်နေ ဦးသန်းဝင်း (စက်နှင့်အပိုပစ္စည်းဆိုင်)၏ဇနီး၊ မောင်ရန်ငြိမ်းကျော်၊ မပုလဲနွယ်ဦးတို့၏မိခင်သည် ၂-၄-၂၀၂၃ရက် (အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်မြို့ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဗိုလ်မှူးတင်မြင့်သိန်း(ငြိမ်း)

အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် ၁နေ(ဦးအေးအောင်၊ အထွေထွေမန်နေဂျာ၊ မြန်မာ့ကုန်တိုက်)-ဒေါ်ခင်စု (အထပြ၊ ငြိမ်း၊ မင်္ဂလာတောင်ညွန့်၊ အထက-၄)တို့၏သား၊ သုဝဏ္ဏနေ ဦးညွှန့်ဆွေ - ဒေါ်စန်းစန်းရီတို့၏သားသမက်၊ ဗိုလ်ကြီးရီရီဆွေ(ငြိမ်း၊ တဆရ ၂၊ ၅၀၀)၏ခင်ပွန်းသည် ၂-၄-၂၀၂၃ရက်(အင်္ဂါနေ့) ည ၁၁နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၃ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ဒုတိယသမ္မတ ဦးညဏ်ထွန်း ပြည်ဝင်စနစ်မူဝါဒ ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ဝင်ဗီဇာ လွယ်ကူစွာထုတ်ပေးနိုင်ရေးသည် အရေးပါသောလုပ်ငန်းတစ်ရပ်ဖြစ်

နေပြည်တော် ဧပြီ ၃

နိုင်ငံတော်တွင် ကျယ်ပြန့်သော စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပြည်သူဗဟိုပြု လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို ရုပ်လုံးဖော်လျက်ရှိရာ စီးပွားရေးလုပ်ငန်းများအတွက် တန်းတူယှဉ်ပြိုင်ခွင့်နှင့် ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံကောင်းများ ဖန်တီးပေးပြီး နိုင်ငံတကာအသိုင်းအဝိုင်းနှင့်ချိတ်ဆက်ကာ ဈေးကွက်စီးပွားရေးစနစ် ပုံပေါ်အောင်ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်ကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အရေးကြီးသည့် အားလုံးပါဝင်နိုင်သော စီးပွားရေးအဆောက်အအုံများပေါ်ပေါက်ပြီး ရရှိထားသည့် နိုင်ငံရေးဖြစ်ထွန်းတိုးတက်မှုများကို ပံ့ပိုးကူညီနိုင်မည့် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများလိုအပ်နေချိန်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများစီးဝင်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် အထူးစီးပွားရေးဇုန် ဥပဒေများပြဋ္ဌာန်းကာ ရင်းနှီးမြှုပ်နှံမှုများအား ဖိတ်ခေါ်လျက်ရှိရာ နိုင်ငံအတွင်း ဝင်ရောက်ရင်းနှီးမြှုပ်နှံလိုသူများ အများအပြားရှိလာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကြွယ်ဝလှသော သဘာဝအလှအပများနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကြည့်ရှုခံစားလိုကြသည့် ကမ္ဘာလှည့်ခရီးသည်များမှာလည်း တစ်နေ့တခြား များပြားလာပြီဖြစ်ပါကြောင်း၊ ထို့အပြင် မကြာမီကာလအတွင်း အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးအား အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန်ရှိခြင်း၊ စာမျက်နှာ ၉ ကော်လံ ၁ ▲

ကြော်ငြာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို(က) မှ (ဃ) အထိ ပါရှိပါသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ဆိုင်းဘုတ်ကိုင်အမျိုးသမီး Volunteer များအဖြစ် ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်ကမ်းလှမ်း

စာမျက်နှာ ၁၂ တွင် ဖတ်ရှုနိုင်ပါသည်။

အာဆီယံအကောင်းဆုံးဘောလုံးသမားဆု ကြည်လင်းရရှိ

အာဆီယံဘောလုံးသမားများထဲမှ ပရိသတ်များ ရွေးချယ်သည့် ၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံးကစားသမားဆုကို မြန်မာ့လက်ရွေးစင်ကစားသမားကြည်လင်း ရရှိသွားခဲ့ကြောင်း Goal ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ တိုက်စစ်မှူးကြည်လင်းသည် ရမှတ် ၅၀ ကျော်ဖြင့် ပထမနေရာကို ရရှိခဲ့ခြင်းဖြစ်ပြီး ၎င်း၏ နောက်တွင် ဖိလစ်ပိုင်နိုင်ငံမှ ဘယ်တောင်ပံကစားသမား ကလီဒေါင်က ရမှတ် ၃၀ ကျော်ဖြင့် ဒုတိယရရှိခဲ့ခြင်းဖြစ်သည်။

၂၀၀၄ ခုနှစ်ကတည်းက ဖိလစ်ပိုင် လက်ရွေးစင်အသင်းတွင် ပါဝင်ကစားခဲ့သည့် အသက် ၃၀ ရှိပြီဖြစ်သော တောင်ပံကစားသမား ကလီဒေါင်သည် လက်ရွေးစင်အသင်းနှင့်အတူ ၁၆ ဂိုး သွင်းယူပေးနိုင်ခဲ့ပြီးဖြစ်သည်။ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် နောက်ဆုံးအဆင့် ရွေးချယ်မှုတွင် လေးနိုင်ငံမှ ကစားသမားလေးဦး ပါဝင်ပြီး မြန်မာမှ စာမျက်နှာ ၉ ကော်လံ ၇ ●

နယူးရေးဒီးယန့်အသင်းဘက်သို့ ရန်ကုန်အသင်းထိုးဖောက်တိုက်စစ်ဆင်နေစဉ်။

စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များ ဒေသခံပြည်သူများ၏ အကျိုးစီးပွားအတွက် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီ

သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၁၃)

၁၃၇၄ ခုနှစ်၊ တပေါင်းလဆုတ် ၈ ရက်

(၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက်)

၁။ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီသည် စုံစမ်းစစ်ဆေးရေးကော်မရှင်က အကြံပြုခဲ့သည့် "ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ လေ့လာတွေ့ရှိသော အားနည်းချက်များကို ပြုပြင်စေကာ နိုင်ငံတော်၏ အကျိုးစီးပွား၊ ဒေသခံလူထု၏ အကျိုးစီးပွား၊ အနာဂတ်မျိုးဆက်အတွက် အကျိုးစီးပွားတို့ကို ပြည့်ဝစွာရရှိစေရန် အစီအမံများ ချမှတ်ပြီး စီမံကိန်းကို ဆက်လက်ဆောင်ရွက်စေမည့်နည်းလမ်း"အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မတီအနေဖြင့် လုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိရာ (၃-၄-၂၀၁၃)ရက်နေ့အထိ ဆောင်ရွက်ပြီးစီးမှုများကို ထုတ်ပြန်ကြေညာအပ်ပါသည်။

၃။ စီမံကိန်းအတွက် သိမ်းဆည်းထားသော မြေပမာဏသည် လိုအပ်သည်ထက် ပိုမိုသိမ်းဆည်းခြင်း ရှိ/မရှိ သိမ်းဆည်းလယ်ယာမြေများ စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး မြေတိုင်းတာရေးအဖွဲ့များဖြင့် ပြန်လည်တိုင်းတာစိစစ်ခဲ့ရာ အောက်ပါအတိုင်း စိစစ်ရရှိခဲ့ပါသည်-

- (က) မူလသိမ်းဆည်းခဲ့သော မြေဧရိယာ ၇၈၆၇.၇၈ ဧက
- (ခ) တိုင်းတာတွက်ချက်ပြီးအနည်းဆုံး ၆၉၆၅.၅၄ ဧက ဆောင်ရွက်နိုင်မည့်စီမံကိန်းလုပ်ငန်း ဧရိယာ
- (ဂ) စီမံကိန်းမှ ပြန်လည်ထုတ်နုတ်ပေး ၉၀၂.၂၄ ဧက နိုင်မည့် မြေဧရိယာ

၄။ ကြေးနီစီမံကိန်းတွင် မြေသိမ်းဆည်းခံထားရသော ဒေသခံလူထုအတွက် မြေလျော်ကြေးထပ်မံပေးအပ်ရာတွင် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်အတိုင်း လယ်မြေ/ယာမြေအလိုက် စိစစ်ပေးအပ်လျက်ရှိရာ စာမျက်နှာ ၈ ကော်လံ ၁ ○

ရန်ကုန်အသင်း သုံးပွဲဆက်နိုင်ပွဲရ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် ဧပြီ ၃

၂၀၁၃ AFC Cup ဘောလုံးပွဲစဉ်အုပ်စု တတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ယှဉ်ပြိုင်ကစားရာ ရန်ကုန်ယူနိုက်တက်အသင်းက မော်လ်ဒိုက်ကလပ် နယူးရေးဒီးယန့်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ရန်ကုန်အသင်းမှ သုံးပွဲဆက်နိုင်ပွဲရယူပြီး အုပ်စုတက်ရန် အခြေအနေကောင်းသွားခဲ့ပြီဖြစ်သည်။ ၁၇ မိနစ်တွင် ကိုနေးအဒမ်မာ ဂိုးစတင်သွင်းယူခဲ့ပြီး သုံးပွဲဆက်တိုက် ဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းအတွက် ဒုတိယဂိုးကို ၁၈ မိနစ်တွင် အောင်မိုးက ဂိုးသမားကို လိမ်ကာသွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု (F)တွင် ရန်ကုန်အသင်းက သုံးပွဲကစား သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုကိုဦးဆောင်နိုင်ပြီး နယူးရေးဒီးယန့်အသင်းက နှစ်ပွဲနိုင် တစ်ပွဲရှုံး ခြောက်မှတ် ရရှိထားသည်။ ယမန်နေ့က ယှဉ်ပြိုင်ကစားသော အုပ်စု (G) တွင် ဧရာဝတီအသင်းက မော်လ်ဒိုက်ကလပ် မာဇီးယာအသင်းကို အဝေးကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ဧရာဝတီအသင်းမှာ သုံးပွဲကစား သုံးပွဲရှုံးနိမ့်ထားသည်။